ကြေးမှန်

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ ကြာသပတေးနေ့၊ (26-2-2015) (စာ၁၂စ)

> မိမိတို့အစိုးရအဖွဲ့ဟာ တိုင်းပြည်အတွက် လုပ်ငန်းတွေ နေ့စဉ်နေ့တိုင်းလုပ်ကိုင်နေကြရတာမှာ အချိန်အားရတယ်မရှိဘူး။ တချို့ကိစ္စတွေဟာ တိုင်းပြည်မှာ ဖြစ်နေကြရတာက ဟိုကတစ်မျိုး ဒီကတစ်ဖုံဆိုတာလိုဖြစ်တော့ ဆန်စင်ရာ ကျည်ပွေ့မလိုက်နိုင်ဘူး။ ဒီတော့ မိမိတို့အစိုးရအဖွဲ့မှာ တကယ့်အခက်အခဲတွေထဲမှာ အလုပ်လုပ်နေရတော့ တချို့နေရာမှာ မအောင်မြင်တာလေးတွေလည်း ရှိတယ်။ အောင်မြင်တာတွေလည်းရှိတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့ သတင်းစာဆရာများနှင့် ဆွေးနွေးပွဲတွင် ပြောကြားချက်မှ ကောက်နုတ်ချက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေ ၄နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိမိုးလုံလေလုံ အားကစားရုံ(ဘီ)နှင့် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပသော အမျိုးသားအားကစားပွဲတော်အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်သမ္မတနှင့်အတူ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ဝဏ္ဏသိဒ္ဓိမိုးလုံလေလုံအားကစားရုံ(ဘီ)၌ ကျင်းပသည့် ပိုက်ကျော်ခြင်းအမျိုးသား(၃)ယောက်တွဲ အဖွဲ့လိုက် ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတသည် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပသော ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်ဘောလုံးအသင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးဘောလုံးအသင်းတို့ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့●

တိုက်ပွဲရှောင်ပြည်သူများ လောက်ကိုင်မြို့အတွင်းသို့ ပြန်လည်ဝင်ရောက်အခြေပြုနေထိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

လောက်ကိုင်ဒေသတွင် ဖေဖော်ဝါရီ ၉ ရက်မှစ၍ တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူအဖွဲ့များ တိုက်ပွဲများဖြစ်ပွားခဲ့သဖြင့် လောက်ကိုင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများသည် တစ်ဖက်နိုင်ငံနယ်စပ်နှင့် လားရှိုးမြို့များသို့ တိမ်းရှောင်ရွှေ့ပြောင်းခဲ့ကြသည်။

ယခုအခါ တပ်မတော်စစ်ကြောင်းများ၏ နယ်မြေရှင်းလင်းဆောင်ရွက်မှုများကြောင့် လောက်ကိုင်မြို့အတွင်း ပြန်လည်တည်ငြိမ်အေးချမ်းစပြုလာပြီဖြစ်၍ ဖေဖော်ဝါရီ ၂၄ ရက်တွင် တိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၂၃၄ စု၊ လူဦးရေ ၅၁၈ ဦးတို့သည် လောက်ကိုင်မြို့သို့ ပြန်လည်နေထိုင်လျက်ရှိသည်။ အဆိုပါ တိုက်ပွဲရှောင်ပြည်သူများအား ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး စောမြင့်ဦး ဦးဆောင်၍ လောက်ကိုင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ခရိုင်ရဲမှူးကြီး ကောင်းထက်နိုင်နှင့် မြို့မိမြို့ဖများဖြစ်ကြသော ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးကျောက်တယ်ချမ်း၊ ကိုးကန့်လူမှုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ကိုးကန့်လူငယ်အဖွဲ့ ဦးခင်မောင်လွင်တို့က နွေးထွေးစွာကြိုဆိုမှုများ ပြုလုပ်ခဲ့ပြီး ၎င်းတိုက်ပွဲရှောင်ဒုက္ခသည်များအား

စာမျက်နှာ ၁၂ ကော်လံ ၁ သို့■

ပညာရေးလှိုင်း ထန်ထစေ

စာမျက်နှာ - ၆

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့က အကြံပြုချက်များပေးပို့

စာမျက်နှာ - ၇

ကြေးမုံ့စာတည်းရှေ့ ၂၆-၂-၂၀၁၅၊ ကြာသပတေးနေ့

မီးဘေးရှောင်မလောင်ခင်တား

"မီးဘေးရှောင် မလောင်ခင်တား" ဆိုစကားရှိသည်။ ယခုလိုနွေဦးကာလတွင် မီးလောင်လွယ်သည့် အရာဝတ္ထုပစ္စည်းများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းခြင်း၊ မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ထားခြင်း တို့အား စည်းကမ်းတကျဆောင်ရွက်ထားခြင်းမရှိဘဲ ပေါ့ပေါ့ဆဆ သတိမမူမိပါက တစ်မြို့တစ်ရွာအထိ အန္တရာယ်ဖြစ်စေနိုင်သည်။

ပွင့်လင်းရာသီယခုကာလ၌ ပတ်ဝန်းကျင်ခြောက်သွေ့ကာ အပူချိန်မြင့်တက်လာသည်။ ပြီးခဲ့သည်နှစ်ကို အပူဆုံးနှစ်ဟု ပညာရှင်များက သတ်မှတ်ခဲ့သည်။ ယခုနှစ်လည်း ပို၍ပူမည်လောဟု စိုးရိမ်ပူပန်ရသည်။ အပူရှိန်လွန်ကဲ၍ မီးဘေးအန္တရာယ်ကိုပါ ထည့်တွက်ပူပန်ရသည်။ လက်တွေ့တွင်လည်း ဒေသအချို့တွင် မီးအကြီး၊ အင်ယင်လောင်ကျွမ်းမှုလည်း ရှိခဲ့သည်ကိုတွေ့မြင်ကြားသိနေရသည်။

ထိုလောင်ကျွမ်းမှုဖြစ်စဉ်များကို လေ့လာကြည့်လျှင် မီးဖိုချောင်ပေါ့ဆမှု၊ ခြင်ဆေးခွေပေါ့ဆမှု၊ လျှပ်စစ်သုံးစွဲမှုနည်းလမ်းမမှန်မှုမှ အဖြစ်အများဆုံးဖြစ်သည်ကိုတွေ့ရသည်။ နယ်ဘက်တွင် မီးဖိုချောင်နှင့် ခြင်ဆေးခွေပေါ့ဆမီးတို့ မကြာခဏဖြစ်တတ်သည်။ လျှပ်စစ်ကြောင့်ဖြစ်သော ပေါ့ဆမီးမှာ ကျေးလက်ထက် မြို့ပြက ပိုအဖြစ်များသည်ကို တွေ့ရသည်။

ယင်းတွင် တစ်နိုင်ငံလုံးလျှပ်စစ်မီးသုံးစွဲမှုက မများသေးဘဲ မြို့ပြ လူဦးရေသာ အများဆုံး သုံးစွဲနိုင်သေးသည်။ ယခုလက်ရှိတွင် ကျေးရွာပေါင်း နှစ်သောင်းကျော် လျှပ်စစ်မီးရရှိနေပြီဖြစ်သည်။ ထို့ကြောင့် လျှပ်စစ်မီးဘေးအန္တရာယ်ကို ထိုလျှပ်စစ်မီးရှိသောအရပ်များတွင်လည်း အထူးသတိထားရမည်ဖြစ်သည်။ ကျေးလက်ဟူသည်မှာ လောင်ကျွမ်းနိုင်သော လောင်စာပေါများသောကြောင့် သတိပြုသင့်သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးမှုတွင် လျှပ်စစ်မီးသည် မပါမဖြစ်အရေးကြီးသော ကဏ္ဍဖြစ်၍ လျှပ်စစ်မီးကို အကျိုးရှိအောင် စနစ်တကျသုံးစွဲတတ်ဖို့လိုအပ်ပါသည်။ လျှပ်စစ်ကို မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက်သာမက လောင်စာစွမ်းအင်ချွေတာရေးအတွက်လည်း ဂရုစိုက်သင့်သည်။ နေ့အလင်းရောင်ရှိပါလျှက် မလိုအပ်ဘဲသုံးစွဲခြင်းမဖြစ်ဖို့လိုသည်။

လျှပ်စစ်မီးကို လိုအပ်သလောက်ချွေတာသုံးစွဲရန်လိုအပ်သလို စနစ်တကျ အသုံးပြုပြီး မပေါ့ဆဖို့လည်းလိုသည်။ တစ်နေရာက ပေါ့ဆလိုက်သည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံး ဒုက္ခကြုံတွေ့နိုင်သည်။ အထူးသဖြင့် လူဦးရေ အင်မတန်များသော ရန်ကုန်မြို့တော်ကြီးတွင် နွေရာသီကာလရောက်သည်နှင့် မီးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများဖြစ်တတ်သည်။ ထို့ကြောင့် မည်သည့်မီးကိုမဆို မလောင်ခင်က ကြိုတင်ကာကွယ်တားဆီးကြရမည်ဖြစ်သည်။

၁၉၅၈ ခုနှစ်က တည်ဆောက်ခဲ့သော ရန်ကုန်မြို့၏ တိုးချဲ့မြို့များဖြစ်သော သာကေတ၊ ဥက္ကလာပစသည့်မြို့များတွင် မြို့ပြအင်္ဂါရပ်များနှင့်အညီ ရပ်ကွက်တိုင်းတွင် ရပ်ကွက်လမ်းအချက်အချာကျသောနေရာ၌ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများ၊ မီးသတ်ကားဝင်ရန်လမ်းများ၊ မီးငြိမ်းသတ်ရေးရေလှောင်ကန်ကြီးများ၊ တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက်ကြား၊ တစ်လမ်းနှင့် တစ်လမ်းကြား "မီးတားကွက် အကြီးအငယ်များ" ရှိခဲ့သည်မှာ ထိုစဉ်က မီးဘေးကာကွယ်ရေးအတွက် အမြော်အမြင်ရှိရှိ ကြိုတင်ဆောင်ရွက်ချက်များပင်ဖြစ်သည်။ သို့သော် အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ ထိုကောင်းမွန်သော ဆောင်ရွက်ထားမှုများ လျော့နည်းပျောက်ကွယ်နေပြီဖြစ်သွားခဲ့သည်။ မီးတားမြေများ၊ မီးသတ်ရန်လမ်းများမှာ အသွင်ပြောင်းပုံစံဖြစ်ခဲ့သည်။

မီးတားမြေဟူသည်မှာ "မီးဘေးရှောင် မလောင်ခင်တား"ဆိုသည့် ဆောင်ပုဒ်ကို ထိထိရောက်ရောက် အသုံးချနိုင်ရန် ဖန်တီးထားခြင်းဖြစ်သည်။ မြို့ပြတည်ထောင်သူများ၏ အမြော်အမြင်ကြီးမားသည့် စီမံနိုင်မှုလည်းဖြစ်သည်။ မြို့ပြအင်္ဂါရပ်တွင် မရှိမဖြစ်လိုအပ်သော နေရာများမှာ ပျောက်ကွယ်ရန်မသင့်ပါ။ မည်မျှပင်လူဦးရေ တိုးပွားလာသည်ဖြစ်စေ မြို့ပြအင်္ဂါရပ်ကို မပျောက်ကွယ်အောင် ထိန်းသိမ်းသင့်ပါသည်။ အထူးသဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုအပ်ချက်များကို ဆက်လက်ထိန်းသိမ်းရန်ကျွန်ုပ်တို့ နိုင်ငံသားအားလုံးတွင် တာဝန်ရှိပါသည်။ ။

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး ပထမနေ့ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံယာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး ပထမနေ့ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံယာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်ဗဟို သံယာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး၏ ဩဝါဒါစရိယဆရာတော်ကြီး ငါးပါးကို တင်မြှောက်တော်မူသည်။

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော်ဗဟို သံယာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက)က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ(အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံးက သာသနာ့ဝန်ထမ်းလောကသား၊ ဝုဏ္ဏိဘဝတု သဗ္ဗဒါစသော ဂါထာကို တစ်ညီတစ်ညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူသည်။ အစည်းအဝေး ကျင်းပမည့် ၁၃၇၆ ခုနှစ် တပေါင်းလဆန်း(၈၊၉၊၁၀) ရက် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၅၊၂၆၊၂၇ ရက်များတွင် ကျင်းပမည်ဖြစ်ကြောင်းလျှောက်ထားပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကထာကို ဘဒ္ဒန္တစန္ဒောဘာသ (မဟာဂန္ဓဝါစကပဏ္ဍိတ)၊ ဘဒ္ဒန္တမနိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တပညာနန္ဒ (အဂ္ဂမဟာ ဂန္ဓဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ ဘဒ္ဒန္တသူရဓဇ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တဣန္ဒနှက ဆရာတော်များက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ကိုယ်စား ဩဝါဒကထာများကို ဖတ်ကြား ချီးမြှင့်တော်မူသည်။

ထို့နောက် အစည်းအဝေး သဘာပတိ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို ချီးမြှင့်တော်မူပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များနှင့် ဘွဲ့အမည်စာရင်းကို တင်သွင်းပြီး တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာ အကျဉ်းကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝေပုလ္လ(အဂ္ဂမဟာဂန္ဓဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာကိစ္စများကို တင်သွင်းလျှောက်ထား၍ နံနက်ပိုင်း အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် သက်ဆိုင်ရာ ဆရာတော်များက တင်သွင်းလျှောက်ထားသည်။

ထို့နောက် တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင် ဆရာတော်များအတွက် သံဝေဂဥာဏ် ပွားတော်မူကြောင်း မှတ်တမ်းတင်ပြီး အစည်းအဝေး ပထမနေ့ကို ရုပ်သိမ်းလိုက်သည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား(စန္ဒိပရဆေးမိသားစု)ကတစ်နေ့တာဆွမ်းဆက်ကပ် လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးပဒေသာပင်လှူဒါန်း

မန္တလေး ဖေဖော်ဝါရီ ၂၅

လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရင်း ဒဏ်ရာရှိ၍ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) ပြင်ဦးလွင်တွင် တက်ရောက်ကုသနေကြသော တပ်မတော်သားများအားကုသရန် ရန်ကုန်မြို့ ဒဂုံမြို့နယ် KTZ CO; Ltd မှ မန်နေဂျင်း ဒါရိုက်တာ ဦးကျော်သိန်းဇံနှင့် ကုမ္ပဏီဝန်ထမ်းများက လှူဒါန်းသောတန်ဖိုးငွေကျပ် ၂၄၅၀၀၅၀ ရှိ ဆေးနှင့် ဆေးပစ္စည်းကိုးမျိုးပါ ဆေးပဒေသာပင်လှူဒါန်းပွဲကို အဆိုပါဆေးရုံကြီးတွင် ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပရာအမှတ် (၁) တပ်မတ်ဆေးရုံ (ခုတင်-၇၀၀) မှတပ်မှူး ပိုလ်မှူးကြီး/ ပိုလ်မှူးချုပ် မျိုးသန့်က လက်ခံရယူခဲ့သည်။ **အောင်သူရ**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်	ရွှေဈေး	၆၇၇၅၀၀	-	၆၇၈၅၀၀
မန္တလေး	ရွှေဈေး	၆၇၇၅၀၀	-	၆၇၈၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၆၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၈၅၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၅၈၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၇၇၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၀၂၇.၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၁၆၅.၂
(ဂ)	တရုတ်	တစ်ယွမ်	=	၁၆၄.၁၉
(ဃ)	ထိုင်း	တစ်ဘတ်	=	၃၁.၅၆၁
(င)	မလေးရှား	တစ်ရင်းဂစ်	=	၂၈၃.၃၅
(စ)	အိန္ဒိယ	တစ်ရုပီး	=	၁၆.၅၃၅
(ဆ)	ဂျပန်	တစ်ရာယန်း	=	၈၆၄.၄၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉.၂.၉၅၀
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၈၀၆.၇၉
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၅၆.၉၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၂-၂၀၁၅ရက် ကြေးမုံသတင်းစာ၊ စာ-၁၄၂ ပိုလ်ကြီးကျော်သူ ထွန်း-မခင်ယွန်းယွန်းတို့၏ မင်္ဂလာညီခံပွဲ ကျေးဇူးတင်လွှာကြော်ငြာတွင် [၂၁-၂-၂၀၁၄ရက် Kandawgyi Palace Hotel (Mingalar Hall)တွင် ကျင်းပပြုလုပ်သော]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ဌေးဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

မှတ်ပုံတင်ပျောက်ဆုံးကြောင်းနှင့် တွေ့ရှိပါက ပြန်လည်ပေးပို့ရန် အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ လွယ်အံကျေးရွာအုပ်စု၊ အင်းပြင်ကျေးရွာနေ ကျွန်တော် ဦးထူးဝေမင်း၏ [၁၃/ကလန(နိုင်)၀၆၂၅၃၄] မှတ်ပုံတင်ကတ် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန် ကြေညာအပ်ပါသည်။

ဦးထူးဝေမင်း[၁၃/ကလန(နိုင်)၀၆၂၅၃၄]

ရှေထိပ်တန်း ရောင်းသာ(ဇနီးဥ)
ရှေ၀က်တော် နှင့် လမ်းဘုရားဈုံ (သောကြာ)
ဘလောင်းတော်ကဿပ၊ ၀စ်ကိုင်း၊ မုံရွာ(သောကြာ)
တောင်ကြီး၊ ဘင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလှိုက်ဂူ(သောကြာ)
ကျိုက်ထီးရိုး (ဇနီးဥ)
ဌေးဆောင် (သောကြာ)
ဦးလုံးဌားလက်ခံသည်
01-701015,01-710436,09-5403844,09-5044830

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် သမဝါယမကဏ္ဍ ထိရောက်အောင်မြင်အောင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဆားဗီးယားသမ္မတနိုင်ငံတို့အကြားကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရာတွင် အခြေခံသဘောတရားများနှင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများချမှတ်ရန်နှင့် တန်းတူရည်တူရှိမှု၊ အပြန်အလှန် အကျိုးစီးပွားရှိမှု သဘောတရားများအပေါ် အခြေခံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်ပါကြောင်း၊ လက်မှတ်ရေးထိုးရန် နှစ်နိုင်ငံသဘောတူညီမှု ရရှိထားပြီးဖြစ်သည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့မှလည်း သဘောတူညီထားပြီး ဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးခြင်းဖြင့် ကာကွယ်ရေးနှင့် လုံခြုံရေးမူဝါဒ၊ စစ်ဘက် စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ၊စစ်ဘက်ဆိုင်ရာပညာရေးနှင့် သင်တန်းများ၊ စစ်ဘက်ဆိုင်ရာ ဆေးပညာရပ်နှင့် တိရစ္ဆာန်ဆေးကုသမှုသိပ္ပံ စသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းနှင့် နှစ်နိုင်ငံအခွင့်ရအာဏာပိုင်များက သဘောတူသည့် အပြန်အလှန် အကျိုးစီးပွားဖော်ဆောင်ရေးဆိုင်ရာ အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြရာ လွှတ်တော်က အတည်ပြုသည်။

တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ချေးယူခွင့်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း။

ဒေါ်ခင်စန်းလှိုင်။

ဆင်းရဲနွမ်းပါးမှုကို ၁၆ ရာခိုင်နှုန်းသို့ လျော့ကျစေရေးအတွက် လည်းကောင်း၊ တောင်သူလယ်သမားများနှင့် ပြည်သူလူထု၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း ဒေါ်လာသန်း (၃၀၀) နောက်ထပ် ချေးယူပြီး ကျပ်တစ်သိန်းမှ ငါးသိန်းထိထုတ်ပေးရန်ရည်ရွယ်ချက်သည် ကောင်းမွန်ပါကြောင်း၊ သို့သော် လယ်သမားများ အားငွေထုတ်ချေးရုံဖြင့် ၎င်းတို့၏ ဘဝအခက်အခဲများ လုံးဝပြည့်စုံသည်ဟု မဆိုနိုင်ပါကြောင်းဖြင့်ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က နိုင်ငံတော်၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကြိုးပမ်းရာတွင်ပြည်သူများလိုအပ်နေသည်မှာ ငွေကြေးအရင်းအနှီးဖြစ်ပါကြောင်း၊ မွေးမြူရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးသွင်းအားစုများဝယ်ယူရန် ရင်းနှီးငွေများအားလုံးသည် သမဝါယမနှင့် မကင်းပါကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် သမဝါယမကဏ္ဍ ထိရောက်အောင်မြင်အောင်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် သမဝါယမစီးပွားရေးလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ အမှန်တကယ်အထောက်အကူပြုလျက်ရှိပါကြောင်း၊ အရင်းအနှီးမပြည့်စုံသေးမီကာလတွင် ပြည်ပချေးငွေများခွင့်ပြုပေးခြင်းဖြင့် ပြည်သူများကို အကျိုးပြုစေမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မွေးလွင်က တောင်သူများနှင့် အခြေခံလူတန်းစားတို့၏ ဘဝမြှင့်တင်လိုခြင်းသည် အပူပင်ကင်းစွာဖြင့် ဘဝဖြတ်သန်းမှုကို ရရှိစေလိုခြင်းဖြစ်ပါကြောင်း၊ ချေးငွေပေးခြင်းကို ထိရောက်သည့် ပညာပေးနည်းလမ်းများ အချိန်ယူ၍ ကြိုတင်စီစဉ်မှုမီမံချက်ချ၍ကျယ်ကျယ်ပြန့်ပြန့် မဆောင်ရွက်ဘဲ ဖြတ်လမ်းနည်းဖြင့် ငွေချေးရုံသက်သက်ဆောင်ရွက်မည်ဆိုလျှင် မှန်ကန်စွာအသုံးချတတ်သူများ အကျိုးများနိုင်သကဲ့သို့ အသုံးမချတတ်သူများအတွက် အန္တရာယ်ရှိနိုင်ပါကြောင်းဖြင့် ဆွေးနွေးသည်။

လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်စိုးက စီးပွားရေးအရ သမဝါယမစနစ်ကို အောင်မြင်ရှင်သန်အောင်ဆောင်ရွက်ခြင်းမူဝါဒသည် အလွန်သင့်လျော်ပါကြောင်း၊ သမဝါယမလှုပ်ရှားမှုများကို အချမ်းသာဆုံးနိုင်ငံများတွင် ရှင်သန်နေကြသည်ကို တွေ့မြင်နိုင်ပါကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျော့ကျရေးဆောင်ရွက်မည်ဖြစ်သည့်အတွက် ကြိုဆိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ကိုယ်စားလှယ် မန်းကံညွန့်က ချေးငွေဖြင့် ပြည်သူများအား အတိုးနှုန်းသက်သာစွာ ချေးပေးသည့်အတွက် တိုက်ရိုက်အကျိုးပြုခြင်း၊ ဆင်းရဲမှုလျှော့ချရေးအတွက် တိုက်ရိုက်အကျိုးပြုခြင်း၊ ကျေးလက်ဒေသရှိ ပြည်သူများအား လူမှုစီးပွားမြှင့်တင်ပေးနိုင်ခြင်း၊ ကျေးလက်နေပြည်သူများအတွက် ရင်းနှီးမတည်ငွေများရရှိခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ပေးနိုင်ခြင်း၊ ပြည်သူတို့၏ နေ့စဉ်စားဝတ်နေရေးအတွက် အရင်းအနှီးရရှိခြင်းတို့ကြောင့် ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြည်ပချေးငွေနှင့် နိုင်ငံတော်၏ဝင်ငွေအချိုးသည် ၃၀ ရာနှုန်းအောက်တွင်ရှိလျှင် ချေးငွေကိုဆပ်နိုင်သည့်အခြေအနေရှိပြီး နိုင်ငံအတွက်ဝန်ထုပ်ဝန်ပိုးမရှိကြောင်းကို နိုင်ငံတကာမှသတ်မှတ်ထားပါကြောင်း၊ နောက်ထပ် ဒေါ်လာသန်း (၃၀၀) ချေးယူရုံဖြင့် တိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်သည်ကိုပြောကြားလိုပါကြောင်း၊ ကြွေးမြီခံနိုင်ရည်ရှိမရှိနှင့် ပတ်သက်၍လည်း ပြည်ပကြွေးမြီဆိုင်ရာအညွှန်းကိန်းသတ်မှတ်ထားသည့်အောက်တွင်ရှိသည့်အတွက် ကြွေးမြီခံနိုင်ရည်ရှိပြီး ဝန်ထုပ်ဝန်ပိုးမဖြစ်သည်ကို ထုတ်ပြန်ခဲ့သည်ကိုတွေ့ရှိရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုသည့် ကြွေးမြီများသည် နိုင်ငံတော်မှပြန်ဆပ်ရမည်ဖြစ်ပါကြောင်း၊ ယခု ချေးယူမည့် ဒေါ်လာသန်း (၃၀၀)သည် နိုင်ငံတော်မှ တိုက်ရိုက်ပေးဆပ်ရမည့် အကြွေးမဟုတ်ပါကြောင်း၊ သမဝါယမအသင်းသားများနှင့် သမဝါယမအသင်းများက ဆပ်ရမည်ဖြစ်သည့် ဝန်ပေါ့ဖြစ်ပြီး ဝန်ထုပ်ဝန်ပိုးမဖြစ်ပါကြောင်း၊ Exchange Rate နှင့်ပတ်သက်၍လည်း ကာနိုင်ရန်နှင့် ခံနိုင်ရည်ရှိရန် ဆောင်ရွက်ထားပါကြောင်း၊ ငွေကျပ်တစ်သိန်းမှ ငါးသိန်းအထိ ထုတ်ချေးမည့် အစီအစဉ်အတွက်လည်း လူတိုင်းအားထုတ်ချေးမည်မဟုတ်ဘဲ လုပ်ငန်းအခြေအနေအရ ထပ်မံထုတ်ချေးသင့်သူများကိုသာ ထပ်မံထုတ်ချေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က သမဝါယမဝန်ကြီးဌာန၏ ချေးငွေသည် သမဝါယမဝန်ကြီးဌာန၏ အစီအမံများအရ အကောင်အထည်ဖော်မည့် ဝန်ကြီးဌာန၏ လိုအပ်ချက်အရ ရယူမည့်ချေးငွေဖြစ်ပါကြောင်း၊ ချေးငွေနှင့်ပတ်သက်၍ သမဝါယမဝန်ကြီးအနေဖြင့် ချေးငွေချေးမည့်အစီအမံများ၊ တာဝန်ယူပြန်လည်ပေးဆပ်မည့် အစီအမံများ၊ ချေးငွေမဆုံးရှုံးရန် ဆောင်ရွက်မည့် အစီအမံများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် မိမိနိုင်ငံအတွက် အကျိုးမြန်မြန် ဖြစ်ထွန်းစေမည့်ကိစ္စရပ်များ၊ ပြန်ရချက်ကောင်းမည့်ကိစ္စရပ်များတွင် စီးပွားရေးဆိုင်ရာချေးငွေကို ရယူဆောင်ရွက်တတ်ကြပါကြောင်း၊ ချေးငွေရယူမည့် ဝန်ကြီးဌာနတိုင်းသည် ချေးငွေနှင့် အကောင်အထည်ဖော်မည့်စီမံကိန်းတိုင်း၊ လုပ်ငန်းတိုင်းအားဆုံးရှုံးလေလွင့်မှုမရှိစေဘဲ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက သမဝါယမဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်လုပ်ငန်းစဉ်များ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် လုပ်ငန်းစဉ်များတွင် ပြည်သူများလိုအပ်လျှက်ရှိသည့် အရင်းအနှီးရရှိစေမည့် အသေးစား ချေးငွေလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများသည် စီမံကိန်းတွင်ပါရှိသည့် ကိစ္စရပ်များဖြစ်ပါကြောင်း၊ ပြည်သူများအတွက်အသေးစားချေးငွေလုပ်ငန်းများဆောင်ရွက်ပေးခြင်းသည် အမှန်တကယ်ကောင်းမွန်လိုအပ်သည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ သမဝါယမဝန်ကြီးဌာနသည် နိုင်ငံတော်ကိုယ်စား ၊ သမဝါယမအသင်းသားများ ပြည်သူများလူမှုဘဝဖွံ့ဖြိုးရန် ချေးငွေရယူဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ချေးငွေရယူပြီး ချေးငွေပြန်ဆပ်သည့် အသိစိတ်ဓာတ်ဝင်ရန်၊ စုတတ်ဆောင်းတတ်၊ စနစ်တကျ အသုံးပြုတတ်ရန် အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲသွားမည်ဟု သမဝါယမဝန်ကြီးဌာနမှ မှတ်ချက်ပြုထားပါကြောင်း၊ ပြည်သူများ၏ လိုအပ်သည့်ကိစ္စရပ်ဖြစ်ပြီး စီမံကိန်းတွင်လည်းပါရှိသည့် ကိစ္စရပ်ဖြစ်သည့်အတွက် ထောက်ခံအပ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးပြီး တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှ အမေရိကန်ဒေါ်လာသန်း (၃၀၀) ချေးယူခွင့်နှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုသည်။

ထို့နောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ဇောတိက သဘာဝဓာတ်ငွေ့ထိန်းချုပ်ဖြန့်ဖြူးရေးစခန်း တည်ဆောက်မည့်နေရာအတွက် မြေယာနှင့်သီးနှံလျော်ကြေးပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၂၂) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၀)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင်၏ **"ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်ရှိ တရားမမှုကြီး အမှတ် (၁၀/၂၀၁၁) အမှုအား အမှုမှန်ပေါ်ပေါက်နိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်ပေးနိုင်ပါရန်"** မေးခွန်းနှင့် စပ်လျဉ်း၍ မေးခွန်းအား ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွှန့်က ပြန်လည်ရှင်းလင်းဖြေကြားရာတွင် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၂၀ အရ အထူးအယူခံခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် စစ်ဆေးစီရင်ထားသည့် အမှုမှအပ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အပြီးသတ်စစ်ဆေးစီရင်ထားသည့် မည်သည့်အမှုကိုမဆို အများပြည်သူအကျိုးငှာ အရေးယူလောက်သော ပြဿနာတစ်ရပ်ရပ်ပေါ်ပေါက်သည်ဟု ပြည်ထောင်စုတရားသူကြီးချုပ်က မိမိသဘောအရ ထင်မြင်ယူဆလျှင် ထိုပြဿနာကို အထူးအယူခံခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေး စီရင်စေနိုင်ပါကြောင်း။

အဆိုပါ ပုဒ်မ ၂၀ အရ အာဏာသည် ပြည်ထောင်စုတရားသူကြီးချုပ်အား ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ အပ်နှင်းထားသည့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်နိုင်ခွင့်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်က ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၂၀ အရ ဆောင်ရွက်နိုင်ရန်အတွက် ပထမဆုံး ပြည်ထောင်စု တရားသူကြီးချုပ်ထံ လျှောက်ထားရန် လိုအပ်ပါကြောင်း၊ ထိုသို့ တင်ပြလျှောက်ထားလာသည့် အခါ ပြည်ထောင်စုတရားသူကြီးချုပ်က အများပြည်သူအကျိုးငှာ အရေးယူလောက်သော ပြဿနာပေါ်ပေါက်ခြင်း ရှိမရှိ စိစစ်ပြီး ယင်းလုပ်ပိုင်ခွင့်ကို ကျင့်သုံးရန် သင့်မသင့် ဆုံးဖြတ်ပေးရပါကြောင်း၊ ယခုအမှုမှာ ပြည်ထောင်စု တရားသူကြီးချုပ်ထံ ပုဒ်မ ၂၀ အရ လျှောက်ထားမှု မရှိသေးသည့်အတွက် ပြည်ထောင်စုတရားသူကြီးချုပ်က မဆုံးဖြတ်ရသေးသည့် ကိစ္စဖြစ်၍ မေးမြန်းသည့် ပြဿနာကို အထူးအယူခံခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်/မစီရင်ကို ကြိုတင်ဖြေကြားနိုင်ခြင်း မရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဦးစိုင်းမြမောင်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွှန့်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန်၏ **"တနင်္သာရီတိုင်းဒေသကြီး ၊ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသတွင် PTTEPI ကုမ္ဗဏီမှ ခြံစည်းရိုးခတ်ခြင်းကြောင့် ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေသို့ သွားရောက်မရဘဲ လမ်းပိတ်ဆို့နေပါ၍ ယခင်ကုမ္ဗဏီများကဲ့သို့ ခြံစည်းရိုးပတ်လမ်းပြုလုပ်ပေးရန်အတွက် ကူညီဆောင်ရွက်ပေးရန်အစီအစဉ် ရှိမရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ရှင်းလင်းဖြေကြားရာတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် PTTEPI ရေနံကုမ္ဗဏီနှင့် ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေရေးစာချုပ်ချုပ်ဆိုပြီး အကျိုးတူပူးပေါင်း၍ဇောတိက သဘာဝဓာတ်ငွေ့စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကမ်းလွန်လုပ်ကွက်M-9 ရှိ ဇောတိကပလက်ဖောင်းမှ ထုတ်လုပ်ရရှိသော သဘာဝဓာတ်ငွေ့များကို ကံပေါက်ရှိ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ◆

တပ်မတော်(လေ) လေ့ကျင့်ရေးဂျက်လေယာဉ်နှင့် သယ်ယူပို့ဆောင်ရေးလေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မြန်မာ့တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့်ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် ရည်မှန်း တည်ဆောက်လျက်ရှိရာတွင် ခေတ်မီစစ်လက်နက်ပစ္စည်းများ တပ်ဆင်ရေးသည်အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ကြောင်း၊ ယနေ့ကျင်းပသည့် လေယာဉ်များ တပ်တော်ဝင်အခမ်းအနားသည် နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်(လေ)ကို အားသစ်လောင်းပေးပြီး လေကြောင်းစွမ်းပကားမြှင့်တင်ရေးကို မျှားစွာအထောက်အကူပြုမှုဖြစ်၍ နိုင်ငံတော်နှင့် တပ်မတော်တို့အတွက် ထူးခြားလေးနက်သည့် နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၁၁ နာရီတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင်လေတပ်စခန်း၌ ကျင်းပသော တပ်မတော်(လေ)၏K-8W လေ့ကျင့်ရေးဂျက်လေယာဉ်၊ ATR-42 သယ်ယူပို့ဆောင်ရေးလေယာဉ်နှင့် BEECH-1900 D သယ်ယူပို့ဆောင်ရေးလေယာဉ်များ တပ်တော်ဝင်အခမ်းအနား၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်များအား လှည့်လည်ကြည့်ရှုစဉ်။ (မြဝတီ)

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးဒေါ်ကြူကြူလှ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်အသီးသီးမှ ဌာနချုပ်မှူးများ၊ မိတ္ထီလာတပ်နယ်မှ တပ်နယ်မှူးနှင့် တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဖိတ်ကြားထားသော ည့ီသည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်တို့က တပ်တော်ဝင် အခမ်းအနားနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် K-8W လေယာဉ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ CATIC ကုမ္ပဏီနှင့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံးတို့ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းတွင် တပ်ဆင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့လွှဲပြောင်းပေးအပ်သည့် K-8W လေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားသည် တတိယအကြိမ်ဖြစ်၍ ယခုလွှဲပြောင်းပေးမှုအပါ အဝင် တပ်မတော်(လေ)သို့ စုစုပေါင်း K-8W လေယာဉ် ၁၈ စင်း လွှဲပြောင်းပေးပြီးဖြစ်ကြောင်း၊ K-8W လေ့ကျင့်ရေး ဂျက်လေယာဉ်များသည် အပေါ့စားတိုက်ခိုက်ရေးတာဝန်များကို ထမ်းဆောင်နိုင်ပြီး ခေတ်မီအဆင့်မြင့် ရှေ့တန်း ဂျက်တိုက်လေယာဉ်များ မောင်းနှင်မည့်လေသူရဲများကို ကြားခံလေ့ကျင့်ပေးနိုင်သော အပေါ့စားတိုက်ခိုက်ရေး အမောင်းသင်ဂျက်လေယာဉ် အမျိုးအစားဖြစ်ကြောင်း၊ တပ်မတော်(လေ)၏အနာဂတ်မျိုးဆက်သစ် လေသူရဲများကို လေ့ကျင့်ပျိုးထောင်ပေးသွားနိုင်မည်ဖြစ်၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဆတက်ထမ်းပိုးထမ်းဆောင်သွားရန် မျှားစွာအထောက်အကူပြုမှာဖြစ်ကြောင်း။

BEECH 1900 D လေယာဉ်များနှင့် ATR 42 လေယာဉ်တို့သည် အလတ်စားသယ်ယူပို့ဆောင်ရေးလေယာဉ်များဖြစ်ပြီး ခရီးသည် သယ်ယူပို့ဆောင်ခြင်း၊ လူနာသယ်ဆောင်ခြင်း၊ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ခြင်းနှင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်း တာဝန်များကို ထမ်းဆောင်နိုင်သည့်အတွက်လည်း နိုင်ငံတော်နှင့် တပ်မတော်အတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း၊ မျက်မှောက်ခေတ် ကမ္ဘာ့ရေးရာများကို လေ့လာကြည့်ပါက လေကြောင်းစွမ်းပကားသည် များစွာအရေးပါလျက်ရှိကြောင်း၊ လေကြောင်းစွမ်းအားသာလွန်မှုကို အားပြု၍ စစ်ပွဲအောင်နိုင်ရေးအတွက် မိမိယှဉ်ပြိုင်ဘက်အပေါ် လွှမ်းမိုးချုပ်ကိုင်ရန်နှင့် မိမိတပ်များ တိုက်ပွဲစွမ်းရည်ပိုမိုတိုးတက်စေရန် အသုံးပြုလာကြကြောင်း၊ သာလွန်သော လေကြောင်းစွမ်းအားရရှိရေးအတွက် ခေတ်မီလေတပ်မတော်တစ်ခု တည်ထောင်ရမှာဖြစ်သကဲ့သို့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော နည်းပညာရပ်များကိုလည်း သိရှိလေ့လာကျွမ်းဝင် တတ်မြောက်နေရန်လိုကြောင်း။

တပ်မတော်(လေ)၏ လေကြောင်းစွမ်းပကား မြှင့်တင်ရေးအတွက် ခေတ်မီနည်းပညာသုံး လေယာဉ်/ရဟတ်ယာဉ်များ၊ စက်ပစ္စည်း/လက်နက်ကိရိယာများဖြည့်ဆည်းတပ်ဆင်ရေးနှင့်အတူ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းလုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ပြည်သူ့လူထုကို တိုင်းပြုပြည်ပြုလွှတ်တော်နှင့်ပတ်သက်ပြီး မိန့်ခွန်းပြောကြားရာတွင် လေတပ်နှင့်ပတ်သက်၍ "လေတပ်ဆိုတာ အခုမှ စတုန်းရှိနေသေးတယ်။ ဒီတိုင်းပြည်လို လေတပ်မျိုးဟာ အဖျင်းဆုံးလေယာဉ်ပျံအစင်း ၅၀၀ လောက် ရှေ့တန်းလေယာဉ်ပျံ ခေါ်ပါတယ်။ First Line Plane အဖျင်းဆုံးစစ်ဖြစ်ဖြစ်ချင်း လေယာဉ်ပျံအစင်း ၅၀၀ လောက်ရှိမှ ဒါတောင်မှ လုံလောက်တယ်လို့ မခေါ်နိုင်သေးဘူး။ အဲဒီလေယာဉ်ပျံတွေ ၅၀၀ က ရှေ့မှာတိုက်တဲ့အခါ နောက်မှာက လေယာဉ်ပျံတစ်စင်းကို သုံးလေးစင်းအရန်ထားရမယ်။ အဲ့ဒီနောက်မှာက အဖျင်းဆုံးလေယာဉ်ပျံ ၅၀၀ ထပ်ဖြည့်မှဖြစ်မယ်" ဆိုပြီး မိန့်ကြားခဲ့ရာ ယနေ့တပ်မတော်(လေ)၏ အခြေအနေဖြင့် ချိန်ထိုးကြည့်နိုင်ပါကြောင်း။

အနာဂတ်အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်သည့် အခန်းကဏ္ဍတွင်ပါဝင်မည့်တပ်မတော်သည်အမှန်တကယ်စွမ်းရည်ရှိသော တပ်မတော်ဖြစ်ရန်လိုအပ်ပါကြောင်း စွမ်းရည်ရှိသော တပ်မတော်ဖြစ်မှသာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အားဖြည့်၍ဆောင်ရွက်ပေးနိုင်မှာဖြစ်သကဲ့သို့ ပြည်သူ့အကျိုးစီးပွားကိုလည်း ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် လေယာဉ်များ တပ်တော်ဝင်နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသူများကို ချီးကျူးမှတ်တမ်းတင်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်လွင်ဦးက လေ့ကျင့်ရေး ဂျက်လေယာဉ်နှင့် သယ်ယူပို့ဆောင်ရေးလေယာဉ်များအား တပ်တော်ဝင်အဖြစ်ကြေညာပြီး လေယာဉ်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးမင်းက လေကြောင်း အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ် မောင်မောင်ကျော်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးတို့က တပ်တော်ဝင် အထိမ်းအမှတ်အမှတ်တရလက်ဆောင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ကာကွယ်ရေးဦးစီးချုပ်(လေ)၊ CATIC COMPANY မှ ဒုတိယဥက္ကဋ္ဌ Mr.Liu Jianhai တို့အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်တော်ဝင် အထိမ်းအမှတ်လေယာဉ် ရဟတ်ယာဉ် အုပ်ဖွဲ့များမှ Fly Past ဖြင့် ပျံသန်းအလေးပြုခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ပထမအုပ်ဖွဲ့ ပျံသန်း အလေးပြုခြင်းတွင် တံခွန်အုပ်ဖွဲ့မှ ရဟတ်ယာဉ်လေးစင်းဖြင့် လည်းကောင်း၊ ဒုတိယအုပ်ဖွဲ့ပျံသန်း အလေးပြုခြင်းတွင် ရန်နိုင်အုပ်ဖွဲ့မှ အမောင်းသင်လေယာဉ် ခြောက်စင်းဖြင့်လည်းကောင်း၊ တတိယအုပ်ဖွဲ့ ပျံသန်းအလေးပြုခြင်းတွင် ရဲမာန်အုပ်ဖွဲ့မှ လေ့ကျင့်ရေးဂျက်လေယာဉ် လေးစင်းဖြင့်လည်းကောင်း၊ စတုတ္ထအုပ်ဖွဲ့ ပျံသန်းအလေးပြုခြင်းတွင် ရာဇာအုပ်ဖွဲ့မှ ဘက်စုံသုံးတိုက်လေယာဉ် ငါးစင်းဖြင့်လည်းကောင်း အစီအစဉ်အတိုင်း ပျံသန်းအလေးပြုကြသည်။

ထို့နောက် သရုပ်ပြပျံသန်းခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ရာဇာအုပ်ဖွဲ့မှ ဘက်စုံသုံးတိုက်လေယာဉ်ငါးစင်းမှ Fan Break ဖြင့် သရုပ်ပြပျံသန်းခြင်း၊ ဂျက်တိုက်လေယာဉ်လေးစင်းမှ Zoom Climbing Turn ခေါ်သောလေယာဉ်ကိုအပေါ်သို့တက်လျက် ဘယ်ညာကွေ့ခြင်း၊ Box Formation Loop ခေါ်သော စတုဂံပုံစံအုပ်ဖွဲ့ဖြင့် နောက်ပြန်ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်း၊ Shock Wave Formation Loop ခေါ်သော လေထုကို ဖောက်ခွင်းသည့် မြားခေါင်းပုံစံအုပ်ဖွဲ့ဖြင့် နောက်ပြန်ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်း၊ Tootsie Rolls ခေါ်သော ဂျက်တိုက်လေယာဉ် သုံးစင်းတွဲအုပ်ဖွဲ့ကို အခြားတစ်စင်းမှ ရစ်ပတ်ပျံသန်းသရုပ်ပြခြင်း၊ Twinkle Rolls ခေါ်သော လေးစင်းတွဲလျက် တစ်ပြိုင်တည်း ဘေးလိမ့်ကျွမ်းထိုးပျံသန်း သရုပ်ပြခြင်းနှင့် Bomb Bust Loop ခေါ်သော နောက်ပြန်ကျွမ်းထိုး သရုပ်ပြပျံသန်းခြင်းတို့ကို ပျံသန်းသရုပ်ပြကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများက တပ်တော်ဝင် လေ့ကျင့်ရေးဂျက်လေယာဉ်နှင့် သယ်ယူပို့ဆောင်ရေးလေယာဉ်များကို အမွှေးနံ့သာများ ပက်ဖျန်းကြပြီး မီးရှူးမီးပန်း ပစ်လွှတ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်လေယာဉ်များအား လှည့်လည်ကြည့်ရှုကြသည်။ **(မြဝတီ)**

●ရှေ့ဖုံးမှ

ပိုက်ကျော်ခြင်း အမျိုးသား(၃)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်အသင်းက အနိုင်ရရှိပြီး ပထမဆုကို ဆွတ်ခူးသွားသည်။

ထို့အတူ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပသည့် ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်ဘောလုံးအသင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး ဘောလုံးအသင်းတို့ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲစဉ်သို့ တက်ရောက်သွားကြသည်။

(သတင်းစဉ်)

☆ ဒုတိယသမ္မတမှ

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအစိုးရများအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နှစ်နိုင်ငံနယ်စပ်ဂိတ်ဖွင့်လှစ်နိုင်ရေးကိစ္စ၊ ထိုင်းနိုင်ငံတွင်းရှိ မြန်မာနိုင်ငံရွှေ့ပြောင်းလုပ်သားများကိစ္စ၊ နှစ်နိုင်ငံခရီးသွားကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ခေတ္တတည်းခိုမည့် Dusit Thani ဟိုတယ်၌ နေ့လယ်စာသုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဖစီကျရိန်မြို့ရှိ ဝပ်ပါက်နန့် ကျောင်းတိုက်သို့ သွားရောက်ပြီး ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဆွမ်ဒေ့စ် ဖရ မဟာရတ်ဇမင်္ဂလာကျန်အား ဖူးမြော်ကြည်ညိုကာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် သက်နှံးအစရှိသည့် လျှုဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်အပေါ်ထပ်ဆောင်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်၌ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးမိသားစုများ၊ ပညာတော်သင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အမှာစကားပြောကြားကာ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး သံအမတ်ကြီး တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၂၆-၂-၂၀၁၅
(ကြာသပတေးနေ့)

၆း၀၀	အဖွင့် -ဝတ်မှုံတေးဂီတအဖွဲ့ ဖျော်ဖြေခန်း (အပိုင်း-၇)
၆း၂၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၅၇)
၆း၄၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၅၈)
၇း၁၀	"မဟော်သဓာ" (အပိုင်း-၇)
၇း၄၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ညသူရဲကောင်း" (အပိုင်း-၂)
၈း၃၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီပန်းတစ်ပွင့်" (အပိုင်း-၃)
၉း၂၀	မြန်မာဗီဒီယိုဇာတ်လမ်း "ထီးလေးတစ်ချောင်းပဲလိုတယ်" (ပြေတီဦး၊ သက်မွန်မြင့်၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-နေပိုင်)

တစ်နေ့ (၆)နာရီစာ (၄)ကြိမ်မြသပါမည်။

အခွန်ဘဏ္ဍာပြည့်ပါမှ
လုပသာယာ
တို့ပြည်မြန်မာ

ပြည်တွင်းရေးရာ

မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နယ်သာလန်နိုင်ငံ ဟန်နီကန်ကုမ္ပဏီ နိုင်ငံတကာဆိုင်ရာ ပြင်ပဆက်သွယ်ရေးညွှန်ကြားရေးမှူး မစ္စတာ ဂျွန်ကလော့ခ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြင့်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဦးသန့်ကျော်နှင့် ဦးချန်မောင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြစ်စေမည့် အစားအစာများ ကျွေးမွေးထောက်ပံ့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်း၌ လာရောက်ပြသသော ကိုယ်ဝန်ဆောင်များ၊ ဆေးခန်းတွင် တက်ရောက်မွေးဖွားသည့် မွေးဖွားပြီး မိခင်များကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အာဟာရဖြစ်စေမည့် အစားအစာများ ကျွေးမွေးထောက်ပံ့ပေးခဲ့သည်။

ထိုသို့ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြစ်စေမည့် အစားအစာများ ကျွေးမွေးထောက်ပံ့ခြင်းကို ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များဖြစ်သည့် ဒုတိယဝန်ကြီး၏ ဇနီး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးများ၏ ဇနီးများက ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်စား ပေးအပ်လျှက်ဒါန်းကြသည်။

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရှိ မေတ္တာစမ်းရေဆေးခန်းတွင် ကိုယ်ဝန်ဆောင်မိခင်များအား အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ဆေးခန်းသို့ လာရောက်ပြသသော ကိုယ်ဝန်ဆောင်မိခင်များကို ကျန်းမာရေးကောင်းမွန်စေရန် စားသောက်မှုပုံစံများနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အစားအစာများ ကျွေးမွေးထောက်ပံ့ခြင်းကို အပတ်စဉ် ကိုယ်ဝန်ဆောင်မိခင်များ ကြည့်ရှုစစ်ဆေးပေးသည့် ရက်များတွင် ဝန်ကြီးဌာနများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းများက အလှည့်ကျ ထောက်ပံ့လျှဒါန်းပေးလျက်ရှိကြောင်း သိရသည်။**(ဝဲပုံ)**

(သတင်းစဉ်)

ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဒုတိယအကြိမ် ပြည်သူ့ဗဟိုပြု ဝက်သက်နှင့်ဂျိုက်သိုးရောဂါ အစုလိုက်ထိုးနှံခြင်း အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်၌ တာမွေမြို့နယ် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်မိမိတင်နှင့် မြို့နယ်ကျန်းမာရေးမှူးများသည် ယနေ့နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရပ်ကွက်အတွင်း အုပ်စုလေးစုခွဲကာ အသက်ကိုးလမှ (၁၅)နှစ်အတွင်း ကလေးငယ် ၄၅၂ ဦးတို့အား ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးများကို ထိုးနှံပေးကြသည်။

ပြည်သူ့ဗဟိုပြု ကာကွယ်ဆေးထိုးနှံခြင်းကို မြို့နယ်အတွင်း ကျန်ရပ်ကွက်များသို့လည်း ဖေဖော်ဝါရီ ၂၈ ရက်အထိ ဆက်လက်သွားရောက်ကွင်းဆင်းထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

(ကိုချစ်)

အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ကို ချုပ်ဆိုရန် လုပ်ငန်းခွင်ဝင်ရန် တိုက်တွန်း

ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့
သတင်းထုတ်ပြန်ချက်(၁/၂၀၁၅)
၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်
၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများ ပါဝင်သော ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် ရွှေပြည်သာစက်မှုဇုန်နှင့် လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံအချို့မှ အလုပ်သမားအချို့၏ လုပ်ခလစာတိုးမြှင့်ရလိုမှုနှင့်ပတ်သက်၍ ဆန္ဒပြတောင်းဆိုမှုများအပေါ် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ စတင်၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ် စုပေါင်းရုံးရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းတွင် ရုံးထိုင်ကာ သက်ဆိုင်ရာ စက်ရုံအသီးသီးမှ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ Moderator အဖြစ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

၂။ ထိုသို့ဆောင်ရွက်ပေးရာတွင် လုပ်ခလစာတိုးပေးရေး တောင်းဆိုဆန္ဒပြနေသော အလုပ်သမားများနှင့် အေးချမ်းစွာ အလုပ်လုပ်ကိုင်လိုသော အလုပ်သမားများအား ခွဲခြားမှုမထားဘဲ မိမိတို့၏ သားသမီးအရင်းအချာများကဲ့သို့ သဘောထားပြီး တူညီသောအခွင့်အရေးများရရှိစေရန် အလုပ်ရှင်များနှင့် အကြိမ်ကြိမ် ခက်ခက်ခဲခဲဖြင့် အလုပ်သမားများတောင်းဆိုသည့် လုပ်ခလစာရရှိရေးကို ဦးတည်ဆွေးနွေးခဲ့ပါသည်။

၃။ ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ် (Negotiation Process)သည် သိမ်မွေ့နက်နဲပြီး စိတ်ရှည်သည်းခံကာ လိုရာရရှိစေရေး ဦးတည်ဆွေးနွေးရသည့်လုပ်ငန်းဖြစ်ပါသည်။ ယင်းသို့ အလုပ်ရှင်၊ အလုပ်သမားများနှင့် ညှိနှိုင်းဆွေးနွေးရာတွင် အလုပ်သမားများသည် မိမိတို့၏ ပြည်သူ့ပြည်သားသွေးသားရင်းချာများဖြစ်ကြသဖြင့် ၎င်းတို့၏ စားဝတ်နေရေး၊ အဆင်ပြေချောမွေ့စေရေးနှင့် အေးချမ်းစွာဘဝရပ်တည်နိုင်ရေးတို့အတွက် ရသင့်ရထိုက်သည့် လုပ်ခလစာများ အပြည့်အဝရရှိစေရန်လည်းကောင်း၊ အလုပ်ရှင်များမှာ နိုင်ငံခြားသားများဖြစ်သည့် အားလျော်စွာ မိမိတို့နိုင်ငံအပေါ် အထင်သေးမှုများ မဖြစ်ပေါ်စေရေး၊ နိုင်ငံ၏ပုံရိပ် မကျဆင်းစေရေး၊ နှစ်နိုင်ငံ ကောင်းမွန်စေသောဆက်ဆံမှုမပျက်ပြားသွားစေရေး၊ အလုပ်ရှင်များမှ ၎င်းတို့၏ လက်ရှိလုပ်ငန်းများ ရပ်ဆိုင်းကာ အခြားနိုင်ငံသို့ ရွှေ့ပြောင်းမသွားစေရေး၊ နောက်ထပ်လာရောက်ကြမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် အဟန့်အတားမဖြစ်စေရေး၊ မိမိပြည်သူ ပြည်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ယုတ်လျော့မသွားစေရေး၊ အလုပ်သမားများ အလုပ်လက်မဲ့မဖြစ်ပေါ်စေရေးတို့ကို အထူးအလေးထားကာ နိုင်ငံတကာကျင့်စဉ်များနှင့်အညီ နှစ်ဦးနှစ်ဖက်အကျိုးရှိမှု (Win-Win)ရရှိစေရန် အထူးအလေးထားကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။

၄။ အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် လုပ်ခလစာ တိုးပေးရေးကို ငြင်းဆန်နေသော အလုပ်ရှင်များအား သဘောပေါက်နားလည်လာစေကာ သဘောထားများပျော့ပျောင်းလာစေပြီး အလုပ်သမားများတောင်းဆိုသည့် လုပ်ခလစာနှင့် နီးစပ်သောလုပ်ခသို့ တိုးမြှင့်ပေးသည့် ရလဒ်ကောင်းများကို ရရှိအောင် ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ရရှိသော ရလဒ်ကောင်းများကို အလုပ်သမားများအား ပြန်လည်ချပြရှင်းလင်းခဲ့ရာတွင် စက်ရုံအများစုရှိ အလုပ်သမားအများစုက လက်ခံသဘောတူညီကြသဖြင့် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်များကို ချုပ်ဆိုနိုင်၍ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နေကြပြီ ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်ရှိနေသော ဆန္ဒပြတောင်းဆိုနေကြသည့် အလုပ်သမားများအနေဖြင့် ရရှိထားပြီးဖြစ်သော ရလဒ်ကောင်း၊ အကျိုးကျေးဇူးကောင်းများကို ရရှိခံစားနိုင်စေရေးအလို့ငှာ လုပ်ငန်းခွင်သို့ အေးချမ်းစွာ ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် အမြန်ဆုံးဆက်သွယ်ကာ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ကို ချုပ်ဆိုရ၍ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြပါရန် တိုက်တွန်းနှိုးဆော်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့

ငါးသိုင်းချောင်းမြို့နယ်၌ အတန်းတင်စာမေးပွဲများဖြေဆိုလျက်ရှိ

ငါးသိုင်းချောင်း ဖေဖော်ဝါရီ ၂၅

ရောဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်ရှိ စတုတ္ထတန်းနှင့် အဌမတန်းအစိုးရစစ်အတန်းတင်စာမေးပွဲကို မြန်မာတစ်နိုင်ငံလုံးနည်းတူ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းမှစတင်၍ အထက၊ အထက(ခွဲ)၊ အလကတို့၌ ဖြေဆိုလျက်ရှိသည်။

"ကျွန်တော်တို့ ငါးသိုင်းချောင်း အထကမှာ ဝင်ရောက်ဖြေဆိုသူ စတုတ္ထတန်း ၅၀၀၊ အဌမတန်း ၄၈၈ ဦးရှိပါတယ်။ ပျက်ကွက်သူမရှိပါဘူး။ ရာနှုန်းပြည့်ဖြေဆိုပါတယ်"ဟု ကျောင်းအုပ်ဆရာကြီး ဦးစိုးဝင်းက ပြောပြသည်။ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်ပညာရေးဌာန၏ အနီးကပ်ကြီးကြပ်မှုနှင့် ပြည်သူ့ရဲ၊ မီးသတ်နှင့် ကျောင်းသားမိဘများက ပိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရွှေသိမ်းအေး(ငါးသိုင်းချောင်း)

National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညီညီသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

ပညာရေးလှိုင်းတန်ထပေ

မျိုးသာထက်

သမ္မတဦးသိန်းစိန် အစိုးရလက်ထက်တွင် လှိုင်းသုံးလှိုင်းဖြင့် နိုင်ငံကို ကြိုးစားပြောင်းကြည့်သည်။ ပြည်တွင်းပြည်ပက ထောက်ခံမှုတချို့ရသော်လည်း ပြည်သူ့အများစုလိုအင်ကား ကြီးနေဆဲဖြစ်သည်။ နှစ်ပေါင်းများစွာက အပျက်အစီး၊ အကျအပေါက်များကို ငါးနှစ်နှင့်လုပ်မရ ပြင်မရသည်ကတော့ သေချာသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း အမျိုးသားပညာရေးဥပဒေ အကြောင်းပြု ကျောင်းသားသပိတ်သည် ကြီးထွားခဲ့သည်။ သမ္မတ ဦးသိန်းစိန်အစိုးရအတွက် ခံတုံးတစ်တုံးဖြစ်လာသည်။ ကျောင်းသားသပိတ်များ၏အစ တိုင်းပြည်၏ ပညာရေးမှာ နှစ်ပေါင်းများစွာကြာကတည်းက ကောင်းစေရန် ကြိုးစားရင်း၊ စမ်းသပ်ရင်း၊ ပြင်ဆင်ရင်းနှင့်ပင် ကျဆုံးခဲ့သည်။ သမ္မတဦးသိန်းစိန် အစိုးရလက်ထက်တွင် အမျိုးသားပညာရေးဥပဒေကို အတည်ပြုခဲ့သည်။ ၂၀၁၄ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၁ (၃၀-၉-၂၀၁၄)ဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ်ကျောင်းသားများလိုလားသည့် ဥပဒေမျိုးမဟုတ်သဖြင့် ကျောင်းသားများက ပြင်ဆင်ပေးရန်ပြောသည်။ နောက်တော့ သပိတ်မှောက်သည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ပြဋ္ဌာန်းလိုက်သည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ရေးအတွက် ညှိနှိုင်းပါရန် အစိုးရကိုရက်ပေါင်း ၆၀ အချိန်ပေးသည်။ သမ္မတဦးသိန်းစိန် အစိုးရသည် တုတ်တုတ်မျှ မလှုပ်ခဲ့သဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် နိုင်ငံလုံးခြိုကျောင်းသားသပိတ်ကို မန္တလေးမှ ရန်ကုန်သို့ လမ်းလျှောက်ခြီတက်ခြင်းဖြင့် စတင်လိုက်သည်။

မန္တလေးတာထွက်သပိတ်သည် လမ်းမှ မြို့ရွာများသို့ ဝင်သည်၊ တရားဟောသည်။ အစိုးရဘက်က တားသည်၊ ဆီးသည်၊ သတိပေးသည်။ သို့တိုင်ကား ကျောင်းသားများက ရှေ့သို့ ဆက်လက်ခြီတက်ကြသည်။ ကျောင်းသားများကို မိဘပြည်သူများက ထောက်ခံကြသည်။ အစိုးရနှင့်နီးသူများက ကျောင်းသားများကို တားဆီးသလို သတိပေးကြသည်။ သပိတ်ကို ဆက်မသွားကြပါရန် ဆိုင်ရာမြို့အလိုက် တားဆီးနိုင်ပါရန် ကြိုးစားကြည့်ကြသည်။ အစိုးရလျှောလိုက်ပြီ။ သမ္မတဦးသိန်းစိန်အစိုးရသည် ၂၀၁၀ အထွေထွေရွေးကောက်ပွဲမှလာသော အစိုးရဖြစ်သည်။ အငြင်းပွားဖွယ်ရွေးကောက်ပွဲဟု ပြည်တွင်းပြည်ပ အကဲခတ်များက သုံးသပ်ကြသော်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်မှ ပေါ်ပေါက်ခဲ့သော အစိုးရကား သေချာသည်။ ရက်ပေါင်း ၆၀ ကို နည်းလမ်းဟောင်းဖြင့် စဉ်းစားရင်းလျစ်လျူရှုခဲ့သော သမ္မတ ဦးသိန်းစိန်အစိုးရသည် ရန်ကုန်ဝင်လာမည့် သပိတ်စစ်ကြောင်းများအရေးကို သေသေချာချာ တွက်စစ်ပုံရသည်။ စေ့စပ်ညှိနှိုင်းရေးစကားပြောသည်၊ စကားပြောသလို ညှိနှိုင်းရေးကိုလည်း လက်တွေ့လုပ်သည်။

ဇန်နဝါရီလ ၂၈ ရက်တွင် သမ္မတရုံးဝန်ကြီး ဦးအောင်မင်းနှင့် သပိတ်မှောက် ကျောင်းသားခေါင်းဆောင်များ ဆွေးနွေးကြပြီး အမျိုးသားပညာရေးဥပဒေကို အဖိုးရ၊ လွှတ်တော်၊ ပညာရေးပြုပြင်ပြောင်းလဲမှု နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER) နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့ ဖေဖော်ဝါရီလ ၁ ရက်တွင် ရန်ကုန်မြို့၌ တွေ့ဆုံဆွေးနွေးကြရန် သဘောတူခဲ့ကြသည်။ လေးပွင့်ဆိုင်များ အလျှောအတင်းနှင့်သွားရင်းနောက်ဆုံးတွင် ကျောင်းသားများလိုလားချက်ကို အစိုးရသည် လိုက်လျောခဲ့သည်။ အစိုးရကတစ်ခုသာ အရေးဆိုသည်။ ကျောင်းသားစစ်ကြောင်းများ ရန်ကုန်ကို မဝင်နှင့်။ ကျောင်းသားများကား အစိုးရကို မယုံကြည်ပုံရသည်၊ ထို့ကြောင့် ထုံ့ပိုင်း ထုံ့ပိုင်းနှင့် ဆက်လက်ချီတက်ပြီးမှ အမျိုးသားပညာရေးဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်း ထွက်ပြီးချိန်တွင် သပိတ်ကို ဖေဖော်ဝါရီလ ၂၈ ရက် အထိ (လက်ရှိ) ရပ်ထားမည်ဟု ဆိုခဲ့သည်။

ဥပဒေမူကြမ်းအပေါ် သဘောထား

ဒီမိုကရေစီသို့ သွားနေသည့်ခေတ်တွင် ကျောင်းသားများက ဒီမိုကရေစီပညာရေးကို တောင်းသည်။ ဒီမိုကရေစီပညာရေးမှာ သီးခြားပညာရေးတစ်ခုလားဟု မိတ်ဆွေတစ်ဦးက ကျွန်တော့်ကို မေးဖူးသည်။ ဒီမိုကရေစီပညာရေးမှာ ဒီမိုကရေစီသဘောသဘာဝအတိုင်း လွတ်လပ်မှုကို အခြေတည်ထားသော ပညာရေးကို ဆိုလိုကြောင်း ကျွန်တော်ရှင်းရဖူးသည်။ အစိုးရသတင်းစာတစ်နှစ်သာကျန်တော့ပေရာ အထွက်ကောင်းဖို့အရေးကလည်း ကြီးနေပါသည်။ ဤသို့ဖြင့် အစိုးရသည် သတင်းစာမှတစ်ဆင့် ဥပဒေမူကြမ်း အပြစ်အနာအဆာတို့ကို ပြည်သူ့အများ စာဖတ်သူအား ကြည့်စေရှုစေခြင်းဖြစ်သည်။

ပညာရေးလှိုင်းထန်ပါစေ သမ္မတဦးသိန်းစိန်အစိုးရက လှိုင်းဆိုသော စကားလုံးကို ကြိုက်သည်ဟု ယူဆမိသဖြင့် ကျွန်တော်လည်း အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေး သပိတ်စခန်းဖြင့် အရလှမ်းနေခြင်းကို ပညာရေးလှိုင်းထန်ခြင်းဟု ဆိုချင်သည်။ လှိုင်းသဘာဝက အားကြီးသည်၊ တစ်ဖက်တွင် အန္တရာယ်လည်းရှိသည်။ ကောင်းသည့် ဘက်ကမ်းသို့ ရိုက်တင်နိုင်သလို ဆိုးသည့်ချောက်ထဲသို့လည်း ဆွဲခေါ်ချသွားနိုင်သည်။ မည်သို့ဖြစ်စေ ပညာရေးလှိုင်းတံပိုးကိုတော့ အရှိန်အဟုန်ဖြင့် သည်တစ်ကြိမ် သွားစေချင်သည်။

တက္ကသိုလ်ကျောင်းသားများနှင့် ကျောင်းသားသပိတ်များတွင် ပညာရေးမူကြမ်းကို ထည့်သောအခါ ဖတ်သူများက ဝေဖန်ကြသည်။ ကြိုက်သူလည်းရှိသည်၊ မကြိုက်သူလည်းရှိသည်။ ကောင်းလှချည်လားဟု ပြောသူများရှိသလို လွန်လွန်းလှချည်လားဟု ဝေဖန်သူလည်းရှိသည်။ အစိုးရသတင်းစာက ဖိတ်ခေါ်ထားသဖြင့် လက်သံပြောင်သူတို့က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းမှ အစအနမျှားကို အပ်နဲ့ဆွဲသည်၊ အထအနကောက်ကြသည်။ ဟိုလိုဆိုလျှင်မခက်လား၊ သည်လိုဆိုလျှင် မလွယ်ပါ့လားဟု ဆိုကြသည်။ နှစ်ပေါင်းများစွာ အချုပ်အကိုင်နှင့် နေထိုင်လာကြသဖြင့် တက္ကသိုလ်ကျောင်းသားများက လွတ်လွတ်လပ်လပ် တောင်းဆိုလိုက်သည့်အခါ လွတ်လပ်လှချည်လား၊ ကောင်းပါ့မလားဟု ပညာရေးနယ်ပယ်မှ ပုဂ္ဂိုလ်များအပါအဝင် အစိုးရက စိတ်ပူပန်သည်။ တစ်ဖက်တွင်လည်း စစ်အုပ်ချုပ်ပုံခေတ် မဟုတ်သဖြင့် ကျောင်းသားတွေကို သတိနှင့်ဆက်ဆံပုံရသည်။ အစိုးရသက်တမ်းမှာ ခေါင်းဆောင်များ၏ စေတနာမှာ မြန်မာ့ပညာရေးကို ကောင်းစေချင်သည်။ ဗဟိုအချုပ်အကိုင်များသည်ကို မကြိုက်၊ နှစ်ပေါင်းများစွာက အတွေးအခေါ်များ အတိုင်း မပြင်မပြောင်းသည်ကိုလည်း မနှစ်သက်၊ လွတ်လပ်သည့် ခေတ်တစ်ခေတ်ကို သွားလိုက်ချင်သည့် ဆန္ဒ ၎င်းတို့တွင် ရှိသည်။ ပညာရေးလှိုင်းကြီးကြီး တစ်ချီတော့စီးကြည့်ချင်ကြခြင်းဖြစ်သည်။ ဥပဒေကြမ်းတွင် လွတ်လပ်စွာ ပညာသင်ကြားခွင့် (ဘာသာရပ်နှင့် ကျောင်းရွေးချယ်ခွင့်) ကိုတောင်းသည်။ ဤသို့ တောင်းဆိုခြင်းမှာ မမှားပါ။ သို့သော် မြန်မာ့ပညာရေးနှင့် ကိုက်ညီရန် ခပ်ကြမ်းကြမ်းတစ်ကွေ့ကိုဖြင့် ဖြတ်ကျော်ကြရမည်ဖြစ်သည်။ မူလဥပဒေက အခမဲ့မသင်မနေရကို မူလတန်းကစပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေးဟု ဆိုသည်ကို ပြင်ဆင်သည့် မူကြမ်းတွင် အခမဲ့ မသင်မနေရ အလယ်တန်းပညာရေးကို ဆောင်ရွက်မည် (ပုဒ်မ ၁၇) ဟု တိတိကျကျ ပြောသည်မှာကောင်းသည်။

အစိုးရသတင်းစာတွင် ဆောင်းပါးရှင်တချို့ လိုရာဆွဲကောက်ယူသုံးသပ်ကြသလို ဘာသာခြားကျောင်းများ ပေါ်ပေါက်လာမည့်အရေးမှာလည်း ဥပဒေမူကြမ်းပုဒ်မ ၄ (၃) တွင် ရှင်းရှင်းလင်းလင်း ထည့်သွင်းထားသည်ကို တွေ့ရသည်။ "ပညာရေးသည် ဘာသာရေးအဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်းတို့၏ လွှမ်းမိုးမှုမှ ကင်းလွတ်ရမည်။ လွတ်လပ်စွာကိုးကွယ်ခွင့်၊ နိုင်ငံရေးယုံကြည်ခွင့်နှင့် လူဝုဏ်သိက္ခာကို တန်ဖိုးထားမည်" ဟု ရေးထားသည်။ အပြစ်အနာအဆာဆို ပြင်ပါ၊ ဥပဒေကို ရာခိုင်နှုန်းပြည့်ကောင်းအောင် ပြင်ဆင်ကြိုးစား ရေးထားသော်လည်း အပြစ်အနာအဆာ ပါနိုင်ကောင်းသည်။ ပိုကောင်းအောင် ဝိုင်းဝန်းပြင်ကြရုံသာရှိသည်။ အစိုးရပြင်ပြင်၊ လွှတ်တော်ပြင်ပြင်၊ NNER ပြင်ပြင်၊ ကျောင်းသားပြင်ပြင် ကောင်းအောင်ပြင်ဖို့ လိုရင်းဖြစ်သည်။ ယခုတော့ လေးပွင့်ဆိုင်သဘောတူညီချက်ဖြင့် ပြင်ထားသဖြင့် အားရလှသည်။ အထူးအားဖြင့် တိုင်းပြည်ကောင်းမည့် ပညာရေးကောင်းစေသည့် လုပ်ရပ်မျိုးကို ပြည်သူများက ကြိုဆိုကြမည်ချည်း ဖြစ်သည်။

သမ္မတ ဦးသိန်းစိန်အစိုးရသည် လက်ကျန်သက်တမ်းအတွင်း လုပ်စရာတွေက များလွန်းလှသည်။ ငြိမ်းချမ်းရေးစခန်းလှမ်းနေဆဲ၊ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးအကွေ့ ဝေ့နေဆဲ၊ နိုင်ငံ့စီးပွားရေး အရွေ့ရွေ့နေဆဲ စသည်ဖြင့် "ဆဲ" အခြေအနေများတွင် ထပ်ပိုးတက်နေသည့် ပြဿနာများကလည်း နေ့စဉ်နှင့်အမျှ ရှိနေသေးသည်။ သို့မို့ကြောင့် ကျောင်းသားများနှင့် အစိုးရကြားပြေလည်သွားလျှင် သမိုင်းကြောင်းကောင်းသွားနိုင်သည်။ အရှေ့က အဆက်ဆက်သော အစိုးရများသည် ကျောင်းသားများကို ဖိနှိပ်ခဲ့သည်ချည်းသာဖြစ်သည်။ ကျောင်းသားများသည် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် တိုင်းပြည်အတွက်၊ အနာဂတ်အတွက် လုပ်ဆောင်နေကြခြင်းဖြစ်သည်။ ငယ်သူများက ဦးဆောင်လုပ်ကိုင်နေကြသဖြင့် အမှားအယွင်း ရှိနိုင်ကောင်းသည်။ အမှားရှိက အမှန်ရှိရာသည်။ တိုင်းနိုင်ငံနှင့် ရပ်ရွာလူထုကောင်းဖို့ ပြင်စရာရှိလျှင် ပြင်ရမည်သာဖြစ်သည်။ ကျောင်းသားသပိတ်သည် လုံးလုံးပြီးသေးသည်မဟုတ်ပါ၊ ခေတ္တရပ်ရင်း အခြေအနေစောင့်ကြည့်နေဆဲသာဖြစ်သည်။

ဥပဒေကြမ်းပါ စိုးရိမ်စရာများရှိက လေးပွင့်ဆိုင်ခြင်းဖြင့် လည်းကောင်း၊ လွှတ်တော်တွင်းတွင်လည်းကောင်း ရှင်းနိုင်ကောင်းသည်။ တိုင်းပြည်ကောင်းဖို့ ဆောင်ရွက်သူတိုင်းက တိုင်းပြည်နှင့်လူထုကို မျက်နှာမူလိုက်က အပြစ်အားလုံးသည် ကင်းစင်ပျောက်မည်သာဖြစ်သည်။ ပညာရေးလှိုင်းတံပိုးတို့ မြိုင်ဆိုင်ထပါစေ၊ တိုင်းပြည်ကောင်းစေဖို့ စေတနာပဲ့ထိန်းဖြင့် ဉာဏ်ပညာ လေ့ကိုလော်ခတ်ရင်း လေးဖက်လေးတန်က အပြစ်အနာအဆာများနှင့် အခက်အခဲအားလုံးကို ကျော်ဖြတ်ဖို့ အချိန်တန်ပါကြောင်း ပြောလိုသည်။

(ပြည်တွင်းပြည်ပ သတင်းဌာနများတွင် ၁၅ နှစ်ကျော် လုပ်သက်ရှိသူ သတင်းမီဒီယာသမား မျိုးသာထက်သည် ယခုအခါ DVB DEBATE ရုပ်သံအစီအစဉ်တွင် တင်ဆက်သူဖြစ်သည်)

> **တိုင်းပြည်နှင့်လူထုကို မျက်နှာမူလိုက်က အပြစ်အားလုံးသည် ကင်းစင်ပျောက်မည်သာဖြစ်သည်။**
>
> **ပညာရေးလှိုင်းတံပိုးတို့ မြိုင်ဆိုင်ထပါစေ၊ တိုင်းပြည်ကောင်းစေဖို့ စေတနာပဲ့ထိန်းဖြင့် ဉာဏ်ပညာ လေ့ကိုလော်ခတ်ရင်း လေးဖက်လေးတန်က အပြစ်အနာအဆာများနှင့် အခက်အခဲအားလုံးကိုကျော်ဖြတ်ဖို့ အချိန်တန်ပါကြောင်း။**

Think in English
IELTS စာမေးပွဲဖြေဆင်ရှုသင်တန်းသစ်
မတ်လ(၅)ရက်နေ့စတင်ပါမည်။
ကလေးများအတွက်နွေရာသီအင်္ဂလိပ်စကားပြောသင်တန်းများကို မတ်လ(၇)ရက်နေ့အထိကျောင်းအပ်လက်ခံနေပါပြီ။
09-425026102 သို့မှန်းဆက်ဆံစမ်းအပ်နှံနိုင်ပါပြီ။
အမှတ်(၃)ဦးဝိဇ္ဇာလမ်းပဒုန်တောင်ပြိုနယ်။(ရွှေဘုန်းမွှေ့ဘုရားအနီး)

နိုင်ငံတာဝန်ကျေပွန်ဖို့ရေး ကျသင့်အခွန်မှန်မှန်ပေး

'စာမေးပွဲကြီးအတွက် ရေတိုကောင်းပြီး အခြေခံ ကောင်းစေမည်'
ဦးရဲမင်းမိုင် ဇနသင်ရိုးကုန်
(သင်္ချာ)
၈ တန်း(တိုင်းစစ်)ဘာသာစုံ 9:00 စမည်၊ 12:00 ကျောင်းဆင်းမည်။
၉တန်း၊ ၁၀တန်း(သိပ္ပံ၊ဝိပ္ပံ)ဘာသာစုံ 12:30 စမည်၊ 3:30 ကျောင်းဆင်းမည်။
သင်တန်းအားလုံး မတ်လဆန်း၊ စ,မည်
၁၆၅(ပထပ်)၊ဆီပ်ကမ်းသာလမ်း(အလယ်)၊ကျောက်တံတားမြို့နယ်။ဖုန်း ၀၉ ၇၃၁ ၆၁၁၄၀

ပျောက်ဆုံးကြောင်း
၂၀-၂-၂၀၁၅ရက်မှ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ မြင်းစီးလမ်း၊ အမှတ်(၁၈)နေ ကျွန်တော်ဦးမျိုးမြင့်(၁၀/မလမ(နိုင်)၁၀၅၈၄)၏ဘီလေး (မော်လမြိုင်) ကုမ္ပဏီလီမိတက်မှ မော်တော်ယာဉ်တင်သွင်းခွင့် လိုင်စင်အမှတ် HQIL 1 14-15 7894 30-12-2014 အား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဦးမျိုးမြင့်
ဖုန်း-၀၉-၈၇၀၁၂၃၂

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့က အကြံပြုချက်များပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခဲ့မှုအပေါ် ပြည်သူအချို့က စိတ်ပါဝင်စားစွာဖြင့် သုံးသပ်အကြံပြုချက်သတင်းဆောင်းပါးများပေးပို့ကြသည့်နည်းတူ ဝေဖန်အကြံပြုချက်များကိုလည်း လွှတ်တော်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့လျက်ရှိကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖေဖော်ဝါရီ ၂၂ ရက်တွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် အကြံပြုချက်သဘောထားပေးပို့သကဲ့သို့ ယင်းနေ့တွင်ပင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့ကလည်း ဥပဒေကြမ်းနှင့်ပတ်သက်၍ အကြံပြုချက်၊ သုံးသပ်ချက်များကို ရေးသားပြုစုပေးပို့ခဲ့သည်။

ထိုအကြံပြုစာတွင် ၁၉-၂-၂၀၁၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းပါ ပြင်ဆင်ဖြည့်စွက်သည့်ပြဋ္ဌာန်းချက်များနှင့် တည်ဆဲအမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှိုင်းယှဉ်ဇယားအား ၂၀-၂-၂၀၁၅ ရက်နှင့် ၂၁-၂-၂၀၁၅ ရက်တို့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသိမ်ဗမ္မာရုံ၌ ဤတက္ကသိုလ်မှသင်ကြား/စီမံ ဆရာတော် (၆၇) ပါးတို့က အသေးစိတ်လေ့လာဖတ်ရှု၍ ဆွေးနွေးခဲ့ကြပါကြောင်း၊ ထိုသို့ ပိုင်းဝန်းလေ့လာဆွေးနွေးခဲ့ကြပြီးနောက် အမျိုးသားပညာရေးဥပဒေ (၂)မျိုးပါ ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ အကြံပြုချက်များ၊ သုံးသပ်ချက်များကို ရေးသားပြုစုပေးပို့ပါကြောင်း ဖော်ပြထားသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့၏ အကြံပြုချက်များတွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အခန်း(၃) ပုဒ်မ(၄) ပုဒ်မခွဲ(ခ) ပညာရေးလွတ်လပ်ခွင့်နှင့်ပတ်သက်၍ **ကျောင်းများ၊ ဆရာများ၊ ကျောင်းသားများ၊ သင်ရိုးညွှန်းတမ်းများ၊ ဘာသာစကားများ၊ အတွေးအခေါ်များနှင့် ဒေသဆိုင်ရာများအားလုံးတွင် လွတ်လပ်မှုများဖော်ဆောင်လွန်းလျှင် စည်းကမ်းမဲ့လွန်းသည့်လမ်းကြောင်းကို ဦးတည်နေခြင်း**ကြောင့် ပယ်ဖျက်သင့်ကြောင်း၊ အခန်း(၄) ပုဒ်မ(က) ပုဒ်မခွဲ (စစ) ဆရာ ဆရာမများအပေါ် ကျောင်းသား ကျောင်းသူများ၏ အကဲဖြတ်မှုများနှင့်ပတ်သက်၍ ဆရာများကိုတပည့်များက အကဲဖြတ်စနစ်သည် မိဘကိုသားသမီးက ဆရာပြန်လုပ်သလိုဖြစ်ခြင်းမှာ တပည့်(ရဟန်း)များမှ ဆရာ(ရဟန်း)ကို ပြန်လည်အကဲဖြတ်ခြင်းသည် မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီခြင်းတို့ကြောင့် ပယ်ဖျက်သင့်ကြောင်း၊ ပုဒ်မ(ခ) ပုဒ်မခွဲ (ဃဃ) ပါ ဆရာ၊ ဆရာမများသည် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၁၀)ပုဒ်မခွဲ (ဆ)အရ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ခြင်းဆိုသည့် နိုင်ငံ့ဝန်ထမ်းဥပဒေကို လိုက်နာရမည်ဖြစ်ခြင်းနှင့် ပါတီများသို့ဝင်ရောက်ပါက ပါတီစွဲ၊ ဂိုဏ်းဂဏစွဲများ ဖြစ်ပေါ်လာပြီး သင်ကြားအုပ်ချုပ်မှုများတွင် ဆိုးကျိုးများ များစွာပေါ်ပေါက်လာနိုင်ခြင်းကြောင့် ပယ်ဖျက်သင့်ကြောင်း၊ အလားတူ ပုဒ်မ (င) ပုဒ်မခွဲ (ကက)၊ (ခခ)၊ (ဂဂ)၊ (ဃဃ) တို့အား ပယ်ဖျက်သင့်ပြီး မိခင်ဘာသာစကားကို ကျောင်းအလိုက် ရွေးချယ်အသုံးပြုခြင်းသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအားလုံးနှင့် မွတ်စလင်၊ တရုတ်စသည့် ဘာသာခြားများအားလုံးမှ အသီးသီးမွေးဖွားလာသော ကျောင်းသားများအား ရှေးဦးကလေးပညာရေးကဏ္ဍတွင် မိခင်ဘာသာစကားအား သင်ကြားပေးမည့်ပြဋ္ဌာန်းချက်သည် အကောင်အထည်ဖော်ရန် အတားအဆီးများရှိပြီး မည်သို့မျှ ဆောင်ရွက်ရန်မဖြစ်နိုင်ခြင်း၊ ကျောင်းအလိုက် မိခင်ဘာသာစကားကို ရွေးချယ်အသုံးပြုသင်ကြားမည်ဆိုပါက အနာဂတ်တွင် မြန်မာစာပေမှေးမှိန်လာနိုင်ခြင်း၊ ဘာသာခြားတို့၏စာပေများ ပို့ချမှုမှတစ်ဆင့် ဘာသာရေးစည်းရုံးမှု၊ မှိုင်းတိုက်မှုများ ပေါ်ပေါက်လာနိုင်ခြင်း၊ ဗုဒ္ဓဘာသာယုံကြည်သက်ဝင်မှု လျော့ပါးအားနည်းလာနိုင်ခြင်း၊ အင်္ဂလိပ်စာပေကို အလေးထားမသင်ကြားပါက အနာဂတ်လူငယ်များသည် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန် ခက်ခဲအားနည်းချက်များ ရှိလာနိုင်ခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပျက်စီးလာနိုင်ခြင်းတို့ကြောင့် ပယ်ဖျက်သင့်ခြင်းဖြစ်ကြောင်းဖြင့် အကြံပြုထားသည်။

ထို့အပြင် ပုဒ်မ ၁၆ ပုဒ်မခွဲ (ဃ)နှင့် (င)တို့နှင့်ပတ်သက်၍ ကျက်သင့်ကျက်ထိုက်သည်များကို ကျက်မှတ်ရသည်မှာ သဘာဝပင်ဖြစ်ကြောင်း၊ မြန်မာ့ပညာရေးတွင် သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာတူသော ပညာသင်နည်း ၈ ချက်တွင် အလွတ်ကျက်ရခြင်းသည်လည်း အချက်တစ်ချက်အနေဖြင့် ပါဝင်ကြောင်း၊ သို့ဖြစ်၍ အလွတ်ကျက်သင့်သည်များကို အလွတ်ကျက်ရမည်ဖြစ်ကြောင်း၊ အလွတ်ကျက်ဖြေစနစ်ကို ဖျက်သိမ်းလိုက်ခြင်းဖြင့် မိမိတို့နိုင်ငံတွင် ကမ္ဘာပေါ်မှာ ရက်အရှည်ကြာဆုံးစာမေးပွဲ (သုံးဆယ်ရက်) တစ်ခုဖြစ်သော တိပိဋကရွေးချယ်ရေးစာမေးပွဲသည် အာဝုံပြန်အလွတ်ကျက်ရသည့် စာမေးပွဲဖြစ်သည့်အတွက် ဖျက်သိမ်းလိုက်ရပါက ဗုဒ္ဓဘာသာအွန्လိုင်းရှည်တည်တံ့ခိုင်မြဲဖို့ ကြီးစွာသောအဟန့်အတားအန္တရာယ်ကြီးဖြစ်လာနိုင်ခြင်း၊ ဘာသာ သာသနာကို တဖြည်းဖြည်းချင်းဖျက်ဆီးရာရောက်စေခြင်း၊ လောကီပညာရေးအပိုင်းတွင် လူမှုဘဝများ၊ ဘဝအတွက် တစ်သက်တာသိမှတ်ဖွယ်ရာများ၊ အင်္ဂလိပ်စာဝေါဟာရများကို အလွတ်မကျက်မှတ်ထားပါက အနာဂတ်လူငယ်များသည် ကိုယ်ရည်ကိုယ်သွေး၊ အဆင့်အတန်းနိမ့်ပါးသော သူများသာဖြစ်လာနိုင်ခြင်း၊ စာမေးပွဲစနစ်လည်း ပါဝင်ရမည်။ လုပ်ဆောင်ချက်၊ စာတမ်းတင်ပြမှု၊ သုတေသနလေ့လာမှုလည်း ပါဝင်ရမည်၊ ၎င်းတို့ကို အချိုးကျအမှတ်ခွဲဝေသည့်စနစ်ကို ကျင့်သုံးသင့်ခြင်းတို့ကြောင့် ပြင်ဆင်သင့်ပါကြောင်း အကြံပြုထားသည်။

အလားတူ အခန်း(၆)ပုဒ်မ (၃၄)ပုဒ်မခွဲ(ည)မှာ ဘာသာခြားတို့၏ ပညာရေး၊ ဘာသာစကားများ ပူးကပ်ဝင်ရောက် နှောင့်ယှက်ဖျက်ဆီးခွင့်ကို ခွင့်ပြုထားသကဲ့သို့ဖြစ်ခြင်း၊ ဌာနအသီးသီးတွင် ရုံးသုံးမြန်မာစာပေစကားကို ကွယ်ပျောက်အောင် ပြုမူဆောင်ရွက်သော အသွင်အပြင်ဖြစ်နေခြင်း၊ အစွန်းရောက်ဝါဒီတို့ကို အားပေးအားမြှောက်ရာရောက်နေခြင်း၊ အခြားအခြားသော ဘာသာစကား၊ စာပေယဉ်ကျေးမှုများထွန်းကားအောင် အားပေးရာရောက်ခြင်း၊ တိုင်းပြည်နှင့် လူမျိုးအတွက် ရတက်မအေးစရာများ မြင်တွေ့နေရခြင်း၊ ကျေချမ်းစရာများဖြစ်နေခြင်းတို့ကြောင့် လုံးဝပယ်ဖျက်သင့်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် အမျိုးသားပညာရေးဥပဒေ အခန်း(၁၁) ပုဒ်မ(၅၇) ပုဒ်မခွဲ(ခ)ကို ထည့်သွင်းရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် နိုင်ငံ၏ရေမြေသဘာဝ၊ ဓလေ့ထုံးတမ်းအစဉ်အလာ၊ ယဉ်ကျေးမှုစနစ်များအရ ဘ/ကကျောင်းများ၊ ပရိယတ္တိတက္ကသိုလ်များ၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ၊ လူစွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးသည့်ကျောင်းများနှင့် တက္ကသိုလ်ကောလိပ်များကို ဗုဒ္ဓသာသနာ အခွန်ရှည်တည်တံ့ပြန့်ပွားရေး၊ နိုင်ငံတော်၏ လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေဖွင့်လှစ်သင်ကြားပို့ချရခြင်းကြောင့်ဖြစ်ကြောင်းစသည်ဖြင့် ဖော်ပြထားသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့က သုံးသပ်ချက်အနေဖြင့် မိမိတို့၏အဖွဲ့အစည်းကို ဦးစားပေးရှေ့တန်းတင်သည့် ဥပဒေမျိုးနှင့် အာယာတကိုရှေ့တန်းတင်ပြီး ရေးဆွဲထားသည့် ဥပဒေမျိုးမဖြစ်သင့်ဘဲ နိုင်ငံနှင့်လူမျိုး အခွန်ရှည်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ မှန်ကန်သည့်နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ ယဉ်ကျေးမှုကို တန်ဖိုးထားတတ်သည့်စိတ်များ ဖြစ်ပေါ်လာစေရေးတို့ကို ဦးတည်ရှေးရှုသည့်အချက်များ လွှမ်းခြုံပါဝင်သော ဥပဒေမျိုးဖြစ်အောင် ရေးဆွဲသင့်ကြောင်း၊ မှန်ကန်သော၊ တရားမျှတသော အတွေးအခေါ် အယူအဆများကို ပေါ်ထွန်းစေပြီး စာရိတ္တမြင့်မားရေး၊ မဂ်လာတရားတော်နှင့်အညီ ကျင့်သုံးနေထိုင်တတ်ရေး၊ လူတစ်ဦးချင်းစီနှင့် မြန်မာတစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်ဆည်းပေးသည့် ဥပဒေမျိုးလည်းဖြစ်အောင် ရေးဆွဲသင့်ကြောင်း၊ သို့ဖြစ်၍ အမျိုးသားပညာရေးဥပဒေအား ဒီမိုကရေစီ၏အနှစ်သာရဖြစ်သော အများဆန္ဒကိုအလေးထားပြီး အချိန်ယူကာ ပြန်လည်ရေးဆွဲ အကောင်အထည်ဖော်သင့်သည်ဟု ဖော်ပြထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

> **"ကျောင်းများ၊ ဆရာများ၊ ကျောင်းသားများ၊ သင်ရိုးညွှန်းတမ်းများ၊ ဘာသာစကားများ၊ အတွေးအခေါ်များနှင့် ဒေသဆိုင်ရာများအားလုံးတွင် လွတ်လပ်မှုများဖော်ဆောင်လွန်းလျှင် စည်းကမ်းမဲ့လွန်းသည့်လမ်းကြောင်းကို ဦးတည်နေ"**

ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန် ရှင်းလင်းထုတ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်မှ ၂၄-၂-၂၀၁၅ ရက်အထိ လ ၄၀ တာ ကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၄၂၀၆၈၀ ဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် (CD) ၅၆၉၉၁၀ ဒသမ ၂၃ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန်(CT) ၅၄၀၅၆၀ ဒသမ ၀၇ ကျပ်သန်း စုစုပေါင်း ကျပ်သန်း ၁၁၁၀၄၇၀ ဒသမ ၃၀ အား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါအကောက်ခွန် (CD)နှင့် ကုန်သွယ်လုပ်ငန်းခွန်(CT)များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်း အစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၁၁၃၀၇၃ စီး၊ ကားအရောင်းပြခန်းများအတွက် ၉၁၈၉၆ စီး၊ သင်္ဘောသားပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေ အလုပ်လုပ်ကိုင်သူများ ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်/ခရီးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူ ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၀၉၇၂၉ စီး တို့ဖြစ်ကြောင်း သိရသည်။ **(ဝင်းလှိုင်)**

ဒိုက်ဦးမြို့၌ အရန်သားဖွားသင်တန်းဆင်း

ဒိုက်ဦး ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်သော (၁/၂၀၁၄) အရန်သားဖွားသင်တန်းဆင်းပွဲ အခမ်းအနားကို ဒိုက်ဦးမြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးကိုကိုဌေး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ညွှန့်ဝေ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောမြထွန်းတို့က အမှာစကားပြောကြားကာ သင်တန်း၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများချီးမြှင့်ပေးကြသည်။

ယင်းနောက် သင်တန်းသူများအား အရန်သားဖွားဆေးသေတ္တာများကို ပေးအပ်သည်။

အဆိုပါ အရန်သားဖွားသင်တန်းကို ၂၀၁၄ ခုနှစ် ဇူလိုင် ၂၁ ရက်မှ ဇန်နဝါရီ ၁၇ ရက်အထိ သင်တန်းသူ ၂၂ ဦးအား စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

ကျော်ကျော်(IPRD)

Wonderful Days Travels & Tours
တောင်ကြီး ခရီးစဉ် Mar- 26,Apr- 12,13,17
ပုဝ် - တောင်ကြီး Apr- 13
မန္တလေး - တောင်ကြီး Apr- 12
အလောင်းတော်ကသာပ Mar-26, Apr-12
မော်လမြိုင် ခရီးစဉ် Apr- 17
See Travelling, Feel Happy !
Ph: 220 905, 09 731 93 262, 09 731 78 716.

HIGHWAY STAR
Truck & Trailer Co., Ltd
•ရွှေစက်တော် •ပုဂံ၊ ဧည့်ခန်း၊ ပုဗ္ပါ၊ •အင်းလေး၊ တောင်ကြီး၊ •အလောင်းတော်ကသာပ၊ မုံရွာ •ရောင်းသာ၊ ဒွေဆောင်
•ကျိုက်ထီးရိုး (နေ့ချင်းပြန်) •ကျိုက်ထီးရိုး၊ ကျိုက်ထီး•ဆောင်း၊ ကျောက်ပိရတာန္တာ •အကောက်တောင်း ပြည်၊ သရေတွေ့ရာ •ဖွဲ့ကပင်၊ လှမ္ဘီဥယျာဉ်၊ ဆဒ္ဒန်ဂူ •မော်လမြိုင်၊ ကျိုက္ကမီ၊ ဂက်စ်ကမ်းခြေ •သံတောင်ကြီး၊ တောင်ငူ၊ ဝိုး•ကျွန်းဆင်စခန်း •နေပြည်တော်၊ ဝုဒ္ဓဂယာ၊ ဗောဓိဧည်ယျာဉ် အာမတ်ခွဲ - ဓနေ
Feb 27, 28
Mar 3, 13, 26 Discount
VIP 24-1
09:253235411-22, 253241300, 36220108-162

သင့်သွေးဖြင့် အသက်ကယ်ပါ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည်။

ဒုတိယသမ္မတနှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Pisanu Suvanajata နှင့် ဇနီး၊ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် ဒုတိယသမ္မတနှင့်အတူ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာဝင်းမြင့်၊ ဦးထင်အောင်၊ ဒေါက်တာစိုင်းကျော်အုန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါသွားကြသည်။**(ဝဲပုံ)** **(သတင်းစဉ်)**

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E. Mr. Lee Baek-Soon အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထို့သို့လာရောက်တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး လန်ဒန်မြို့၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံအတွင်းသို့ ယူနိုက်တက်ကင်းဒမ်မှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး၊ အဆိုပါနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို သိမြင်လာစေရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား သိရှိနားလည်စေရေးကို ရည်ရွယ်၍ မြန်မာရင်းနှီးမြှုပ်နှံမှုထိပ်သီးဆွေးနွေးပွဲ (The Myanmar Investment Summit) ကိုလန်ဒန်မြို့ရှိ Allen& Overy LLP ရုံးချုပ်၌ ဖေဖော်ဝါရီ ၂၄ ရက်တွင် ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့် မြန်မာလုပ်ငန်းရှင်များ၊ ယူနိုက်တက်ကင်းဒမ်မှ စီးပွားရေးလုပ်ငန်းရှင် ၂၀၀ ခန့် ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် ယူနိုက်တက်ကင်းဒမ်မှ အသိပညာပစ္စည်းဆိုင်ရာဝန်ကြီး Baroness Neville-Rolfe က အဖွင့်အမှာစကားပြောကြားပြီး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဦးဆက်အောင်က မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍ တိုးတက်ဖြစ်ပေါ်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဦးအောင်နိုင်ဦးက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် အစီအစဉ်အရ မြန်မာနိုင်ငံအတွင်း နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ လာရောက်ဆောင်ရွက်နိုင်သည့် အခြေအနေများကိုလည်းကောင်း၊ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်တိုးတက်ရေးကို လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ အတွေ့အကြုံဖလှယ်ခြင်း အစီအစဉ်ကိုလည်းကောင်း စကားပိုင်းအသွင်ဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်သူများ၏ မေးမြန်းချက်များအပေါ် သက်ဆိုင်သူများက အသေးစိတ် ပြန်လည်ဖြေကြားပေးကြသည်။

အဆိုပါဆွေးနွေးပွဲကျင်းပနိုင်ခြင်းကြောင့် ယူနိုက်တက်ကင်းဒမ်မှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ပိုမိုသိရှိသွားခဲ့ပြီး မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှုများစွာ ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခေတ်ဟောင်းမော်တော်ယာဉ် ၇၆ စီးဖြင့် ကမ္ဘာလှည့်ခရီးသွားများအဖွဲ့ ပုဂံဒေသသို့ ရောက်ရှိ

ညောင်ဦး ဖေဖော်ဝါရီ ၂၅

ညောင်ဦးတွင် နယူးဇီလန်နိုင်ငံသား ဧည့်သည် Mr.ANDERSON Roger ဦးဆောင်သော ခေတ်ဟောင်း မော်တော်ယာဉ် ၇၆ စီးဖြင့် ကမ္ဘာလှည့်ခရီးသွားလာရေးအဖွဲ့သည် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့မှ ညောင်ဦး (ပုဂံ) ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဒေသသို့ ဖေဖော်ဝါရီ ၂၄ ရက်နေ့ ညနေပိုင်းက ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ခေတ်ဟောင်းမော်တော်ယာဉ်ခရီးသွားလာရေးအဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ကရင်ပြည်နယ် မြဝတီမြို့၊ ဘားအံမှ မော်လမြိုင်မြို့၊ မော်လမြိုင်မြို့မှ နေပြည်တော်-အင်းလေး-မန္တလေးမြို့များသို့ သွားရောက်လည်ပတ်ခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် မန္တလေးမြို့မှ မြင်းခြံ-ပုပ္ပား-ကျောက်ပန်းတောင်းလမ်းအတိုင်း ခရီးဆက်ခဲ့ပြီး နံနက်ပိုင်းတွင် ပုပ္ပားသို့ရောက်ရှိကာ POPA RESORT ဟိုတယ်၌ နေ့လယ်စာစားခေတ္တနားခဲ့ကြကြောင်း၊ မွန်းလွဲပိုင်းတွင် ပုပ္ပားမြို့မှတစ်ဆင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသသို့ ခရီးဆက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပုဂံတွင် ရွှေနန်းတော်ဟိုတယ်၌ ညအိပ်ရပ်နားတည်းခိုပြီး ဖေဖော်ဝါရီ ၂၅ ရက်တွင် ပုဂံမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ထိုအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက်တွင် ရန်ကုန်မြို့မှ ဥရောပနိုင်ငံသို့ လေယာဉ်ဖြင့်လည်းကောင်း၊ မော်တော်ယာဉ်များကို သင်္ဘောဖြင့်လည်းကောင်း တင်ဆောင်ကာ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း၊ မော်တော်ကား ၇၆ စီးအနက်မှ နှစ်စီးသာ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရဲသူရအောင် (ညောင်ဦး)

◆စာမျက်နှာ ၃ မှ

ဓာတ်ငွေ့ထိန်း/ဖြန့်စခန်းမှတစ်ဆင့် ပိုက်လိုင်းဆက်သွယ်ကာ ပြည်တွင်းအသုံးပြုရန်အတွက် ၂၀၁၄ ခုနှစ် မတ်လမှစတင်၍လည်းကောင်း၊ ထိုင်းနိုင်ငံသို့ ၂၀၁၄ ခုနှစ် ဩဂုတ်လမှစတင်၍လည်းကောင်း ဓာတ်ငွေ့ပို့လွှတ်ရောင်းချလျက်ရှိပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာတွင် ဇလတိက သဘာဝဓာတ်ငွေ့ထိန်းချုပ်ဖြန့်ဖြူးရေးစခန်း တည်ဆောက်မည့်နေရာ ၇၅. ၀၄ ဧက အတွက် မြေယာနှင့်သီးနှံလျော်ကြေး ၁၆စရ၄၆၂၂၂၅ ကျပ်အား ၂၀၁၀ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ပေးလျော်ခဲ့ပါကြောင်း၊ အဆိုပါ ခြံစည်းရိုးပတ်ဝန်းကျင် ခြံရှင်များက ခြံစည်းရိုးတစ်လျှောက် ပတ်လမ်းဖောက်လုပ်ပေးပါရန် ၂၀၁၄ ခုနှစ် မတ်လခန့်ကတည်းက တောင်းဆိုခဲ့ကြခြင်းကြောင့် ပတ်လမ်းဖောက်လုပ်ရန်အတွက် တောင်ကုန်း၊ လျှိုမြောင်များအားလိုအပ်သလို မြေထိုးမြေညှိခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PTTEPI ကုမ္ပဏီတို့အနေဖြင့် ဒေသခံများ သွားလာရေးအဆင်ပြေစေရန်အတွက် သင့်တော်သောပတ်လမ်းဖောက်လုပ်ပေးရန် စီစဉ်ထားရှိခဲ့ပြီး ဖြစ်ပါကြောင်း။

ခြံစည်းရိုးပတ်လမ်းကို လမ်းပိတ်ဆို့ခြင်းမရှိဘဲ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ခြံစည်းရိုးမှ ပတ်လမ်းဖောက်ရန် ရေဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁-၁၂-၂၀၁၄ ရက်စွဲပါစာအမှတ် ၊ ၂၂၀၆ / ၅/ ၁၀-၁/ ပနအ(ရေဖြူ)စာအရ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ၊ PTTEPI ၊ စိုက်ပျိုးရေး၊ မြေစာရင်း၊ ဆည်မြောင်းတို့မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ၊ ခြံပိုင်ရှင်များ စုစုပေါင်း ၉ ဦးပါဝင်သော ကွင်းဆင်းစိစစ်ရှာဖွေရေးအဖွဲ့ ဖွဲ့စည်းကာ ကွင်းဆင်းစစ်ဆေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါကွင်းဆင်းစိစစ်ရှာဖွေရေးအဖွဲ့မှ ခြံစည်းရိုးမှာ အပြင်ဘက်တွင် သုံးပေအကျယ်သာ လမ်းချန်ထားသော်လည်း တောင်ကုန်းများ၊ ချောင်းများရှိနေခြင်းကြောင့် ခြံစည်းရိုးဘေးရှိ ဥယျာဉ်ခြံများမှာ ဝင်ထွက်သွားလာရေး အခက်အခဲရှိပါကြောင်း၊ ခြံစည်းရိုးပတ်လည်တွင် ယခင် Total ကုမ္ပဏီ၊ Petronas ကုမ္ပဏီများကဲ့သို့ ၁၀ ပေအကျယ်အထိ ပတ်လမ်းဖောက်လုပ်ပေးသင့်ကြောင်းကို အကြံပြုလာပါကြောင်း။

ယခုအခါ ကွင်းဆင်းစိစစ်ရှာဖွေရေးအဖွဲ့၏ စစ်ဆေးအကြံပြုချက်များကို ရေဖြူမြို့နယ် အုပ်ချုပ်ရေးမှူးထံသို့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ပြန်လည်တင်ပြထားခဲ့ပြီး ရေဖြူမြို့နယ်အုပ်ချုပ်ရေးမှူးက ထားဝယ်ခရိုင် အုပ်ချုပ်ရေးမှူးထံသို့ ဆက်လက်တင်ပြဆောင်ရွက်ထားဆဲဖြစ်ပါကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီစစ်ဆုံးဖြတ်ချက်ရရှိပါက စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ခြံစည်းရိုးပတ်လမ်းပြုလုပ်ပေးရန်အတွက် PTTEPI ကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို တစ်ပိုဒ်ခြင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

(သတင်းစဉ်)

မြလေယာဉ်စေတီတော်၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မိတ္ထီလာမြို့နယ်ရှိ မြလေယာဉ်စေတီတော်အား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင် မဟာမဂ်လာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ မိတ္ထီလာမြို့ အသောကာရုံ ရေလည်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘာဝတ အမျူးပြုသော ပင့်သံယာတော်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မျူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ လေတပ်စခန်းဌာနချုပ်အသီးသီးမှ ဌာနချုပ်မှူးများ၊ မိတ္ထီလာတပ်နယ်မှ တပ်နယ်မှူးနှင့် တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိစစ်သည်မိသားစုဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသောကာရုံဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘာဝတထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံယာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် အသောကာရုံဆရာတော်ထံ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး**(ယာပုံ)** အမျူးပြုသော အလှူရှင်များက ဆက်ကပ်လှူဒါန်းကြပြီးနောက် ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အလှူရှင်များသည် စေတီတော်အထွတ်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံဆင့်များကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အလှူရှင်များသည် မြလေယာဉ်ထီးတော်တင်အဖွဲ့၏

မဂ်လာရထားပျံဖြင့် ထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့အား အစီအစဉ်အတိုင်း တင်လှူပူဇော်ကြပြီးနောက် ပရိတ်နှံ့သာရည်များဖြင့် ပက်ဖျန်း၍ ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။ မြလေယာဉ်စေတီတော်အား ထီးတော်ဘုံအဆင့်ဆင့်တင် လှူပူဇော်ပြီးနောက် အရန်စေတီများသို့ စိန်ဖူးတော်များ တင်လှူပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် သံယာတော်အရှင်သူမြတ်တို့က ဦးဆောင်၍ ဇယန္တောဗေဒါယာမူလေအစချီသော ဇယမင်္ဂလာ အောင်ဂါထာကို ရွတ်ဆိုကြသည်။ ဆက်လက်ပြီး သံယာတော်အရှင်သူမြတ်များက မြလေယာဉ်စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ သံယာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

လက်ရှိစေတီတော်နေရာသည် ယခင်က စေတီပျက်အုတ်ပုံတစ်ပုံသာဖြစ်ပြီး ၁၉၅၉ ခုနှစ်တွင် တောမရွာ သရက်တောကျောင်းဆရာတော် ဦးမေဏ္ဍကမှ ဦးစီး၍ တပည့်ဒါယကာ၊ ဒါယိကာမများဖြင့် လက်ရှိဥာဏ်တော် အမြင့် ၅၄ ပေရှိ စေတီကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ၁၉၆၈ ခုနှစ်တွင် မြလေယာဉ်ထီးတော်တင်အဖွဲ့မှ စေတီတော်အား ထပ်မံပြုပြင်မွမ်းမံပြီး ထီးတော်အသစ် တင်လှူ၍ စေတီတော်မြတ်အား မြလေယာဉ်စေတီတော်မြတ်ဟု ဘွဲ့အမည်ပေးခဲ့ကြောင်း သိရှိရသည်။

(မြဝတီ)

Tomorrow သတင်းဂျာနယ် နှစ်ပတ်လည်အခမ်းအနားကျင်းပ အမှားပြင်အမည်ဖြင့် ဂျာနယ်တစ်စောင် မကြာမီ ထပ်မံထုတ်ဝေမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များတွင် သိသာထင်ရှားသော အပြောင်းအလဲအဖြစ် သတင်းမီဒီယာလွတ်လပ်ခွင့်များ ရရှိလာပြီး ပုဂ္ဂလိက သတင်းစာနှင့် ဂျာနယ်များ၏ အခန်းကဏ္ဍ ပိုမိုထင်ရှားလာခဲ့ရာ နေ့စဉ်၊ အပတ်စဉ် ထုတ်ဝေလျက်ရှိသော ပုဂ္ဂလိက သတင်းစာနှင့် သတင်းဂျာနယ်များအနက်မှ Tomorrow သတင်းဂျာနယ်ထုတ်ဝေခြင်း တစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel ဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)မှ တာဝန်ရှိသူများ၊ Tomorrow သတင်းဂျာနယ်၏ အမှုဆောင်အရာရှိချုပ်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ စာပေနှင့် စာနယ်ဇင်းအသိုင်းအဝိုင်းမှ တာဝန်ရှိသူများ၊ သတင်းစာဆရာများနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က မုဒိတာစကား ပြောကြားသည်။ ထို့နောက် Tomorrow သတင်းဂျာနယ်၏ အမှုဆောင်အရာရှိချုပ် ဦးဝဏ္ဏ(မာဂျေ)၊ ဒါရိုက်တာအဖွဲ့ဝင်နှင့် ထုတ်လုပ်ရေးအရာရှိချုပ် ဦးဇော်သက်ထွေးနှင့် ပံ့ပိုးကူညီသူ ဦးဇာဂနာတို့က Tomorrow သတင်းဂျာနယ် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

Tomorrow သတင်းဂျာနယ်ကို အပတ်စဉ်ထုတ်ဝေလျက်ရှိပြီး ဒုတိယမြောက်ခြေလှမ်းအဖြစ် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တွင် မှားယွင်းခဲ့သော အမှားများကို ပြင်ဆင်ပြီး မှန်ကန်သည့် ခြေလှမ်းသစ်ဖြင့် လျှောက်လှမ်းနိုင်ရန် ရည်ရွယ်၍ အမှားပြင် သတင်းဂျာနယ် အမည်ဖြင့် သတင်းဂျာနယ်တစ်စောင်ကို မကြာမီ ထုတ်ဝေသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ ထို့ပြင် ပုဂ္ဂလိက သတင်းစာတစ်စောင်ကို ထုတ်ဝေသွားနိုင်ရန် ရည်ရွယ်ထားပြီး မှန်ကန်တိကျဖြောင့်မတ်စွာဖြင့် ပြည်သူ့အတွက် သတင်းမီဒီယာဆိုင်ရာ ဝန်ဆောင်မှုများကို ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် အဆိုပါသတင်းဂျာနယ်၏ ထုတ်လုပ်ရေးအရာရှိချုပ် ဦးဇော်သက်ထွေးက ပြောသည်။ ထို့နောက် Tomorrow သတင်းဂျာနယ်၏ တစ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်လာသူများအား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

မြန်မာဘာသာစကားဖြင့် Gmail သုံးစွဲနိုင်တော့မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာဘာသာစကားဖြင့် Gmail သုံးစွဲနိုင်တော့မည် ဖြစ်ကြောင်းနှင့် လာမည့် ဖေဖော်ဝါရီ ၂၈ ရက်တွင် Google ၏ ပထမဆုံးအကြိမ် "Love Your Language" translate-a-thon ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း Google Product Manager Divon Lan က ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ကုန်သည်လမ်း MAC Tower ရှိ Phandeeyar Innovation Lab တွင် ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

Google Translate မြန်မာကို အသုံးပြုနိုင်တော့မှာ ဖြစ်ပြီး အွန်လိုင်းတွင် မြန်မာဘာသာပြန်ဆိုမှု အရည်အသွေးတိုးတက်မှုရှိစေရန်နှင့် မြန်မာစကားပြောဆိုသူများ ရင်ဆိုင်ကြုံတွေ့နေရသည့် ဘာသာစကား အခက်အခဲများ လျော့နည်းစေရန်အတွက် Google မှ ပထမဆုံးအဖြစ် မြန်မာစာအဖွဲ့နှင့် ပူးပေါင်းကျင်းပပေးသော "Love Your Language" translate-a-thon ကို ရန်ကုန်မြို့ ကုန်သည်လမ်း MAC Tower ရှိ Phandeeyar Innovation Lab တွင် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး Google မှ မြန်မာဘာသာပြန်ဆိုသူများ၊ ဘာသာစကားကျွမ်းကျင်သူများနှင့် မြန်မာဘာသာစကားကို ချစ်မြတ်နိုးသူများ၊ ပညာရှင်များ၊ စိတ်ပါဝင်စားသူများအားလုံးကို အဆိုပါအခမ်းအနားတွင် ပူးပေါင်းပါဝင်ကြရန်လည်း ဖိတ်ခေါ်ထားသည်ဟု သိရသည်။

Gmail အသုံးပြုသူများအနေဖြင့် မြန်မာဘာသာစကားသို့ ပြောင်းလဲအသုံးပြုလိုပါက Language Drop Down Menu မှ Setting ထဲသို့ဝင်၍ Myanmar Language ကို နှိပ်ကာအသုံးပြုနိုင်သည်။ Gmail တွင် အသုံးပြုသော မြန်မာစာမှာ Unicode Font အမျိုးအစားဖြစ်သည့်အပြင် ဖုန်းနှင့်လွယ်ကူစွာ ရွေးချယ်အသုံးပြုနိုင်ရန်အတွက် အခမဲ့ Virtual Keyboard နှစ်ခုကိုလည်း ထည့်သွင်းပေးထားသည်ဟု သိရသည်။ **(ဝ၀ဝ)**

ဆေးပညာလောက၏ သမိုင်းမှတ်တိုင်သစ်ဖြစ်သည့် သတ္တမမြောက် ရင်ချင်းဆက်အမြွာ အောင်မြင်စွာခွဲစိတ်နိုင်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံတွင် ခန္ဓာကိုယ်ချင်းဆက်နွယ်သော ကလေးမွေးဖွားမှုမှာ ဒေသတွင်းနိုင်ငံများထက် မြင့်မားပြီး အဆိုပါကလေးငယ်များကို ခွဲစိတ်ကုသရာတွင် အောင်မြင်မှုလည်းမြင့်မားကြောင်း သိရသည်။ ရန်ကုန်ကလေးဆေးရုံကြီး၏ ရင်ချင်းဆက်အမြွာခွဲစိတ်မှုတွင် သတ္တမမြောက်ခွဲစိတ်မှုအဖြစ် ဘေဘီမိုးသူဇာ(၁)နှင့် (၂)တို့ကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီမှစတင်၍ အထူးကုဆရာဝန်ကြီးများ၊ မေ့ဆေးဆရာဝန်ကြီးများနှင့် ကလေးဆေးပညာဆရာဝန်ကြီးများ ဦးဆောင်သည့် ဆရာဝန်၊ ဆရာမများပါဝင်သော အဖွဲ့ငယ်များဖြင့် ခွဲစိတ်ကုသမှုကို စတင်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် ရင်ချင်းဆက်အမြွာကို အောင်မြင်စွာခွဲစိတ်ကုသနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့ဆေးလောက၏ သမိုင်းမှတ်တိုင်သစ်တစ်ခုဖြစ်သည့် ရင်ချင်းဆက်အမြွာခွဲစိတ်ကုသမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများကို မြန်မာ့သတင်းစဉ်သတင်းအဖွဲ့မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ပါမောက္ခ ဒေါက်တာထူးဟန်
ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး
ရန်ကုန်ကလေးဆေးရုံကြီး

ဆေးရုံအုပ်ကြီး
ဒေါက်တာသိန်းထွန်း

ပါမောက္ခ
ဒေါက်တာရဲမြင့်ကျော်

မြန်မာနိုင်ငံမှာ ရင်ချင်းဆက်အမြွာခွဲစိတ်ကုသမှု ကိုးကြိမ်ဆောင်ရွက်ခဲ့ရာမှာ အခုအကြိမ်က ခုနစ်ကြိမ်မြောက် ခွဲစိတ်ကုသပေးမှုဖြစ်ပါတယ်။ ဒီဘေဘီမိုးသူဇာ(၁)နဲ့ (၂)ကို မြောက်ဥက္ကလာဆေးရုံကြီးမှာ မွေးပြီးပြီးချင်းပဲ ရင်ချင်းဆက်နေတဲ့အတွက် ရန်ကုန်ကလေးဆေးရုံကြီးမှာ လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးခဲ့ပါတယ်။

ကျန်းမာရေးက ရင်ချင်းဆက်နေတာကလွဲလို့ ကောင်းမွန်ပါတယ်။ ကလေးတွေကို ခွဲလို့ရမယ့် အချိန်အထိ လိုအပ်တဲ့ပြင်ဆင်မှု၊ ကျန်းမာရေးစစ်ဆေးမှုတွေ လုပ်ခဲ့ပါတယ်။ အတွင်းက ဘယ်နေရာမှာ ဘာတွေဆက်နေလဲ၊ သွေးအခြေအနေ စတဲ့ စစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပြီးမှ ခွဲစိတ်လို့ရတဲ့ အနေအထားရတဲ့အတွက် ကလေးတွေ အသက် ၁ နှစ်နဲ့ ၇ လမှာ ဒီလိုခွဲစိတ်မှု ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။

ကလေးတွေ ခွဲစိတ်ကုသဖို့အတွက် လိုအပ်တဲ့ လူအင်အား၊ ဆေးဝါး၊ ကာကွယ်ဆေးနဲ့ ပစ္စည်းကိရိယာတွေပါ နိုင်ငံတော်နဲ့ ကျန်းမာရေးဝန်ကြီးဌာနက ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းထောက်ပံ့ပေးပါတယ်။

ဒီလိုခွဲစိတ်ကုသအောင်မြင်တာက ပြောပြလို့မရနိုင်အောင် ပီတိဖြစ်ရပါတယ်။ ဒီကလေးတွေရဲ့ အခြေအနေဟာ တခြားရောဂါတွေနဲ့ မတူပါဘူး။ တချို့ဆို ခွဲစိတ်လို့မရအောင် နှစ်ယောက်ပေါင်းမှ နှလုံးတစ်ခုတည်းရှိတာ၊ သွေးကြောမကြီးတွေဆက်နေတာတို့ဖြစ်တတ်ပါတယ်။ အခု ကလေးတွေကတော့ ကျန်းမာရေးလည်း ကောင်းမွန်ပါတယ်။

ခွဲစိတ်မှုတစ်ခု အောင်မြင်တိုင်းမှာ တစ်ဦးတစ်ယောက်ချင်းရဲ့ ကောင်းမွန်မှုထက် ဒီလိုခွဲစိတ်မှုကို အောင်မြင်အောင် ပိုင်းဝန်းဆောင်ရွက်တဲ့ အထူးကုဆရာဝန်ကြီးတွေ၊ မေ့ဆေးဆရာဝန်ကြီးတွေ၊ ကလေးဆေးပညာဆရာဝန်ကြီးတွေနဲ့ ဆရာ ဆရာမတွေ အားလုံးရဲ့ စုပေါင်းဆောင်ရွက်မှုကြောင့်သာ အောင်မြင်တာဖြစ်ပါတယ်။ ခွဲစိတ်ကုသမှုကိုလည်း အအောင်မြင်ဆုံး ဖြစ်အောင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် ကြိုးစားပြီး ခွဲစိတ်မှာဖြစ်ပါတယ်။ အားလုံးပိုင်းဝန်း ပံ့ပိုးပေးကြတာကိုလည်း ကျေးဇူးတင်ပါတယ်။

ဒေါက်တာသိန်းထွန်း
ဆေးရုံအုပ်ကြီး
ရန်ကုန်ကလေးဆေးရုံကြီး

ရန်ကုန် ကလေးဆေးရုံကြီးမှာ ရင်ချင်းဆက်အမြွာခွဲစိတ်မှုက ဒါနဲ့ဆိုရင် ခုနစ်ကြိမ်ရှိပါပြီ။ မနန်းစိုး၊ မနန်းစံတို့ အချိန်ကနေ ဒီနေ့ ဘေဘီမိုးသူဇာတို့ကို ခွဲစိတ်ကုသတော့မှာ ဖြစ်ပါတယ်။ မခွဲစိတ်ခင်ကတည်းက ရင်ချင်းဆက်အမြွာခွဲစိတ်ဖို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး လုပ်ငန်းကော်မတီနဲ့ အထွေထွေ စီမံခန့်ခွဲရေးအဖွဲ့တွေကို ဖွဲ့စည်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ခွဲစိတ်ပြီးစီးရင်လည်း ကလေးတွေရဲ့ ကျန်းမာရေးအခြေအနေကို ဆက်လက်ကြည့်ရှုစောင့်ရှောက်သွားမှာဖြစ်ပါတယ်။ ကလေးတွေက ကျန်းမာရေးပြဿနာလည်း ကြီးကြီးမားမားမရှိပါဘူး။ ခွဲစိတ်ကုသမှု အောင်မြင်ခဲ့ရင် မြန်မာ့ဆေးပညာလောကရဲ့ အောင်မြင်မှုတစ်ခု ဖြစ်လာမှာပါ။ ခွဲစိတ်ဆရာဝန်ကြီးတွေ၊ မေ့ဆေးဆရာဝန်ကြီးတွေနဲ့ ဆရာဝန်၊ ဆရာမတွေ ပါဝင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ အောင်မြင်မှု စွမ်းဆောင်ရည်ကိုပြသနိုင်မှာလည်း ဖြစ်ပါတယ်။

နောက်တစ်ခုက နောင်လာမယ့် မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပညာပေးပြီး မျှဝေခွင့်လည်းရတာပေါ့။ အရေးကြီးဆုံးကတော့ ကလေးလေးတွေ ဒီလိုပူးကပ်ပြီး နေနေရတာကို ခွဲစိတ်ပြီးလို့ တစ်ယောက်တခြားစီ ဖြစ်သွားပြီဆိုရင် သူတို့တွေရဲ့စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေ အများကြီးရလာမှာပါ။ လွတ်လွတ်လပ်လပ်နဲ့ စိတ်ချမ်းချမ်းသာသာနဲ့ သူတို့ဘဝကို အတူတူ လျှောက်လှမ်းနိုင်မှာပါ။

ပါမောက္ခဒေါက်တာရဲမြင့်ကျော်
ကလေးကျန်းမာရေးပညာဌာန
ရန်ကုန်ကလေးဆေးရုံကြီး

ရင်ချင်းဆက်အမြွာကို မခွဲခင်နဲ့ ခွဲပြီးနောက်ပိုင်း ဆေးဝါးကုသမှုနဲ့ ကျန်းမာရေး စောင့်ရှောက်မှုကို ကျွန်တော်ဦးဆောင်ပြီး ဆေးကုသမှုအဖွဲ့က တာဝန်ယူထားပါတယ်။ ကျွန်တော်နဲ့အတူ ပါမောက္ခတစ်ဦး၊ တွဲဖက်ပါမောက္ခနှစ်ဦး ပါဝင်ပြီး အထူးကုဆရာဝန် အဆင့်ဆင့်ပါဝင်တဲ့ အဖွဲ့က ရက်အလိုက်တာဝန်ယူထားပါတယ်။

ပါမောက္ခ/ဌာနမှူးအဖြစ်နဲ့ ၂၀၁၃ ခုနှစ်က ဒီဆေးရုံကို ပြန်ရောက်လာတာပါ။ ကျွန်တဲ့ခွဲစိတ်မှုတွေ တုန်းက နယ်မှာတာဝန်ကျနေတာ ဖြစ်ပြီး ဒုတိယမြောက် ရင်ချင်းဆက်အမြွာဖြစ်တဲ့ အေးအေးငြိမ်း၊ အိအိငြိမ်းတို့ ခွဲခဲ့တုန်းကတော့ ကျွန်တော်က ကလေးအထူးကု ဆရာဝန်အဖြစ်နဲ့ ပါဝင်ခဲ့ပါတယ်။

ဒီဆေးရုံကို ရင်ချင်းဆက်ကလေးတွေ စရောက်လာကတည်းက တာဝန်ခံ မွေးကင်းစအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါ်လှမြတ်နွယ် ဆီမှာ ထားထားပြီး တောက်လျှောက် စောင့်ရှောက်ခဲ့ပါတယ်။ သူတို့တွေက ကျန်းမာရေးနဲ့ပတ်သက်ပြီး ထွေထွေထူးထူး ပြဿနာတွေ ပါမလာဘူး။ ကလေးတွေရဲ့ ကျန်းမာရေးအခြေအနေက တော်တော်လေးကောင်းပါတယ်။

အဓိကကတော့ အသည်းနှစ်ခုနည်းနည်းဆက်နေတာပဲရှိပါတယ်။ အရင် ကလေးတွေထက်စာရင် ပြဿနာနည်းလိမ့်မယ်လို့ ထင်ပါတယ်။

မြန်မာနိုင်ငံမှာ ကလေးခွဲစိတ်ဆရာဝန်ကြီးတွေ တော်တော်နည်းပါတယ်။ ဒီလိုနည်းတဲ့အထဲမှာမှ ကလေးခွဲစိတ်မှုတွေ အောင်မြင်အောင် ဆောင်ရွက်နိုင်တဲ့ ဆရာဝန်ကြီးတွေအတွက် ဝမ်းမြောက်ဂုဏ်ယူရမှာပါ။

ဦးကျော်ဆန်းရှိန်၊ ဒေါ်မိုးသူဇာ
ရင်ချင်းဆက်အမြွာ မိဘများ

ကျွန်တော်တို့က လှိုင်သာယာမှာ နေပါတယ်။ မြောက်ဥက္ကလာဆေးရုံကြီးမှာ မွေးပြီးတာနဲ့ ဒီဆေးရုံမှာ ကလေးတွေ စောင့်ရှောက်ပေးပါတယ်။ ကလေးလေးတွေ ပူးမနေဘဲ တစ်ယောက်စီဖြစ်ပြီး သူလိုငါလို ဖြစ်လာမှာကိုတွေးပြီး တော်တော်ပျော်ပါတယ်။ ကျွန်တော်တို့က ဘာမှ နားမလည်တော့ ဆရာဝန်ကြီးတွေက အကောင်းဆုံးလုပ်ပေးနေတာလည်း တွေ့ပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ သူတို့ ကံကောင်းပါစေလို့လည်း ဆုတောင်းပါတယ်။

မေးရေး-မိုးသူဇာစိုး
မာတ်ပုံ-ရဲထွင့်

မိုဘိုင်းလ်ဖုန်းမှတစ်ဆင့် လေယာဉ်လက်မှတ်ဝယ်ယူနိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပွင့်လင်းလာသည့် ရာသီနှင့်အတူ ပြည်တွင်းပြည်ပခရီးသွားများ တိုးမြင့်လာသည့်အတွက် ခရီးသွားများ လွယ်ကူအဆင်ပြေစေရန် မြန်မာတစ်နိုင်ငံလုံးရှိ မိုဘိုင်းလ်ဖုန်းအသုံးပြုနိုင်သော နေရာများအားလုံးတွင် မိုဘိုင်းလ်ဖုန်းမှတစ်ဆင့် ငွေပေးချေမှုစနစ်ဖြင့် လေယာဉ်လက်မှတ်ဝယ်ယူနိုင်တော့မည်ဖြစ်သည်။

"ခရီးသွားများ အလုပ်တွေနဲ့ မအားလပ်လို့ပဲဖြစ်စေ၊ ခရီးသွားလာနေရလို့ပဲဖြစ်စေ၊ CB Mobile Banking ဝန်ဆောင်မှုနဲ့ မိုဘိုင်းလ်ဖုန်းကနေတစ်ဆင့် လေယာဉ်လက်မှတ်များ ဝယ်ယူလို့ရပါပြီ"ဟု ကိုလံဘတ်ခရီးသွားလုပ်ငန်းမှ စျေးကွက်မန်နေဂျာ ဦးလှမျိုးက ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ CB Bank ရုံးချုပ်၌ ကျင်းပသည့် CB Bank နှင့် Columbus Travels တို့ ပူးပေါင်းဆောင်ရွက်သည့် CB Mobile Banking ငွေပေးချေမှုစနစ်ဖြင့် လေယာဉ်လက်မှတ်ဝယ်ယူနိုင်မည့် ဝန်ဆောင်မှုအသစ်မိတ်ဆက်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ခင်မောင်ဝင်း(ကြေးမုံ)

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်

ဇီးကုန်း ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် လျှပ်စစ်မှူး ဦးဟန်ဆွေ ဦးဆောင်သော လျှပ်စစ်လိုင်းဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြည်သူများ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး အတွက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်လျှပ်စစ်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက် အမှတ်(ပ-၃၂၆၆၂)၊ ဧရိယာ (၀.၀၅၅)ဧက၊ ဦးစိုးမြင့်ဝင်း(ကွယ်လွန်) အမည်ပေါက်မြေကွက်အား ၎င်း၏အမွေခံ ဇနီးဖြစ်သူ ဒေါ်သန်းသန်းအေး၊ မှတ်ပုံတင်အမှတ် ၁၂/မဂတ(နိုင်)၀၄၉၃၁၃၊ အဘအမည် ဦးအောင်သန်းမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများ တင်ပြပြီး မြေကွက်အမည်ပေါက်ပြောင်းလဲ၍ မြေဌားစာချုပ်လျှောက်ထားထုတ် ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားနိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အခြေခံကျန်းမာရေးတက္ကသိုလ်
(တတိယ)အကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

အခြေခံကျန်းမာရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ကျန်းမာရေးတက္ကသိုလ် မကွေးခ၌ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ပူးပေါင်းပါဝင်ကြရန် ဖိတ်ကြားအပ်ပါသည်။ အခမ်းအနား ဖြစ်မြောက်ရေးအတွက် အောက်ပါကျောင်းသားဟောင်းများနှင့် ဆက်သွယ်၍ အလျှောင်ငွေများထည့်ဝင်လျှောက်နိုင်ပါသည်။

ကိုနေမျိုးထွန်း-၀၉-၃၁၈၂၀၀၅၈၊ ကိုစိုင်းအောင်ဆိုင်-၀၉-၃၃၂၂၂၂၅၀၀၊
ကိုသန်းကျော်စိုး-၀၉-၄၃၁၅၃၄၉၂ ကိုတင်လှိုင်မင်း-၀၉-၉၇၄၀၈၃၄၀၂
မစုဝေဖြိုး- ၀၉-၄၀၁၅၂၄၃၃

လျှပ်စစ်သုံးလျှင် သတိယူ၊ ဝန်အားမမျှ မသုံးရ

ပထမအကြိမ် စာကြည့်တိုက်ဖွံ့ဖြိုးရေးဆိုင်ရာ အတွေးအမြင်ပလှယ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်များ၏ စာကြည့်တိုက်ဖွံ့ဖြိုးရေးဆိုင်ရာ အတွေးအမြင်ဖလှယ်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။**(ယာပုံ)**

အဆိုပါ အတွေးအမြင်ဖလှယ်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရိုင်လေးခုနှင့် မြို့နယ်ပေါင်း ၄၅ မြို့နယ်က စာကြည့်တိုက်ဖွံ့ဖြိုးမှုဆိုင်ရာ အတွေးအမြင်များပါဝင်သည့် ပိုစတာများခင်းကျင်းပြသပြီး စာကြည့်တိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲ၊ စိန်ခေါ်မှုများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် အနာဂတ်ရည်မှန်းချက်များကို ခရိုင်အလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် မြို့နယ်အသီးသီးတွင် Public Digital Library Service-PDSL စက် ၇၅ လုံး တပ်ဆင်ထားပြီးဖြစ်ကာ သုတ၊ ရသ စာအုပ်ပေါင်း ၆၀၀၀ ကျော်ကို ဖတ်ရှုလေ့လာနိုင်ပြီဖြစ်ကြောင်း သိရသည်။ ထို့ပြင် သုတ၊ ရသ၊ စာအုပ်စာတမ်းများနှင့် သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်များကိုပါ ဖတ်ရှုနိုင်အောင် စာပေရေချမ်း စင်၊ နံရံကပ်စာပေရေချမ်းစင်များဖြင့် နေရာဒေသအလိုက် ဆောင်ရွက်လျက်ရှိသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်စေရန်အတွက် အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ စာအုပ်စာပေအလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နည်းပညာအသုံးပြု

စာကြည့်တိုက်ဝန်ဆောင်မှုများ တိုးမြှင့်ရရှိနိုင်ရန်အတွက် Tablet များကို အသုံးပြု၍ နည်းပညာသုံး စာကြည့်တိုက်ဝန်ဆောင်မှုများ စတင်ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

လေခွက်ချည်းကျန် . . . အလံမလဲ

သတင်းနှင့်ဓာတ်ပုံ-ခင်ချိုဝင်း

အင်ဒိုမြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်တက္ကသိုလ်များ လေ့လော်အသင်းက ကြီးမှူးကျင်းပသည့် တက္ကသိုလ်များ (ရန်ကုန်) လေ့လော်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ရန်ကုန်မြို့ အင်းလျားကန်၌ ကျင်းပနေပြီဖြစ်သည်။

တက္ကသိုလ်များ လေ့လော်ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူးနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ အချို့အား တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ပါသည်။

ဦးတင့်ဝေ
(အားကစားအရာရှိ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ပြိုင်ပွဲကျင်းပရေးအတွင်းရေးမှူး)

ပြိုင်ပွဲမှာကြီးကြပ်ဖို့ မြန်မာနိုင်ငံ လေ့လော်အဖွဲ့ချုပ်နဲ့ မြန်မာနိုင်ငံ ရေတပ်မတော်အဖွဲ့တို့ကို အကူအညီတောင်းတယ်၊ ပြိုင်ပွဲတာလွှတ်၊ တာဖမ်းတာရော အားလုံးကို မြန်မာနိုင်ငံလေ့လော်အဖွဲ့ချုပ်နဲ့ မြန်မာနိုင်ငံ ရေတပ်မတော်က အကုန်လုံး စံချိန်စံညွှန်းကအစ တာဝန်ယူပြီးတော့ လုပ်ပေးတာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ကျောင်းပေါင်းစုံ တံခွန်စိုက်ပေးမယ်။ အမျိုးသားပြိုင်ပွဲမှာ အမျိုးသားအမှတ် အများဆုံးကျောင်း၊ အမျိုးသမီး အမှတ်အများဆုံးကျောင်း၊ အမျိုးသား အမျိုးသမီး နှစ်ခုပေါင်း တံခွန်စိုက်ဆိုပြီး ဆုချီးမြှင့်မယ်။ ရမှတ်အနေနဲ့ ပထမဆုကို ခုနစ်မှတ်၊ ဒုတိယဆုကို ငါးမှတ်၊ တတိယဆုကို သုံးမှတ်လို့ ပေးပါတယ်။ အဲဒီအမှတ်ပေး စည်းမျဉ်းက ဆုတက်တဲ့အပေါ်မူတည်ပြီး အမျိုးသားသီးသန့် တံခွန်စိုက်၊ အမျိုးသမီး သီးသန့်တံခွန်စိုက်၊ အမျိုးသား အမျိုးသမီး နှစ်ခုပေါင်း တံခွန်စိုက်ပေးဖို့ ရည်ရွယ်ထားပါတယ်။

အခုဒီပြိုင်ပွဲမှာ ထူးခြားတာတစ်ခုက Junior အသင်းပြိုင်ပွဲဆိုပြီး ခွဲပြီးလုပ်ပေးတယ်။ Junior ပြိုင်ပွဲမှာ အခုမှ စဝင်ခါစအသင်းဖြစ်တဲ့ အတွက်ကြောင့် သုံးမှတ်၊ နှစ်မှတ်၊ တစ်မှတ်ဆိုပြီး အမှတ်ပေးဖို့ဝိုင်းပြီး သဘောတူ ဆုံးဖြတ်ထားတယ်။ ကျွန်တော်တို့ အခုဒီပြိုင်ပွဲကျင်းပတဲ့ အခါ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ပါဝင်မှာ ဖြစ်တဲ့အတွက်ကြောင့် ပြိုင်ပွဲမှာ အတွင်းရေးမှူး လေးဦး ရှိပါတယ်။ ဒီပြိုင်ပွဲကို အားလုံးဝိုင်း စုစည်းပြီး တာဝန်ယူလုပ်ဆောင်နေ တာဖြစ်ပါတယ်။ ပြိုင်ပွဲကို သုံးရက် သတ်မှတ်ထားပါတယ်။ ဖေဖော်ဝါရီ ၂၅၊ ၂၆ ရက်မှာ လူစစ်ပွဲများနဲ့ တတိယနေရာလုပ်ပွဲ ကျင်းပပြီး ၂၇ ရက်မှာ ပိုလ်လုပ်ပွဲနဲ့ ဆုပေးပွဲ အခမ်းအနားပြုလုပ်မှာဖြစ်ပါတယ်။

ဒီတက္ကသိုလ် လေ့လော်အသင်းကြီး ပြန်လည်လှုပ်ရှားလာတာ ကျွန်တော်တို့ တက္ကသိုလ်သမိုင်းမှာ ထူးခြားတဲ့ ဖြစ်စဉ်တစ်ခုပါ။ ဒီတက္ကသိုလ် လေ့လော်အသင်းကြီးက ပိုပြီးအောင်မြင်မှု ရသလဲဆိုရင် မနှစ်က မလေးရှားနိုင်ငံ Varsity Boat ပြိုင်ပွဲမှာ ရန်ကုန်တက္ကသိုလ်များ လေ့လော်အသင်းက ဒုတိယအကြိမ် သွားရောက်ယှဉ်ပြိုင်တဲ့ အခါ တက္ကသိုလ်များဖိတ်ခေါ်ပြိုင်ပွဲမှာ တစ်ယောက်ချင်းလော် ပြိုင်ပွဲမှာ ပထမဆု ရရှိခဲ့တယ်။ အဲဒီရလဒ်ကြောင့် ကျောင်းသား ကျောင်းသူတွေက ပျော်လည်းပျော်တယ်။ အားလည်းတက်တယ်။ ငါတို့မြန်မာနိုင်ငံက လူတွေ သွားပြိုင်ရင် တခြားနိုင်ငံကို နိုင်တာပဲဆိုတဲ့ စိတ်ဓာတ်ရှိပြီး ပိုပြီး ယှဉ်ပြိုင်ချင်လာကြတယ်။

နှင်းဝေလှိုင်
(ဒုတိယနှစ်၊ ရူပဗေဒ၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)

ကျွန်မ ဒီနှေနှစ်ယောက်လော်ရယ်၊ နှစ်တက်လော်ရယ်၊ တစ်ယောက်လော် အားလုံးပြိုင်ပွဲ သုံးပွဲယှဉ်ပြိုင်မယ်။ မနှစ်ကပြိုင်ပွဲမှာ ဒုတိယဆု တစ်ဆုနဲ့ တတိယဆု နှစ်ဆုရခဲ့တယ်။ ပြိုင်ပွဲ အတွေ့အကြုံ ရှိပြီးသားဆိုပေမယ့် ပြိုင်ပွဲဆိုတော့ စိတ်ထဲမှာနည်းနည်း လေးတော့ လေးတယ်။ အခုပြိုင်ပွဲ သုံးမျိုးစလုံးကို ဆုရမယ်လို့လည်း မှန်းထားတယ်။ ဒီလိုအားကစားကို နေ့တိုင်းလုပ်နေရတဲ့အတွက် အမောလည်းခံနိုင်လာတယ်။ ကျန်းမာရေးအတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုတယ်။ နောက်နှစ်လည်း ဝင်ပြိုင်မှာပါ။

သော်ကိုကိုလွင်
(တတိယနှစ်၊ ဓာတုဗေဒ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)

ကျွန်တော်က နှစ်ယောက်လော်၊ လေးယောက်လော်နဲ့ နဂါးလေ့လော် ပြိုင်ပွဲမှာ ယှဉ်ပြိုင်မှာပါ။ မနက်ကတော့ တစ်ပွဲပြိုင်ပြီးပြီ။ ကျွန်တော် နိုင်ချင်တဲ့လူတွေကို နိုင်ရတဲ့အတွက် အရမ်းပျော်ပါတယ်။ ပြိုင်ပွဲအတွက် သူငယ်ချင်းတွေ အကုန်လုံးပေါင်းပြီး လည်း လေ့ကျင့်တယ်။ ဆရာတွေ ညွှန်ကြားတဲ့အတိုင်းလည်း လေ့ကျင့်တယ်။ အဲဒီအတွက် ပြိုင်ပွဲမှာ ဆုရမယ်လို့လည်း ယုံတယ်။ မနှစ်ကတော့ ဒုတိယဆုရခဲ့တယ်။ ဒီနှစ်ကတော့ ပထမဆုကနေ လုံးဝမလျှော့ဘူး။ နဂါးလေ့နဲ့ အနောက်တိုင်း လေ့လော်နည်းက နည်းနည်းတော့ ကွာခြားတယ်။ နဂါးလေ့က လူတော့ နည်းနည်းပင်ပန်းတယ်။

ထက်ပိုင်စိုး
(နောက်ဆုံးနှစ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)

ကျွန်တော် ဒုတိယနှစ်သင်တန်းတက်တုန်းက ပြိုင်ပွဲမှာ တံခွန်စိုက်ဆုရခဲ့တယ်။ တတိယနှစ်မှာတော့ ဆုမရပါဘူး။ နှစ် (၉၀) ပြည့်ပြိုင်ပွဲမှာ ဒုတိယဆု၊ မနှစ်က တက္ကသိုလ်ပေါင်းစုံပြိုင်ပွဲမှာလည်း ဆုရတယ်။ အခု ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်နဲ့ လေးယောက်လော် ပြိုင်မယ်၊ ကျွန်တော်တို့က နောက်ဆုံးပိုလ်လုပွဲမှာ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်နဲ့တွေ့မယ်။ ပြိုင်ပွဲ အခြေအနေက နည်းနည်းကောင်းတဲ့ အတွက် ရန်ကုန်စီးပွားရေး တက္ကသိုလ်အနေနဲ့ တံခွန်စိုက်ဒိုင်း ရမယ်လို့ မှန်းတော့မှန်းထားတယ်။ နောက်နှစ်ကျရင် ကျောင်းပြီးပြီဖြစ်တဲ့ အတွက် ဒီပလိုမာတန်း ဆက်တက်လို့ရှိရင်လည်း လေ့လော်မှာပဲ ဆက်ရှိမှာပါ။ သံယောဇဉ်က မကုန်ဘူး။

စိုးသူရကျော်
(တတိယနှစ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်)

ကျွန်တော် တစ်ယောက်လော် ပြိုင်ပွဲတော့ ပြိုင်ပြီးသွားပြီ။ တစ်ယောက်လော်က ဒီနှစ်မှ စပြိုင်တာ။ အတွေ့အကြုံဝင်ယူတဲ့သဘောပါပဲ။ မနှစ်က နှစ်ယောက်လော်နဲ့ လေးယောက်လော်ပြိုင်တယ်။ တစ်နှစ်နဲ့တစ်နှစ် ဝင်ပြိုင်ပြီးလို့လားတော့ မသိဘူး။ ဒီနှစ်မှာတော့ အရင်နှစ် တွေကလောက် ရင်ခုန်တာတော့ သိပ်မဖြစ်တော့ဘူး။ နောက်နှစ် ပြိုင်ပွဲမှာ တစ်ယောက်လော်ကို ပိုပြီး အားထားပြီး ပြိုင်မယ်။ ကျွန်တော် တို့ကျောင်းမှာ သင်ရတာက ဘက်စုံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုတဲ့ အခါကျတော့ ကျွန်တော်ဆရာဖြစ်လာ လို့ရှိရင် တပည့်တွေကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ပဲ ဦးစားပေး သင်ကြားပေးမှာ ဖြစ်ပါတယ်။

ယနေ့ ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် အုပ်စုပြိုင်ပွဲများနှင့် တတိယနေရာလုပွဲများ ပါဝင်ယှဉ်ပြိုင်ပြီး ဖေဖော်ဝါရီ ၂၇ ရက်တွင် နောက်ဆုံးပိုလ်လုပွဲကို ယှဉ်ပြိုင်ကာ ဆုချီးမြှင့်သွားမည် ဖြစ်ကြောင်းနှင့် ယမန်နှစ်က ရန်ကုန်တက္ကသိုလ်များ လေ့လော်ပြိုင်ပွဲတွင် ရန်ကုန်ပညာရေး တက္ကသိုလ်က တံခွန်စိုက်ဒိုင်းဆုကို ရရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် လေ့လော်ပြိုင်ပွဲ၏ တံခွန်စိုက်ဒိုင်းဆုကို မည်သည့် တက္ကသိုလ်၊ ကောလိပ်က ရရှိမည်ကို လာရောက်ကြည့်ရှုအားပေးကြသည့် လေ့လော်ပြိုင်ပွဲ အားကစားဝါသနာရှင် တက္ကသိုလ်ကျောင်းသား ကျောင်းသူအချင်းချင်းက သူ့ထက်ဝါ အပြိုင်အဆိုင် ရွှင်မြူးအားရ ဝေဖန်ပြောဆို အားပေးနေကြသည်မှာ အင်းလျားကန်ပေါင်တစ်လျှောက်မှ သည် အထက်ဘဝဂ်သို့တိုင်အောင် ပျံ့လွင်နေသည်ဟု ဆိုရမလောက်ပင် ဖြစ်နေပါတော့သည်။

နှင်းဝေလှိုင်။

သော်ကိုကိုလွင်။

ထက်ပိုင်စိုး။

ဦးတင့်ဝေ။

စိုးသူရကျော်။

တပ်မတော်သားများအတွက် အလျှော့ငွေနှင့် ပစ္စည်းများ ဆက်သွယ်လျှောဒါန်းနိုင်

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အလျှော့ငွေနှင့် ပစ္စည်းများလျှောဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လျှောဒါန်းနိုင်ပါသည်-

(၁) ဒုတိယပိုလ်မှူးကြီး သန့်ဇော် - ၀၉-၇၃၂၀၆၆၉၉၊ ၀၃၁-၂၅၉၂၆(ရန်ကုန်)
(၂) ဒုတိယပိုလ်မှူးကြီး ဝင်းနိုင်ထွေး - ၀၉-၅၂၅၀၉၉၅၅၊ ၀၃၃-၃၆၀၃၃(လားရှိုး)
(၃) ဒုတိယပိုလ်မှူးကြီး စိုးမြင့် - ၀၉-၂၀၉၉၀၇၆၊ ၀၃၃-၃၃၀၆၅၅၊ ၀၃၃-၃၃၀၇၁(မန္တလေး)
(၄) ဒုတိယပိုလ်မှူးကြီး ရန်နောင် - ၀၉-၃၉၁၀၆၅၃၀၊ ၀၉-၃၆၁၉၂၉၃၉၊ ၀၃၄-၃၂၀၇၀ (တောင်ကြီး)

လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပညာရေးဝန်ထမ်းများ မန္တလေးမြို့သို့ ရောက်ရှိ

မန္တလေး ဖေဖော်ဝါရီ ၂၅

လောက်ကိုင်ဒေသနှင့် အနီးအနား ကျေးရွာများတွင် သွားရောက်တာဝန်ထမ်းဆောင်နေကြသော ပညာရေးဝန်ထမ်းဆရာ ဆရာမ ၄၄၅ ဦးတို့သည် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးမြို့ရှိ ပညာရေးကောလိပ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

မန္တလေးမြို့သို့ ရောက်ရှိလာသော ပညာရေးဝန်ထမ်းများအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က ကြိုဆိုနှုတ်ဆက်အားပေးစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလျှုရှင်များက ညနေစာ ထမင်းဖြင့် လျှောဒါန်းကျွေးမွေးကာ ၎င်းတို့နေထိုင်ရာဒေသ အသီးသီးသို့ ဆက်လက်ထွက်ခွာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

"ဆရာ ဆရာမတွေအတွက် လစာနှစ်လစာကြိုတင်ထုတ်ပေးဖို့ စီစဉ်ထားတယ်။ ဒေသမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေ စာမေးပွဲဖြေဖို့လည်း လားရှိုးနဲ့ ကွမ်းတုံမှာ စာစစ်ဌာနအသစ် ဖွင့်လှစ်ထားတယ်။ အခုဆရာမတွေကို ကျောင်းပိတ်ရက်နဲ့လည်းနီးတဲ့အတွက် အဆင်ပြေအောင် ပြန်ခိုင်းလိုက်တာပါ။ ဟိုမှာရှိနေတဲ့ဌာနဆိုင်ရာ ဝန်ထမ်းတွေရော၊ ပြည်သူတွေပါ နောက်တန်းကို စုစည်းပြီး ပြန်ခိုင်းနေပါတယ်။ ဌာနဆိုင်ရာ ဝန်ထမ်းပေါင်း ၈၀၀ ကျော်ရှိတယ်" ဟု အမှတ် (၂)အခြေခံပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်က ပြောသည်။

"ကျန်ခဲ့တဲ့ ကျောင်းသား ကျောင်းသူလေးတွေအတွက်တော့ စိတ်မကောင်းပါဘူး။ ဟိုမှာက မငြိမ်မသက်ဖြစ်နေတော့ စိုးရိမ်လို့ ပြန်လာတာပါ။ အထက်တန်းကျောင်းကလည်း နှစ်ကျောင်းပဲရှိတယ်။ ကလေးတွေ စာမေးပွဲဖြေဆိုဖို့အတွက် နောက်ပညာသင်နှစ်မတိုင်မီ သွားဖို့စီစဉ်ထားပါတယ်။ အခုလည်း မန္တလေးမှာ ခဏနားပြီးတော့ နေရပ်ကို ညနေကားနဲ့ ပြန်မှာပါ"ဟု လောက်ကိုင်အထက(၁)မှ အထက်တန်းပြဆရာမ ဒေါ်သန်းဌေးက ပြောသည်။

အဆိုပါ တိုက်ပွဲရှောင်ပညာရေးဝန်ထမ်းများသည် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ သွားရောက်တာဝန်ထမ်းဆောင်ကြခြင်းဖြစ်ပြီး ယခုနေရပ်သို့ ပြန်ရန်အတွက် လားရှိုးမှ မန္တလေးမြို့သို့ ရောက်ရှိရပ်နားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

လောက်ကိုင်ဒေသမှ တိမ်းရှောင်လာသော ဌာနဆိုင်ရာနှင့်မိသားစုဝင်များ၊ တပ်ရင်းတပ်ဖွဲ့မိသားစုဝင်များအား ထောက်ပံ့ပစ္စည်းများထုတ်ပေးလျက်ရှိ

လားရှိုး ဖေဖော်ဝါရီ ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်ထွန်း(၂)နှင့် ဝန်ထမ်းများသည် ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ တပ်ရင်းတပ်ဖွဲ့ မိသားစုဝင်များ စုစုပေါင်း ၂၁၉၃ ဦးအတွက် ကျားဝတ်လုံခြည်၊ မဝတ်လုံခြည်၊ စောင်၊ ပဝါ၊ ဒန်အိုး၊ ဇလုံ၊ တီရှပ်၊ ခြင်ထောင်နှင့်ဆပ်ပြာ၊ ပစ္စည်း ကိုးမျိုး၊ တန်ဖိုးငွေကျပ် ၄၆၅၆၃၉၆၉ ကို ထုတ်ပေးလျက်ရှိသည်။**(အပေါ်ယာပုံ)**

အလားတူ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန လားရှိုးမြို့ ခေတ္တပြည်နယ် ဦးစီးမှူး ဦးကြည်နိုင်က အနီးကပ်ကြီးကြပ်၍ လားရှိုးယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၊ ယာဉ်အသင်းများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်းပြီး နေရပ်ပြန်ပညာရေးဝန်ထမ်းများ၊ အလုပ်သမားနှင့်မိသားစုဝင်များအား လားရှိုးမြို့မှ မန္တလေးမြို့သို့ မော်တော်ယာဉ်များဖြင့် စီစဉ်ပို့ဆောင်ပေးခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်အထိ စုစုပေါင်း မော်တော်ယာဉ် ၂၁၁ စီး၊ ပညာရေးဝန်ထမ်းနှင့် အလုပ်သမားမိသားစုဝင်များ စုစုပေါင်း ၉၂၃၇ ဦးတို့အား အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(ဝေလင်း)

■ တိုက်ပွဲရှောင်မှ

ခေါက်ဆွဲခြောက်ထုပ်၊ မုန့်ထုပ်များ၊ အချိုရည်ဘူးများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

လောက်ကိုင်မြို့အတွင်းသို့ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ အိမ်ထောင်စု ၃၈၉ စု၊ လူဦးရေ ၁၀၅၇ ဦးနှင့် ရွှေပြောင်းလုပ်သား ၂၅၇ ဦး စုစုပေါင်း ၁၃၁၄ ဦးတို့သည် ပြန်လည်ဝင်ရောက် အခြေပြုနေထိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

တပ်မတော်သားများအတွက် အလျှော့ငွေနှင့် ပစ္စည်းများ ဆက်သွယ်လျှောဒါန်းနိုင်

❖ ကိုးကန့်သောင်းကျန်းသူမှ

လောက်ကိုင်မြို့ ပတ်ဝန်းကျင်တွင် နယ်မြေရှင်းလင်းရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းက ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းတွင် လောက်ကိုင်မြို့၏ အနောက်ဘက် ၂ မိုင်ခန့်အကွာ၌ ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ကိုးကန့်သောင်းကျန်းသူများထံမှ အမ် (၂၂) တစ်လက်၊ ကျည် ၂၆ တောင့်နှင့် ကျည်အိမ်တစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကိုးကန့်သောင်းကျန်သူအဖွဲ့များသည် လောက်ကိုင်မြို့အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၆ နာရီခွဲခန့်တွင် ကိုးကန့်သောင်းကျန်းသူများက လောက်ကိုင်မြို့မြောက်ဘက်ရှိ စီအောကျေးရွာဘက်မှ လောက်ကိုင်မြို့တွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်၏ နေအိမ်ဝင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ကိုးကန့်လုံခြုံရေးအဖွဲ့မှ တစ်ဦး သေဆုံး၍ လေးဦးဒဏ်ရာရရှိခဲ့သည်။ ထိုသို့ လက်နက်ကြီးဖြင့် လာရောက်ပစ်ခတ်ခဲ့သော နေရာတစ်ပိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ကုန်းကြမ်း-လောက်ကိုင်ကားလမ်းတွင် ဒေသခံပြည်သူများ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းမှစ၍ ကားလမ်းတစ်လျှောက် နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် မိုင်တိုင်(၂၃)အနီးရှိ ကိုးကန့်သောင်းကျန်းသူများ ယာယီခြေကုပ်ယူထားသည့် စစ်ဗျူဟာအရ အရေးကြီးသော ပွိုင့်-၂၁၇၅ တောင်ကုန်းအား တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့ပြီး ဆုတ်ခွာသွားသော ကိုးကန့်သောင်းကျန်းသူများ နောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

အမျိုးသားအားကစားပွဲတော်ပြိုင်ပွဲများ ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း လိုက်လံကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသား အားကစားပွဲတော် ပြိုင်ပွဲများ အား ယနေ့နံနက် ၇ နာရီခွဲမှ စ၍ နေပြည်တော်ရှိ သတ်မှတ်ထားသည့် အားကစားကွင်း၊ အားကစားရုံ အသီးသီး၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း လိုက်လံကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပသည့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲ သို့ ရောက်ရှိလာပြီး ပြိုင်ပွဲပွဲစဉ်များ အဖြစ် အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုအားလည်းကောင်း၊ အမျိုးသား မီတာ ၂၀၀ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုနှင့် အမျိုးသမီး မီတာ ၂၀၀ ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုအားလည်းကောင်း၊ အမျိုးသားတုတ်ထောက်ခုန်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုအားလည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေး ကွင်းအမှတ် (၃)၌ ကျင်းပသည့် အမျိုးသမီး ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် နေပြည်တော် ကောင်စီနယ်မြေ အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပသည့် ပိုက်ကျော်ခြင်း ပြိုင်ပွဲသို့ ရောက်ရှိလာပြီး အမျိုးသမီး ပွဲစဉ် သုံးယောက်တွဲ ပြိုင်ပွဲဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ယှဉ်ပြိုင်နေမှုအား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ ယှဉ်ပြိုင်နေမှုအား လည်းကောင်း ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည့် အလေးမပြိုင်ပွဲသို့ ရောက်ရှိလာပြီး ပြိုင်ပွဲဝင်အသင်းများနှင့် ပြိုင်ပွဲကျင်းပရေး ဒိုင်လူကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသား(၅၆)ကီလိုတန်းမှ ပြိုင်ပွဲဝင် အားကစားသမားများ အမြန်မ/အနှေးမ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (C)၌ ကျင်းပလျက်ရှိသော မြန်မာ့သိုင်းပြိုင်ပွဲသို့ ရောက်ရှိလာပြီးနောက် မြန်မာ့သိုင်းပြိုင်ပွဲ၏ ဗန်ဒိုအတိုက်ပြိုင်ပွဲနှင့် ဓားတစ်လက် အတိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

၂၀၁၅ ခုနှစ်၊ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်
(၁၃-၂-၁၅)ရက်နေ့မှ(၂၅-၂-၁၅)ရက်နေ့ထိ ဆုတံဆိပ်ရရှိမှု အခြေအနေ

ပြည်နယ်/တိုင်းဒေသကြီး	ရွှေ	ငွေ	ကြေး	စုစုပေါင်း
ရန်ကုန်တိုင်းဒေသကြီး	၇၃	၅၀	၃၅	၁၅၈
မန္တလေးတိုင်းဒေသကြီး	၆၁	၆၃	၅၃	၁၃၇
ပဲခူးတိုင်းဒေသကြီး	၂၂	၂၁	၂၆	၆၉
မကွေးတိုင်းဒေသကြီး	၁၇	၁၁	၁၄	၄၂
နေပြည်တော်ကောင်စီနယ်မြေ	၁၅	၇	၁၅	၃၇
ရခိုင်ပြည်နယ်	၁၂	၁၄	၂၄	၅၀
ဧရာဝတီတိုင်းဒေသကြီး	၁၂	၁၃	၂၇	၅၂
ကရင်ပြည်နယ်	၁၂	၇	၇	၂၆
မွန်ပြည်နယ်	၉	၂၀	၂၁	၅၀
ကချင်ပြည်နယ်	၇	၉	၁၂	၂၈
စစ်ကိုင်းတိုင်းဒေသကြီး	၆	၁၃	၁၂	၃၁
တနင်္သာရီတိုင်းဒေသကြီး	၅	၁၀	၂၀	၃၆
ကယားပြည်နယ်	၅	၉	၁၀	၂၄
ရှမ်းပြည်နယ်	၃	၁၃	၂၃	၃၉
ချင်းပြည်နယ်	၂	၁	၁	၄

**** စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော် ဝိတ်ပွဲအမော်အနားကို ဖေဖော်ဝါရီလ ၂၈ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအပြီးတွင် ကျင်းပမည်ဖြစ်ပါသည်။

(၂၀၁၅) ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ KBZ Bank မှ အဓိကကူညီပံ့ပိုးပေးသော YCDC CUP OPEN GOLF CHAMPIONSHIP (၂၀၁၅)ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့အင်းစိန်မြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း(မြကန်သာ) အမှတ် (၁) တီခုံ၌ ကျင်းပသည်။ အခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးလှမြင့်၊ KBZ Bankအုပ်စုကုမ္ပဏီ Air KBZ မှ အမှုဆောင် ဒါရိုက်တာ ဦးဖုန်းမြင့်ရွှေ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ မြန်မာပီဂျီအေအတွင်းရေးမှူး ဦးချမ်းဟန်တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးကာ ပထမနေ့(၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။ ပြိုင်ပွဲ ပထမနေ့အပြီး Professional အဆင့်တွင် ဇော်ဇင်ဝင်း (HAN Golf Academy) က(၆၈) ချက်ဖြင့်ပထမ၊ ဇော်ဇော်လတ် (HAN Golf Academy) က (၆၉) ချက်ဖြင့် ဒုတိယ၊ စိုးကျော်နိုင် (HAN Golf Academy)က (၇၀)ချက်စီ ဖြင့်တတိယလိုက်နေပြီး အပျော်တမ်းအဆင့်တွင် အောင်ကျော်သူက (၇၂) ချက်ဖြင့်ပထမ၊စောနောင်က (၇၃) ချက်ဖြင့် ဒုတိယနှင့် ခင်ဇော်ဝင်းက (၇၄)ချက်ဖြင့် တတိယလိုက်နေကြသည်။ စုစုပေါင်းအားကစားသမား ၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး Professional အဆင့်တွင် ၂၂ ဦး၊ အပျော်တမ်းအဆင့်တွင် ၆၀ ဦး ယှဉ်ပြိုင်ကြသည်။

YCDC Cup Open Golf Championship (၂၀၁၅) ဂေါက်သီးရိုက်ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် KBZ Bank Ltd မှ အဓိက ကူညီပံ့ပိုးပေးပြီး Event Management အဖြစ် HAN Event Management တို့မှ ထပ်မံပံ့ပိုးပေးကြောင်း သိရသည်။ **ဖိုးသော်ဇင်**

ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများ ဖေဖော်ဝါရီလအတွင်း ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲများ ဖိတ်ခေါ်ယှဉ်ပြိုင်ခဲ့ရာ ဝတ္ထုတို ၃၆ ပုဒ်၊ ဆောင်းပါး ၄၂ ပုဒ်နှင့် ဓာတ်ပုံ ၁၆၂ ပုံတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများ၏ ဝတ္ထုတိုပြိုင်ပွဲတွင် ခင်တင့်ဝေ(မြို့တော်စည်ပင်)က အင်းလျားကို သက်သေတည်ဖြင့် ပထမ၊ ရဲထွန်း(ဟသ်တ)က ပြည်တော်မြန်ဘုရားကြီးရှေ့ကကြိုနေမယ်ဖြင့် ဒုတိယ၊ မြနှင်းဝေအောင်က အပြုံးပန်းတွေ ကိုယ်စီဝေဖြင့် တတိယ၊ မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)နှင့် ရို့စ်တို့က နှစ်သိမ့်ဆု၊ ဆောင်းပါးပြိုင်ပွဲတွင် သဇင်ထွန်း (ပညာရေး)က ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် မယိုင်လဲစေဖို့ လူထုအားကစားဖြင့် တည်ဆောက်စို့ဖြင့် ပထမ၊ ကိုဌေး(ကနောင်)က အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အမျိုးသားရေးအသိဖြင့် ပိုင်းဝန်းဆောင်ရွက်ကြပါစို့ဖြင့် ဒုတိယ၊ မောင်မောင်မိုးအောင်က ကျန်းမာကြံ့ခိုင်သော လူထုအားကစားမှ ကမ္ဘာသို့ဖြင့် တတိယ၊ ထွေးကိုကိုနှင့် ဇော်မင်ဌေး(ထားဝယ်)တို့မှ နှစ်သိမ့်ဆု၊ ဓာတ်ပုံပြိုင်ပွဲတွင် ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)က ပထမ၊ ဘိုသင်း(မန်းတက္ကသိုလ်)က ဒုတိယ၊ အောင်ရဲနိုင်(အမရပူရ)က တတိယ၊ ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း) နှင့် ကျော်ခိုင်ဦးတို့က နှစ်သိမ့်ဆုများ အသီးသီးဆွတ်ခူးရရှိခဲ့ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားအား ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီတွင် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများအနေဖြင့် တက်ရောက်ကြပါရန်နှင့် တက်ရောက်နိုင်မည့် အခြေအနေအား လူထုအားကစားနှင့် ပညာပေး ဌာနခွဲ(နေပြည်တော်) ဖုန်း-၀၆၇-၄၀၆၀၂၇၊ ၀၉-၂၅၀၈၄၅၁၂ တို့သို့ ဆက်သွယ် သတင်းပို့ကြရန် အကြောင်းကြားထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

ရတနာပုံအသင်းမှာ နိုင်ငံခြားသား ကစားသမားအဖြစ် မက်ဆီမင် တစ်ဦးတည်းသာပါဝင်ခဲ့ပြီး သီဟစည်သူ၊ ရန်ပိုင်၊ ဇော်လင်းထွန်းတို့ ဦးဆောင်ကာ လူငယ်ကစားသမားများဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစကတည်းက ပါဟန်းအသင်းက ရတနာပုံအသင်းဘက်ကို ဖိကစားနိုင်ခဲ့ပြီး ဟက်ပီးနက်စ် မပါဝင်နိုင်သည့် ရတနာပုံနောက်တန်း အမှားများခဲ့သည်။ ယခုပွဲတွင် ရတနာပုံ ခံစစ်ကို ဒုက္ခပေးနိုင်ခဲ့သည့် တိုက်စစ်မျိုး အမ်ဝါကီမီက ၅ မိနစ်နှင့် ၁၂ မိနစ်တွင် နှစ်ဂိုးဆက်သွင်းယူပေးခဲ့သည်။ ပွဲအစပိုင်းတွင် နှစ်ဂိုးဆက်ပေးခဲ့ရသည့် ရတနာပုံအသင်း မိနစ် ၂၀ နောက်ပိုင်းမှ ကစားကွက်ပြန်တည်ငြိမ်လာပြီး ၄၁ မိနစ်တွင် ဇင်မင်းထွန်း၏ ကန်ချက် ပါဟန်းနောက်ခံလူနှင့် ထိပင်သွား၍ ရတနာပုံ ချေပဂိုးစရခဲ့သည်။

ရတနာပုံအသင်းမှာ ဒုတိယပိုင်းတွင်လည်း ချေပဂိုးရရှိရန် တရစပ် တိုက်စစ်ဆင်ခဲ့ပြီး ၅၄ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီကို ဖျက်ထုတ်ခဲ့သော ခါမေးလ်မှာ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပြီး ပါဟန်းအသင်းတစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ ယင်းပယ်နယ်တီကို မက်ဆီမင်က ကန်သွင်းယူခဲ့၍ ရတနာပုံအသင်း ဒုတိယချေပဂိုးရခဲ့သည်။ တစ်ယောက်အသာရသွားသည့် ရတနာပုံအသင်းမှာ အနိုင်ဂိုးရရှိရန် တရစပ် ဖိကစားခဲ့ပြီး မိနစ် ၇၀ တွင် ပယ်နယ်တီကန်ခွင့် ထပ်မံရရှိခဲ့သည်။ အဆိုပါ ပယ်နယ်တီကို မက်ဆီမင်ကပင် ထပ်မံကန်သွင်းရာ လွဲချော်သွား၍ ရတနာပုံ နစ်နာခဲ့ရသည်။ ပါဟန်းအသင်းမှာ တစ်ယောက်လျော့သွားသော်လည်း ကစားကွက်ပျက်မသွားဘဲ အနိုင်ဂိုးကို ၈၉ မိနစ်တွင် ဂိုပိက သွင်းယူခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ-ရွှင်းထက်ဇော်

စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၅ခုနှစ် စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ဘောလုံး၊ မြန်မာ့သိုင်း၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့နှင့် ဘော်လီဘောပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်ထားသည့် နေရာများ၌ ယှဉ်ပြိုင်ကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း-၁ ၌ အမျိုးသမီးသံလုံးပစ်၊ အမျိုးသားသုံးဆင့်ခုန်၊ အမျိုးသမီး မီတာ၁၀၀ တန်းကျော်၊ အမျိုးသား မီတာ၁၁၀ တန်းကျော် ပြိုင်ပွဲများကို ကျင်းပရာ အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲတွင် နော်ဝီရီသန့်(ကရင်)က ၁၁ ဒသမ ၇၄ မီတာဖြင့် ပထမ၊ စိုးစိုးထွေး(မကွေး)က ၁၁ ဒသမ ၄၄ မီတာဖြင့် ဒုတိယ၊ အေးမွန်ခင်(နေပြည်တော်)က ၁၁ ဒသမ ၃၆မီတာဖြင့် တတိယ၊ အမျိုးသားသုံးဆင့်ခုန်ပြိုင်ပွဲတွင် အေးချမ်းပိုင်(ရန်ကုန်)က ၁၃ ဒသမ ၆၉ မီတာဖြင့် ပထမ၊ အောင်ကျော်မင်း(မကွေး)က ၁၃ ဒသမ ၆၅ မီတာဖြင့် ဒုတိယ၊ ဇင်ကိုကို(ပဲခူး)က ၁၃ ဒသမ ၃၈မီတာဖြင့် တတိယ၊ အမျိုးသမီးမီတာ ၁၀၀ တန်းကျော်ပြိုင်ပွဲတွင် စိုးမိုးမြင့်(မန္တလေး)က ၁၅ ဒသမ ၆၇ စက္ကန့်ဖြင့် ပထမ၊ နုင်းဝတ်ရည် (မန္တလေး)က ၁၆ ဒသမ ၅၁ စက္ကန့်ဖြင့် ဒုတိယ၊ မြင့်မြင့်ဝင်း(ဧရာဝတီ)က ၁၇ ဒသမ ၅၄ စက္ကန့်ဖြင့် တတိယ၊ အမျိုးသားမီတာ ၁၁၀ တန်းကျော်ပြိုင်ပွဲတွင် စိုးမိုးဝင်း(မကွေး)က ၁၅ ဒသမ ၄၃ စက္ကန့်ဖြင့် ပထမ၊ ကျော်မျိုးမင်း(ရန်ကုန်)က ၁၅ ဒသမ ၅၉ စက္ကန့်ဖြင့် ဒုတိယ၊ ဇွဲထက်နောင် (မကွေး)က ၁၅ ဒသမ ၈၁ စက္ကန့်ဖြင့် တတိယရရှိကြသည်။

အမျိုးသမီးဘောလုံးအကြိုဗိုလ်လုပွဲကို လေ့ကျင့်ရေးကွင်း-၃ ၌ ကျင်းပရာ နေပြည်တော်က ဧရာဝတီကို (၂-၁) ဂိုးဖြင့်လည်းကောင်း၊ ရန်ကုန်က ရှမ်းကို ပွဲပြီးခါနီး နာကျင်အချိန်ပို၌ အနိုင်ဂိုးသွင်းကာ (၁-၀)ဂိုးဖြင့်လည်းကောင်း အနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်ကြသည်။ အမျိုးသားဘောလုံးအကြိုဗိုလ်လုပွဲကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ ကရင်က ချင်းကို (၂-၁)ဂိုးဖြင့်လည်းကောင်း၊ မန္တလေးက ပဲခူးကို ပယ်နယ်တီအဆုံးအဖြတ်တွင် (၅-၃) ဂိုးဖြင့် လည်းကောင်း အနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်ကြသည်။

ဘတ်စကက်ဘောပြိုင်ပွဲကို လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အမျိုးသားပွဲစဉ်တွင် ကချင်က ကရင်ကို (၆၅-၃၈) မှတ်ဖြင့်လည်းကောင်း၊ ရှမ်းက ရန်ကုန်ကို (၇၀-၅၅)မှတ်ဖြင့်လည်းကောင်း အမျိုးသမီးပွဲစဉ်တွင် ဧရာဝတီက မန္တလေးကို (၅၂-၂၅)မှတ်ဖြင့်လည်းကောင်း၊ ပဲခူးက မကွေးကို (၇၁-၂၀)မှတ်ဖြင့်လည်းကောင်း၊ ရှမ်းက မွန်ကို (၅၄-၅၀) မှတ်ဖြင့်လည်းကောင်း အနိုင်ရကြသည်။

ဘော်လီဘောအမျိုးသားရှုံးထွက်ပြိုင်ပွဲများကို နံနက်စနာရီတွင် လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ ရှမ်းက ပဲခူးကို (၃-၀)ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်က ဧရာဝတီကို (၃-၀)ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းက မန္တလေးကို (၃-၂)ပွဲဖြင့် လည်းကောင်း၊ ရခိုင်က မွန်ကို (၃-၀)ပွဲဖြင့်လည်းကောင်း အနိုင်ရကြပြီး အကြိုဗိုလ်လုပွဲ တက်ရောက်ကြသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲအဖွဲ့လိုက်ဗိုလ်လုပွဲစဉ်များကို နံနက် စနာရီ တွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ အမျိုးသမီးပွဲစဉ်တွင် ပဲခူးက ရန်ကုန်ကို (၂-၀)ပွဲဖြင့်လည်းကောင်း၊ အမျိုးသားပွဲစဉ်တွင် ရခိုင်က မန္တလေးကို (၂-၀)ပွဲဖြင့် လည်းကောင်း အနိုင်ရဗိုလ်စွဲကြသည်။

လက်ဝှေ့ပြိုင်ပွဲများကို မွန်းလွဲ ၂နာရီတွင် ဝဏ္ဏသိဒ္ဓိလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ အမျိုးသား ၄၉ ကီလိုတန်းတွင် မင်းခိုင်(ရှမ်း)ကလည်းကောင်း၊ ၅၂ ကီလိုတန်းတွင် ချစ်ရင်ထူး(ပဲခူး)ကလည်းကောင်း၊ ၅၆ ကီလိုတန်းတွင် နိုင်လတ် (ဧရာဝတီ)၊ ဘော်ဇာ(စစ်ကိုင်း)နှင့် စောလှအောင် (ကရင်)တို့ကလည်းကောင်း၊ ၆၀ ကီလိုတန်းတွင် ဖြိုးမောင်မောင်(ဧရာဝတီ)၊ အောင်ပြည့်ဖြိုး(မွန်)နှင့် ထွန်းထွန်းဦး(ရခိုင်)တို့က လည်းကောင်း၊ ၆၄ ကီလိုတန်းတွင် ထက်အာကာနိုင်(စစ်ကိုင်း)နှင့် မိုးဇော်ထက် (မန္တလေး)တို့က လည်းကောင်း၊ ၆၉ကီလိုတန်းတွင် ရဲလင်းထွန်း(မန္တလေး)နှင့် မျိုးကျော်သူ(ဧရာဝတီ)တို့ကလည်းကောင်း၊ ၇၅ ကီလိုတန်းတွင် ဝေလင်းအောင် (ရှမ်း)က လည်းကောင်း အသီးသီးအနိုင်ရကြသည်။

ဖူဆယ်ပြိုင်ပွဲကို ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသမီးအကြိုဗိုလ်လုပွဲစဉ်တွင် ပဲခူးက ရှမ်းကို (၅-၁) ဂိုးဖြင့်လည်းကောင်း၊ မန္တလေးက ဧရာဝတီကို (၅-၂) ဂိုးဖြင့်လည်းကောင်း အနိုင်ရကာ ဗိုလ်လုပွဲ တက်ရောက်ကြပြီး အမျိုးသားဗိုလ်လုပွဲတွင် ကချင်က စစ်ကိုင်းကို (၄-၀)ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ ကိုကိုစိုးညွန့်

စတော့အိတ်ချိန်းထူထောင်ရေး
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဘဏ္ဍာရေးဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၏ ရုံးခန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်က အမှတ် ၂၁-၂၅ ဆူးလေဘုရားလမ်းရှိ အဆောက်အအုံ ဒုတိယထပ်၌ ကျင်းပခဲ့သည်။

မြန်မာငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးခန်းသစ်အား ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်တင်ကြည်ဦး၊ ဂျပန်နိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ Mr. Kiyoshi Hosomizo နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Tateshi Higuchi တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အား ၂၀၁၄ ခုနှစ် သြဂုတ် ၁၉ ရက်က ဖွဲ့စည်းခဲ့ပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးအား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် မြန်မာနိုင်ငံရှိ အရင်းအနှီးစျေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် စတော့အိတ်ချိန်းထူထောင်ရေး၊ စျေးကွက်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တာဝန်ယူကြီးကြပ်ကွပ်ကဲမည့် အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

ရန်ကုန်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်က သယ်နံကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမ စ်ပြဈေးအနီးရှိ သီတာရွှေဆိုင်ရှေ့တွင် လမ်းလျှောက်လာသူ မကြည်ကြည်စန်း(၁)မလေးအား ရှာဖွေရာ ၎င်း၏ယာလက်တွင် ကိုင်ဆောင်ထားသည့် လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းနေထိုင်ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၄၆ ရပ်ကွက် ဒီပါအေးမြလမ်း နေအိမ်သို့ သွားရောက်ရှာဖွေရာ အိပ်ခန်းအတွင်းရှိ မွေ့ရာဘေးမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄ ပြား ထပ်မံသိမ်းဆည်းရမိပြီး ၎င်း၏နေအိမ်သို့ ရောက်ရှိလာသူ မြင့်သိန်းအား ရှာဖွေရာ အကျီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀ နှင့် ၎င်း၏လက်တွင် ကိုင်ဆောင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ ဆေးပြား ၃၂၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀ ထပ်မံသိမ်းဆည်းရမိသဖြင့် မကြည်ကြည်စန်း(၁)မလေး (၅၂)နှစ်နှင့် သိန်းမြင့် (၄၇)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(မူးယစ်ဗဟို)**

ရောင်စုံမိတ္တူကူးစက် လျှုဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ ဧည့်ခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက်က Gandamar Office Machines Ltd., မှ A3 Size Print, Scan, Copy ပြုလုပ်နိုင်သည့် Konica Minolta Color Copier (Model C-221)တစ်လုံးအား လျှုဒါန်းပွဲအခမ်းအနားကျင်းပရာ အခမ်းအနားတွင် Gandamar Office Machines Ltd., မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ကြူကြူက ပေးအပ်လျှုဒါန်းရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တွဲဖက်အတွင်းရေးမှူးဦးမျိုးအောင်က လက်ခံရယူသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနမှူးများ တက်ရောက်ခဲ့ကြပြီး ယနေ့လျှုဒါန်းသည့် Konica Minolta Color Copier (Model C-221) သည် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိကြောင်း သိရသည်။

(ဇော်မင်းအောင်-၁၀၇)

▼

ရန်ကုန်အဝင် မိုင်တိုင် (၁၉/၂)၌ ကုန်တင်ယာဉ်တစ်စီး လမ်းဘေးထိုးကျ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဟင်္သာတမြို့နယ် ရှားခဲကျေးရွာနေဦးထွန်းလွင် ပိုင်ဆိုင်သော ၁၄ ဘီး ၆၀/... ယာဉ်အား ဦးဝင်းဌေး (၄၅)နှစ် မောင်းနှင်လာစဉ် ရန်ကုန်အဝင် မိုင်တိုင်အမှတ်(၁၉/၂)တွင် ဖေဖော်ဝါရီ ၂၄ ရက် ည ၁၂ နာရီခန့်တွင် လမ်းဘေးသို့ထိုးကျသွားကြောင်း မျက်မြင်တွေ့ရှိသူ ကိုနေမျိုးက ပြောသည်။

အဆိုပါယာဉ်တွင် ပီလောပီနံမှုန့် အိတ် ၃၇၀ တင်ဆောင်လာပြီး ရန်ကုန်တွင် ကုန်ချသည့်အခါ အမှတ်စဉ်ဦးရန်အတွက် အပြိုင်မောင်းနှင်လာစဉ် လမ်းဘေးသို့ ထိုးကျသွားခြင်းဖြစ်သည်။ အိတ်ရေအနည်းငယ် ရေစိုပျက်စီးပြီး ကားခေါင်းပိုင်းပျက်စီးမှုများကြောင်း၊ ယာဉ်နောက်လိုက်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဘုရင့်နောင်ပွဲရုံဝင်းနေ ပဲကုန်သည်တစ်ဦးက ဆိုသည်။

ရန်ကုန်-ပုသိမ် ကားလမ်းပေါ်တွင် မကြာခဏ အထူးသဖြင့် ညပိုင်းတွင် အိမ်စီးယာဉ်ငယ်များ၊ ထော်လာဂျီယာဉ်များ၊ ကုန်တင်ယာဉ်များမှာ လမ်းပေါ်တွင် ယာဉ်ချင်းတိုက်မှု၊ သစ်ပင်ဖြင့်တိုက်မှု၊ လမ်းဘေးထိုးကျမှုများဖြစ်ပွားလေ့ရှိရာ ယာဉ်မောင်းများ အနေဖြင့် သတိထားမောင်းနှင်ရန် အထူးလိုအပ်သည်ဟု ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

(မောင်စေအောင်)

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု သတင်းထုတ်ပြန်ချက်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ကြက်မွေးမြူရေးဇုန်အတွင်းရှိ ကြက်၊ ငုံးမွေးမြူရေးခြံများတွင် (၁၀-၂-၂၀၁၅)ရက်မှစ၍ ကြက်၊ ငုံးများ စတင်သေဆုံးခဲ့သောကြောင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဓာတ်ခွဲခန်းများတွင် စစ်ဆေးခဲ့ရာ H5N1 ပိုင်းရပ်စ်ပိုးဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပြီးနောက် ရောဂါဖြစ်ပွားမှုအား လျင်မြန်စွာထိန်းချုပ်နိုင်ရန်အတွက် ဦးစီးဌာနမှ ရောဂါဖြစ်ပွားနေသည့် ကြက်များအား သုတ်သင်ခြင်း၊ ဇီဝလုံခြုံရေးအား ပိုမိုမြှင့်တင်ဆောင်ရွက်ခြင်း၊ ပညာပေးရေးဟောပြောပွဲများ ပြုလုပ်ခြင်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ထိုသို့သောဖြစ်ပွားမှုမျိုးကို အခြားသော တိုင်းဒေသကြီး/ပြည်နယ်များတွင် ကြက်၊ ငှက်များတွင်သာမက လူသို့ ကူးစက်မှုမရှိစေရန်အတွက် အောက်ပါအချက်အလက်များအား လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်-

(က) ဆောင်းခိုင့်ကျားနှင့် အိမ်မွေး ကြက်၊ ငှက်၊ ဘဲ၊ ငုံးများ ဆက်စပ်ထိတွေ့မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်။

(ခ) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။

(ဂ) ကြက်၊ ငှက်မွေးမြူရေးခြံများနှင့် ကြက်၊ ဘဲအရှင်စျေးများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။

(ဃ) ကြက်ခြံအတွင်းသို့ ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။

(င) ကြက်၊ ငှက် အသား၊ ဥ စသည်တို့ကို သေချာစွာ ချက်ပြုတ်ပြီးမှ စားသုံးရန်။

(စ) ကြက်၊ ငှက်များ ရုတ်တရက်သေဆုံးကြောင်း သိရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်။

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

မေမေ့အတွက် မွေးနေ့ဆုမွန်

၂၆-၂-၂၀၁၅ရက်မှာ ကျရောက်တဲ့ မေမေ ဒေါ်ခင်ကြည်၏ (၇၉)နှစ်ပြည့်မွေးနေ့မှသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြီးပြည့်စုံပြီး အလှူရေစက်လက်နှင့်မကွာ လျှုဒါန်းရသောသူဖြစ်ပါစေ။ ချစ်သား၊ သမီး၊ မြေးများနှင့် အတူ ပျော်ရွှင်စွာ နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မမကြီး
မလတ် - ကိုမြင့်လွင်
မငယ် - ကိုမော်ကြီးဘန်း
ချစ်မြေးများ - ယုယ၊ သုတ
N.T.O(မိသားစု)

ပျောက်ဆုံးကြောင်း

မောင်အားမူ(ဘ)ဦးအာထဲ[၁၃/တခလ(နိုင်)၀၇၃၀၆၈] ကိုင်ဆောင်သူ၏ ပတ်စပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၆၁၂၂၀၁၂

ပျောက်ဆုံးကြောင်း

မအားဘ(ဘ)ဦးအာထဲ[၁၃/တခလ(နိုင်)၀၆၃၆၂] ကိုင်ဆောင်သူ၏ ပတ်စပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၆၁၂၂၀၂၂**

ပျောက်ဆုံးကြောင်း

မအားဆော(ခ)မော်နီကာ (ဘ)ဦးအာထဲ[၁၃/တခလ(နိုင်)၀၈၃၆၂] ကိုင်ဆောင်သူ၏ ပတ်စပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၈၄-၅၃၂၄၄

ဖမ်းဆီးရမိ ပုံစံ(၈)သစ်များရောင်းချရန် လေလံကြော်ငြာ
(၁/၂၀၁၄-၂၀၁၅)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်အတွင်းရှိ ဖမ်းဆီးရမိသော ပုံစံ(၈)သစ်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံး ကလေးခရိုင်သစ်တောဦးစီးဌာန၊ ကလေးမြို့တွင် ၆-၃-၂၀၁၅ရက် နံနက် ၁၀နာရီ၌ လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

(က) ကျွန်း၊ သစ်မာ၊ အခြား(သစ်/ခွဲသား)(၂၁၁၃. ၂၈၃၈)တန်
(ခ) ကျွန်းတိုင် (၄၀၃)လုံး၊ ကျွန်းမျှော (၃)လုံး
(ဂ) သစ်မာတိုင် (၄၆)လုံး
(ဃ) အခြားတိုင် (၅၈)လုံး၊ အခြားမျှော (၇၄)လုံး

၂။ လေလံတင်လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် (၅၀၀၀/-)ကျပ်နှုန်းဖြင့် ကလေးခရိုင်သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ခရိုင်သစ်တောဦးစီးဌာန၊ ကလေးမြို့။ (ဖုန်း-၀၇၃-၂၂၀၅၉)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ရုံး
မော်တော်ယာဉ်များဝယ်ယူရန် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်သူ့လွှတ်တော်ရုံးတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော ပြည်တွင်းရှိ ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) Toyota Axio (2011 Model နှစ်နှင့်အထက်) (၉)စီး
(ခ) Mini Bus(29-Seaters) (2010/2011 Model နှစ်နှင့်အထက်) (၃)စီး

တင်ဒါပုံစံများရောင်းချမည့်ရက်/အချိန် - ၂၃-၂-၂၀၁၅ရက်မှ ၅-၃-၂၀၁၅ရက်ထိ ဧရာ၃၀နာရီမှ ၁၆း၀၀နာရီထိ
တင်ဒါပိတ်မည့်ရက်/အချိန် - ၆-၃-၂၀၁၅ရက်/ ၁၆း၀၀နာရီ
တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းမည့်နေရာ - ရုံးအမှတ်(၂၀)၊ ပြည်သူ့လွှတ်တော်ရုံး၊ နေပြည်တော်

၂။ တင်ဒါပုံစံ(၁)စုံလျှင် ကျပ် ၁၀၀၀၀/(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ၀۶۷-၅۹၁၁۷၅၊ ၀۶۷-၅۹၁ ၂۷စသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အုပ်ချုပ်မှုဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့
ပြည်သူ့လွှတ်တော်ရုံး

ယှဉ်ပြိုင်မှု ဥပဒေပြဋ္ဌာန်း

ယှဉ်ပြိုင်မှု ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။)
၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ယှဉ်ပြိုင်မှု ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။
(ဂ) **ကော်မရှင်**ဆိုသည်မှာဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံယှဉ်ပြိုင်မှု ကော်မရှင်ကိုဆိုသည်။
(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီးဌာနကိုဆိုသည်။
(င) **ယှဉ်ပြိုင်မှု**ဆိုသည်မှာ စျေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအကြားမိမိတို့၏ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူအသုံးပြုမည့် ဝယ်ယူသူအရေအတွက်၊ စျေးကွက်ဝေစုနှင့်စျေးကွက်လွှမ်းမိုးနိုင်မှုတို့ကို ပိုမိုရရှိစေရန် စီးပွားရေးလုပ်ငန်းများကိုအပြိုင်အဆိုင် ပြုလုပ်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်ဆောင်ရွက်မှုကိုဆိုသည်။
(စ) **ယှဉ်ပြိုင်မှုမူဝါဒ**ဆိုသည်မှာ စျေးကွက်အတွင်း မျှတသောယှဉ်ပြိုင်မှုတစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်စေရေးနှင့် စားသုံးသူများ၏ အကျိုးကို လက်ဝါးကြီးအုပ်ဆောင်ရွက်မှုမှ တားဆီးကာကွယ်နိုင်ရေးတို့အတွက် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်စေရန် နိုင်ငံတော်က ချမှတ်လုပ်ဆောင်သောမူဝါဒများကိုဆိုသည်။
(ဆ) **ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သော ဆောင်ရွက်ချက်**ဆိုသည်မှာ စျေးကွက်အတွင်းရှိစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုကို လျော့နည်းစေရန် သို့မဟုတ် အတားအဆီး ဖြစ်စေရန် လုပ်ဆောင်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ယှဉ်ပြိုင်မှုကို ထိန်းချုပ်သည့် သဘောတူညီချက်များ၊ စျေးကွက်အတွင်းရှိ လွှမ်းမိုးထားသည့် အခြေအနေအပေါ် အခွင့်အရေးယူ၍ အလွဲသုံးစားပြုခြင်းနှင့် တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။
(ဇ) **တရားမျှတမှုမရှိသောယှဉ်ပြိုင်မှု**ဆိုသည်မှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင်နိုင်ငံတော်၏ အကျိုးစီးပွားကို ဖြစ်စေ၊ အခြားစီးပွားရေးလုပ်ငန်း သို့မဟုတ် စားသုံးသူတို့၏ တရားဝင်ရထိုက်သော အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဖြစ်စေ ထိခိုက်စေသော သို့မဟုတ် ထိခိုက်စေနိုင်သော ယှဉ်ပြိုင်မှုဆောင်ရွက်ချက်များကိုဆိုသည်။
(စျ) **စီးပွားရေးလုပ်ငန်း**ဆိုသည်မှာ ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လဲလှယ်ခြင်းစသည့်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကိုဆိုသည်။
(ည) **စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်သော ပုဂ္ဂိုလ်ကိုဆိုသည်။ ယင်းစကားရပ်တွင် စီးပွားရေးလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်သောအဖွဲ့အစည်းလည်း ပါဝင်သည်။
(ဋ) **ကုန်စည်**ဆိုသည်မှာ ဤဥပဒေအလို့ငှာ ကုန်သွယ်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းသို့မဟုတ် စားသုံးခြင်းပြုသော ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ငွေချေးသက်သေခံ အထောက်အထားများ၊ စတော့ခ်များနှင့် ရှယ်ယာများလည်း ပါဝင်သည်။
(ဌ) **ဝန်ဆောင်မှု**ဆိုသည်မှာ ဤဥပဒေအလို့ငှာ အခကြေးငွေ သို့မဟုတ် အဖိုးအခသို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးသော လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် အစိုးရအဖွဲ့က ဝန်ဆောင်မှု ဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။
(ဍ) **စျေးကွက်ဆို**သည်မှာ ကုန်စည်နှင့် ဝန်ဆောင်မှုများအား ရောင်းလိုသူနှင့် ဝယ်လိုသူတို့အကြား ရောင်းဝယ်ဖောက်ကားမှုပြုလုပ်သောနယ်ပယ်ကို ဆိုသည်။
(ဎ) **စျေးကွက်ဝေစု**ဆိုသည်မှာ စျေးကွက်၏ စုစုပေါင်းရောင်းချနိုင်သော ပမာဏတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက ရောင်းချသော သို့မဟုတ် ဝန်ဆောင်မှုပေးသော ရာခိုင်နှုန်း သို့မဟုတ် အချိုးအစားကို ဆိုသည်။
(ဏ) **စျေးနှုန်း**ဆိုသည်မှာ ကုန်စည်ရောင်းချမှု သို့မဟုတ် ဝန်ဆောင်မှုပြုရာတွင် သတ်မှတ်သောတန်ဖိုးကို ဆိုသည်။
(တ) **ကော်မတီ**ဆိုသည်မှာ ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်နိုင်ရန် ကော်မရှင်ကဖွဲ့စည်းသောစုံစမ်းစစ်ဆေးရေး ကော်မတီအပါအဝင် အခြားကော်မတီများကို ဆိုသည်။
(ထ) **လုပ်ငန်းအဖွဲ့**ဆိုသည်မှာ ယှဉ်ပြိုင်မှုဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ကော်မတီက ဖွဲ့စည်းသောလုပ်ငန်းအဖွဲ့ကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့်ယှဉ်ပြိုင်ခြင်းကိုပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေလက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် စျေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရန်၊
(ခ) ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်တွင် မျှတမှုမရှိသော စျေးကွက်ပြိုင်ဆိုင်မှုကို ထိန်းချုပ်နိုင်ရန်၊
(ဂ) စျေးကွက်အပေါ် ထိန်းချုပ်နိုင်စွမ်းကို အလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန်၊
(ဃ) စီးပွားရေးလုပ်ငန်းများအကြား ကန့်သတ်ထားရှိသော သဘောတူညီချက်နှင့် အစီအမံများကို ထိန်းချုပ်နိုင်ရန်။

အခန်း(၃)
အခြေခံမူများ

၄။ ယှဉ်ပြိုင်မှု အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) စျေးကွက်တွင် လွတ်လပ်၍ မျှတသော ယှဉ်ပြိုင်မှုဝန်းကျင် တစ်ရပ်ဖန်တီးပေးခြင်းအားဖြင့် ဒေသတွင်းနှင့် နိုင်ငံတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် အသိုက်အဝန်းအဖြစ် ရောက်ရှိစေရေး၊
(ခ) စျေးကွက်တွင် မျှတသောယှဉ်ပြိုင်မှုကို အားပေးကူညီခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ တစ်ပြေးညီ တိုးတက်လာစေရေးနှင့်သာတူညီမျှ ခံစားခွင့်ရရှိစေရေး၊
(ဂ) စျေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကိုထိခိုက်နစ်နာစေခြင်းမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး၊
(ဃ) လုပ်ငန်းနယ်ပယ်အသီးသီးတွင် လွတ်လပ်၍ မျှတသောယှဉ်ပြိုင်မှုဖြစ်ထွန်းပေါ်ပေါက်စေရေး၊
(င) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကျွမ်းကျင်လုပ်သားများ၊ ငွေကြေးစီးဝင်မှုများအတွက် လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သော စီးပွားရေးအသိုက်အဝန်းတစ်ခုအဖြစ် ဖွဲ့စည်းဖြစ်ပေါ်လာစေရေးနှင့် ယှဉ်ပြိုင်မှုကွန်ရက်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
(စ) စျေးကွက်အတွင်းယှဉ်ပြိုင်မှုမူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊
(ဆ) ရင်းနှီးမြှုပ်နှံသူ၊ တီထွင်သူနှင့် ထုတ်လုပ်သူတို့၏ အသိဉာဏ်ပစ္စည်းဆိုင်ရာအခွင့်အရေးများကို ကာကွယ်ပေးခြင်းဖြင့် တီထွင်ကြံဆနိုင်သော စွမ်းရည်ကို အားပေးမြှင့်တင်ရေး။

အခန်း(၄)
ကော်မရှင်ဖွဲ့စည်းခြင်း

၅။ အစိုးရအဖွဲ့သည် -
(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးကိုဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ၊ သင့်လျော်သော ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို ဖွဲ့စည်းရမည်။
(ခ) ကော်မရှင်ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကိုသတ်မှတ်၍ တာဝန်ပေးအပ်ရမည်။
(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မရှင်ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ခွင့်ပြုသော လစာ၊ စရိတ်နှင့် ခရီးမြှင့်ငွေတို့ကို ခံစားခွင့်ရှိသည်။

၇။ ကော်မရှင်သည် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာ မူဝါဒများနှင့်အညီ မိမိ၏ လုပ်ငန်းတာဝန်များကို လွတ်လပ်စွာ စီမံဆောင်ရွက်နိုင်သည်။

အခန်း (၅)
ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များကို အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်ဖြစ်စေ၊ နိုင်ငံအချင်းချင်းဖြစ်စေ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊
(ခ) နိုင်ငံတော်၏ အကျိုးစီးပွားအတွက် လိုအပ်သော စီးပွားရေးလုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ဤဥပဒေကို လိုက်နာဆောင်ရွက်ခြင်းမှ လိုအပ်ပါက ကင်းလွတ်ခွင့်ပြုခြင်း၊
(ဂ) ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များကို လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊
(ဃ) ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များမှ တင်ပြလာသော ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊
(င) စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် ယှဉ်ပြိုင်မှုကို ကန့်သတ်ရန်နှင့်ပြုချက်ရရှိရေးအတွက် လျှောက်ထားရာတွင် လိုအပ်သည့်ပုံစံ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊
(စ) စီးပွားရေးလုပ်ငန်းတစ်ခု၏ ပိုင်ဆိုင်ခွင့် တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြားစီးပွားရေးလုပ်ငန်းတစ်ခုက လွှမ်းမိုးမှု၊ ဝယ်ယူမှု၊ ရယူမှု သို့မဟုတ် စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းမှုကြောင့် ယှဉ်ပြိုင်မှုအပေါ် ထိခိုက်နိုင်သည့် စျေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် လုပ်ငန်းနှင့်သက်ဆိုင်သည့် ပိုင်ဆိုင်သော ပစ္စည်းပမာဏတို့ကို သတ်မှတ်ခြင်း၊
(ဆ) လက်ဝါးကြီးအုပ်ဆောင်ရွက်သည်ဟု ကော်မရှင်ကယူဆသည့် စျေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် လုပ်ငန်းနှင့်သက်ဆိုင်သည့် ပိုင်ဆိုင်သော ပစ္စည်းပမာဏတို့ကို သတ်မှတ်ဆုံးဖြတ်ခြင်း၊
(ဇ) စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် စီးပွားရေးလုပ်ငန်းစုတစ်ခုသည် စျေးကွက်အတွင်း ယှဉ်ပြိုင်မှုကို ထိခိုက်နိုင်သည်ဟု ကော်မရှင်က သတ်မှတ်ထားသော စျေးကွက်ဝေစုပိုင်ဆိုင်မှုပမာဏထက်ကျော်လွန်လျှင် သို့မဟုတ် ကျော်လွန်သည်ဟု ကော်မရှင်ကယူဆလျှင် ယင်းစီးပွားရေးလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းစု၏ စျေးကွက်ဝေစုကို သတ်မှတ်ထားသည့် လုပ်ငန်းပမာဏသို့ လျှော့ချရန် ညွှန်ကြားခြင်း၊
(စျ) လက်ဝါးကြီးအုပ် ချုပ်ကိုင်ရန်ရှိသည်ဟု ကော်မရှင်ကယူဆသည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးဦး၏ စျေးကွက်ဝေစုနှင့် အရောင်းမြှင့်တင်မှုများကို ကန့်သတ်သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ တားမြစ်ခြင်း၊
(ည) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ကော်မရှင်က သံသယရှိလျှင်သော်လည်းကောင်း၊ ခိုင်လုံသော တိုင်ကြားချက်ရရှိလျှင်သော်လည်းကောင်း စုံစမ်းစစ်ဆေးရန် တာဝန်ပေးခြင်း၊
(ဋ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးဦးထံမှ ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်း၍ လိုအပ်သည့် အထောက်အထားများနှင့်အချက်အလက်များကို တောင်းဆိုခြင်း၊
(ဌ) ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်းသည့် လိုအပ်သော စုံစမ်းမေးမြန်းမှုများ ဆောင်ရွက်ရန် သက်ဆိုင်သူများကို ခေါ်ယူမေးမြန်းခြင်း၊
(ဍ) ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ရှင်းလင်းချက်များ၊ အကြံပြုချက်များ သို့မဟုတ် ထင်မြင်ချက်များပေးရန်လိုအပ်ချက်နှင့်အညီ ပညာရှင်များ၊ ကျွမ်းကျင်သူများကို ဖိတ်ခေါ်ဆွေးနွေးခြင်း၊
(ဎ) ကိစ္စတစ်ရပ်ချင်းအလိုက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သော အထောက်အထားများနှင့် ပစ္စည်းများကို စစ်ဆေးရေးအတွက် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ ယင်းအထောက်အထား သို့မဟုတ် ပစ္စည်းကို ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ထားရန် ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊
(ဏ) စုံစမ်းစစ်ဆေးရေးကော်မတီက တင်ပြသော စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ စိစစ်ခြင်းနှင့် လိုအပ်ပါက တရားစွဲဆိုရန် ညွှန်ကြားခြင်း၊
(တ) ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူက ပြစ်မှုနှင့် စပ်လျဉ်း၍ တရားရုံးတွင် မိမိကိုယ်တိုင် ပါဝင်ကျူးလွန်ခဲ့ကြောင်းမခြွင်းမချန်ထွက်ဆိုခဲ့လျှင် ထိုသူကိုစည်းကမ်းချက်ဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊
(ထ) ယှဉ်ပြိုင်မှုနှင့်သက်ဆိုင်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊
(ဒ) ယှဉ်ပြိုင်မှုနှင့်သက်ဆိုင်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ကော်မရှင်သည် မိမိ၏လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို အစိုးရအဖွဲ့သို့ သုံးလလျှင်တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

၁၀။ ထူးခြားသည့်အခြေအနေ ပေါ်ပေါက်ပါက ကော်မရှင်သည် မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အစိုးရအဖွဲ့သို့ ဆောလျင်စွာ တင်ပြရမည်။

ဆက်လက်ဖော်ပြပါမည်။

ဖတ်စရာ

နှုတ်ခမ်းအသားပပ်ခြင်းအတွက် ရိုးရှင်းလွယ်ကူသော အိမ်တွင်းကုထုံးလေးများ

à တင်ထက်ထက်ဇော်

ရာသီဥတု ပူလွန်း၊ အေးလွန်းတဲ့အခါ ခန္ဓာကိုယ်တွင်း အပူဓာတ်များသူတွေမှာ သိသိသာသာ နှုတ်ခမ်းအသားပပ်လေ့ရှိပါတယ်။ နှုတ်ခမ်းဆိုးဆေး ဓာတ်မတည့်ခြင်းကြောင့်လည်း နှုတ်ခမ်းအသားပပ်တဲ့ဝေဒနာမျိုး ခံစားရနိုင်ပါတယ်။ ဘယ်လိုနည်းကြောင့် ပဲဖြစ်ဖြစ် အသားပပ်တဲ့အခါ နာကျင်ခံစားရုံမျှမက အလှပျက်၍ ဆွဲဆောင်မှုမရှိနိုင်တော့ပါဘူး။

သို့သော် စိတ်မပူပါနှင့်။ အောက်ပါရိုးရှင်းလွယ်ကူတဲ့ အိမ်တွင်းကုထုံးလေးများက နှုတ်ခမ်းနှစ်လွှာကို ပကတိအတိုင်း စိုအိချောမွေ့စေနိုင်မှာ ဖြစ်ပါသည်။

(၁) ရေပိုသောက်ပါ။ (လက်ရှိသောက်နေကျ ရေပမာဏထက် နှစ်ဆတိုး၍သောက်ပါ။ ရေခဲရေ မသောက်ရ။)

(၂) ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ အစိမ်းရောင်ဟင်းသီးဟင်းရွက်တို့ကို များများစားပေးပါ။

(၃) ဗီတာမင်အားဆေးများဖြစ်ကြတဲ့ ဗီတာမင် B2၊ ဗီတာမင် C၊ ဗီတာမင် E၊ ငါးကြီးဆီ ဆေးလုံးများမှီဝဲပါ။

(၄) သခွားသီးပါးပါးလှီး၍ ကပ်ပေးပါ။

(၅) ကော်ဖီ၊ လက်ဖက်ရည်၊ ရေနွေး၊ ဟင်းရည်၊ စွပ်ပြုတ်တို့ကို အအေးခံ၍ သောက်ပါ။ (အကယ်၍ ထိုအရည်ပူပူများကို စတီးလ်ခွက်၊ ဒန်ခွက်၊ စတီးလ်ဖွန်းတို့ဖြင့် နှုတ်ခမ်းတေ့၍ သောက်မိတဲ့အခါ ဝေဒနာများ ပိုမိုဆိုးရွားလာစေပါလိမ့်မယ်။)

(၆) အသားလှဆီ(သို့မဟုတ်)သကြားရည် (သို့မဟုတ်) နှင်းဆီရည် လိမ်းနိုင်ပါတယ်။ နှင်းဆီရည်(ခေါ်)rose water ကို အလှကုန် ပစ္စည်းအရောင်းဆိုင်တွေမှာ ဝယ်ယူရရှိနိုင်ပါတယ်။)

(၇) အုန်းဆီ (သို့မဟုတ်) သံလွင်ဆီ (သို့မဟုတ်) ကြက်ဆူဆီ (သို့မဟုတ်) မုန်ညင်းဆီ လိမ်းပေးပါ။

(၈) ဗီတာမင်အီး အဆီဆေးလုံး ဖောက်၍ လိမ်းပါ။ (ထိုဆေးလုံးလေးတွေကို အလှကုန်ပစ္စည်းအရောင်းဆိုင်တွေမှာ ဝယ်ယူရရှိနိုင်ပါတယ်။)

(၉) ပျားရည် (သို့မဟုတ်) ရှားစောင်းလက်ပပ် ဂျယ်လီအနှစ်လိမ်းပါ။

(၁၀) နွားနို့ကရင်မင် လိမ်းပေးပါ။

(၁၁) နေမထိပါစေနှင့်။

(၁၂) လေစိမ်းတိုက်မခံပါနှင့်။

(၁၃) မကြာခဏ တံတွေးဆွတ်ခြင်းကလည်း နှုတ်ခမ်းသားခြောက်သွေ့ခြင်းကို ပိုမိုဆိုးရွားလာစေနိုင်ပါတယ်။

(၁၄) နှုတ်ခမ်းအသားပပ် ကွဲအက်နေစဉ်မှာ ဖြစ်နိုင်ရင် နှုတ်ခမ်းဆိုးဆေး လုံးဝမသုံးသင့်ပါဘူး။ (သက်တမ်းကြာ ဆိုးဆေးများနှင့် ကာဗွန်ဓာတ်ပါဝင်မှုများသော ဆိုးဆေးအရောင်ရင့်ရင့်တွေက ဝေဒနာကို ပိုမိုဆိုးရွားလာစေနိုင်လို့ အထူးသတိပြုပါ။)

(၁၅) ဝေဒနာမပျောက်ခင်မှာ မဖြစ်မနေ နှုတ်ခမ်းဆိုးဆေးသုံးချင်ပါက အရောင်မပါတဲ့ နှုတ်ခမ်းဆိုးဆေးအဆီကိုသာ ရွေးချယ်ပေးပါ။

(၁၆) နှုတ်ခမ်းသား အဖတ်လန်နေတာတွေကို လက်ဖြင့်ဆွဲဖဲ့ခြင်း၊ သွားနှင့်ကိုက်ခြင်းမျိုးတွေ မလုပ်ပါနှင့်။ ပို၍အဖတ်လန်လာနိုင်တဲ့အပြင် အသားစစိုက်ပြီး သွေးထွက်တတ်ပါတယ်။

(၁၇) အရေပြား ဆဲလ်တွေသေခြင်းကြောင့် နှုတ်ခမ်းသားတွေ အဖတ်လန်လာရပါတယ်။ နောက်ထပ်ဆဲလ်တွေ မသေနိုင်အောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် သွားတိုက်တံသုံး၍ နှုတ်ခမ်းပေါ် ခပ်ဖွဖွလေးပွတ်တိုက်ပေးပါ။

အလှအပမြတ်နိုးသူတိုင်း လှသထက်ပို၍ လှနိုင်ကြပါစေရှင်။

နတ်ရေကန်ကျေးရွာအတွက် စွမ်းအားမြင့်မီးဖိုများ ထောက်ပံ့ပေးအပ်

ချောင်းဦး ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော စွမ်းအားမြင့်မီးဖိုများကို မုံရွာခရိုင် ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာ ကျန်းမာရေးဆေးပေးခန်း၌ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်အဖြင့် ထောက်ပံ့ပေးအပ်သော စွမ်းအားမြင့်မီးဖိုများကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီခွဲက ပေးအပ်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် ထောက်ပံ့ပေးအပ်သော စွမ်းအားမြင့်မီးဖိုများကို ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ပေးအပ်ခဲ့ရာ နတ်ရေကန်ကျေးရွာအတွက် စွမ်းအားမြင့်မီးဖို ၁၂၀ လုံး ပေးအပ်ခဲ့သည်။ ကျန်ရှိသော ကျေးရွာကိုးရွာအတွက် စွမ်းအားမြင့်မီးဖို ၇၀၀ လုံးကိုလည်း ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခွန်ဖုန်းတို့က စွမ်းအားမြင့်မီးဖိုများပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက စွမ်းအားမြင့်မီးဖိုများရရှိသည့် ကျေးရွာနေပြည်သူများ စနစ်တကျသုံးစွဲရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

အိအိစိုး(ချောင်းဦး)

ဆိုင်ကယ်ချင်းမျက်နှာချင်းဆိုင် တိုက်မှုကျောက်ထုတွင်ဖြစ်ပွား

ကျောက်ထု ဖေဖော်ဝါရီ ၂၅

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ပခုက္ကူ-ကျောက်ထု-မင်းတပ်ကားလမ်း မိုင်တိုင်အမှတ် ၇၇/၀ ပန်းဆန်ကျေးရွာအနီးတွင် ဖေဖော်ဝါရီ ၂၃ ရက်က ဆိုင်ကယ်ချင်းမျက်နှာချင်းဆိုင် ယာဉ်တိုက်မှုဖြစ်ပွားရာ ဆိုင်ကယ်စီးနင်းမောင်းနှင်သူ ဦးဝင်းမြင့်အောင်မှာ ဘယ်ဘက်ခြေကျိုး၍ ကျောက်ထုမြို့ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ရသည်။

ဖြစ်ပွားပုံမှာ ကျောက်ထုမြို့ဒေသ တေးကျေးရွာနေ မောင်ရဲလင်းနိုင် (၁၈) နှစ် စီးနင်းမောင်းနှင်သည့် ဆိုင်ကယ်နှင့် ပန်းဆန်ကျေးရွာနေ ဦးဝင်းမြင့်အောင် (၃၈) နှစ် စီးနင်းမောင်းနှင်သည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခြင်းဖြစ်ပြီး ကျောက်ထုရဲစခန်းက နှစ်ဦးစလုံးအား ယာဉ်ကိုမဆင်မခြင် မောင်းနှင်သဖြင့် ပြစ်မှုဥပဒေပုဒ်မ ၃၃၇/၃၃၈ ဖြင့် အရေးယူထားကြောင်း သိရသည်။ **(၄၆၅)**

မိတ္ထီလာတက္ကသိုလ်တွင် အမျိုးသားပညာရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေး

မိတ္ထီလာ ဖေဖော်ဝါရီ ၂၅

မိတ္ထီလာတက္ကသိုလ်တွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်လိုသည့် အမျိုးသားပညာရေးဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာများ၊ ကျောင်းသား၊ ကျောင်းသူများ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီက ဘွဲ့နှင်းသဘင်ခန်းမတွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားပညာရေးဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လွတ်လပ်စွာသဘောထားကွဲလွဲခွင့်ရှိကြောင်း၊ အမျိုးသားပညာရေးဥပဒေ (မူကြမ်း)တွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ကောင်းစွာသိရှိနားလည်စေရန် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းကို ပြုလုပ်ခြင်းဖြစ်ကြောင်း စသည်ဖြင့် ပါမောက္ခချုပ်က ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက အမျိုးသားပညာရေးဥပဒေ(မူကြမ်း)တွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များအကြောင်းကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **(၁၇၉)**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြဥယျာဉ်စိုက်ပျိုးရေးခြံတွင် ဝက်သက်နှင့်ဂျိုက်သိုးရောဂါဆေး အစုလိုက်ထိုးနှံ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြောက်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဥမ္မာစိန်၊ မြို့နယ်ကျန်းမာရေးတာဝန်ခံ ဒေါက်တာမေသက်နိုင်တို့ကြီးကြပ်၍ မြို့နယ်အတွင်းရှိ ၁၉ ရပ်ကွက်တွင် ကျန်းမာရေးဝန်ထမ်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များပူးပေါင်းပြီး ပြည်သူ့အခြေပြု ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၉ ရက်မှ စတင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းနေ့ကဝက်သက်နှင့်ဂျိုက်သိုး ရောဂါကာကွယ်ဆေးထိုးနှံရာတွင် ဖေဖော်ဝါရီ ၂၁ ရက်က မြောက်ဥက္ကလာပ (၄) ရပ်ကွက် မြဥယျာဉ်စိုက်ပျိုးရေးခြံ၌ နေထိုင်ကြသည့် ပြည်သူများ၏ ရင်သွေးများကို အသက် ၉ လမှ ၁၅ နှစ်ထိ ကလေးငယ် ၂၂၂ ယောက်တို့အား ဝက်သက်နှင့်ဂျိုက်သိုးဆေး အစုလိုက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ထွန်းဝင်း**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကော့သောင်းခရိုင်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

ကော့သောင်း ဖေဖော်ဝါရီ ၂၅

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကော့သောင်းခရိုင်အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီခွဲက ကော့သောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားဖွင့်ပွဲအား ကျင်းပရာ ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်နီနီချိုက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲအားပြုလုပ်ရာ ဦးစီးဌာန တိုင်းဦးစီးမှူးမှ နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မူဝါဒများ၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ တတိယအဆင့် အရှိန်မြင့်တင်မှုလုပ်ငန်းများ၊ ပြည်သူ့ဗဟိုပြုလုပ်ငန်းများဖြစ်သည့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြင့်ဆောင်ရွက်နေမှုများ၊ အခြေခံစာကြည့်တိုက်နည်းပညာများ၊ ပြည်သူ့ဗဟိုပြု မီဒီယာလုပ်ငန်းများ သွက်လက်မြန်ဆန်စွာဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ဆွေးနွေးခဲ့သည်။ ယင်းနောက်အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများ၊ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်မှူးများနှင့် တာဝန်ခံများမှ စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် ရှေ့လုပ်ငန်းစဉ်များ၊ အကြံပြုချက်များအား အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း–ပြန်/ဆက်)

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ကရင်ခြံရပ်ကွက်အပိုင်း အောက်ကြည်မြင်တိုင်လမ်းမကြီးပေါ်ရှိ ကေဘယ်ကြိုးများ၊ လျှပ်စစ်ကြိုး၊ ဓာတ်ကြိုးများအား အလုံမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးဌာန အုပ်ချုပ်ရေးမှူး၏ လမ်းညွှန်ချက်ဖြင့် သက်ဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာနှင့်အဖွဲ့တို့က ဖေဖော်ဝါရီ ၂၂ ရက်က ကြိုးသစ်များကို လိုက်လံတပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ရွှေတိုင်လွင်

ရေနံချောင်း၌ကျောင်းသား/သူများ အေးချမ်းစွာ စာမေးပွဲဖြေ

ရေနံချောင်း ဖေဖော်ဝါရီ ၂၅

ရေနံချောင်းမြို့နယ်တွင် အဌမတန်းနှင့် စတုတ္ထတန်းစာမေးပွဲကို မြန်မာတစ်နိုင်ငံလုံး နည်းတူ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းမှ စတင်၍ အ-ထ-က၊ အ-ထ-က(ခွဲ)၊ အ-လ-က တို့၌ ဖြေဆိုလျက်ရှိသည်။

ယင်းသို့ ကျင်းပရာတွင် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးဌာန၏ အနီးကပ်ကြီးကြပ်မှု၊ ကျောင်းသားမိဘများတို့၏ ကူညီမှုဖြင့် အဌမတန်းနှင့် စတုတ္ထတန်း ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုလျက်ရှိသည်။

ရေနံချောင်းမြို့နယ်တွင် စာဖြေဌာန ၅၅ ခု ရှိပြီး၊ အဌမတန်းဖြေဆိုသူ ကျောင်းသား ၂၁၁၄ဦး၊ စတုတ္ထတန်းဖြေဆိုသူ ၂၆၆၁ ဦး ဖြေဆိုလျက်ရှိကြောင်း သိရသည်

သိန်းဇော်(ပြန်/ဆက်)

မီးဘေးကြုံတင်ကာကွယ်ရေး ပြင်ဦးလွင်ခရိုင်တွင် စစ်ဆေး

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်၊ မြို့နယ်အတွင်း မီးဘေးကင်းဝေးစေရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်၍ ဌာနဆိုင်ရာများ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ရပ်ကွက်များ၊ ကျောင်းများ၊ အလုပ်ရုံ၊ စက်ရုံများသို့ လိုက်လံစစ်ဆေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက်က ရပ်ကွက်ကြီး (၆) ရှိ Good Choice နေကြာစေ့စက်ရုံသို့ ဦးစီးအရာရှိ ဦးစိုးစိုးထွန်းနှင့် တပ်ဖွဲ့ဝင်များက ရှောင်တခင်ဝင်ရောက် စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ယင်းစစ်ဆေးမှုတွင် ဦးစီးအရာရှိ ဦးစိုးစိုးထွန်းသည် မန်နေဂျာဦးဌေးအောင်နှင့် ဝန်ထမ်း ၁၀၀ အား စက်ရုံခန်းမ၌ တွေ့ဆုံပြီး လျှပ်စစ်မီး၊ ဂတ်(စ်)မီး၊ အပူလွန်ကဲမီးလောင်မှု၊ လျှပ်စစ်မီး၊ ဖုန်းအားသွင်း၊ ပန်ကာ၊ လေအေးပေးစက်၊ လျှပ်စစ်မီးဖိုများသုံးစွဲပြီး သတိမေ့ပစ်ထားရာမှ အပူလွန်ကဲတတ်ခြင်းများ၊ ဆောင်ရန်၊ ရှောင်ရန်နှင့် သတ်မှတ်ထားသည့် မီးသတ်ဥပဒေများ အတိုင်း လိုက်နာရေးတို့ကို ပညာပေး ဟောပြောခဲ့သည်။

ယင်းနောက် စက်ရုံအတွင်း လျှပ်စစ်မီးသုံးစွဲမှု၊ ဂတ်(စ်)မီး၊ မီးဖိုမီးသုံးစွဲမှု၊ မီးခိုတ်၊ မီးကပ်၊ သဲအိတ်၊ ရေပုံးထားရှိမှု၊ အရေးပေါ် ဝင်ပေါက်ထွက်ပေါက် ရေအလွယ်တကူရရှိနိုင်မှု၊ စက်ရုံအတွင်း သန့်ရှင်းမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မန်နေဂျာဦးဌေးအောင်အား လိုက်နာဆောင်ရွက်ရန်များကို အကြံပြုမှာကြားခဲ့သည်။

ဆက်လက်၍ စက်ရုံမျက်နှာစာတွင် လျှပ်စစ်မီး၊ ဂတ်(စ်)မီး၊ ရိုးရိုးမီးများ လောင်ကျွမ်းပါက တစ်ပိုင်တစ်နိုင်လက်ဦးမှုရရှိနိုင်သည့် သက်ဆိုင်ရာမီးသတ်ဆေးဘူးများဖြင့် ကိုင်တွယ်အသုံးပြု ငြိမ်းသတ်နည်းများကို ပြသပြီး ဝန်ထမ်းတစ်ဦးချင်းစီအား မီးသတ်ရေပိုက်ဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

(၃၈၇)

စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် နတ်ခရိုင် ရေလှောင်ကန်ကြီးအား ပြန်လည်တူးဖော်ပြုပြင်

ငါန်းဇွန် ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ခြင်္သေ့လက်ကျေးရွာတွင် စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် နတ်ခရိုင်ရေလှောင်ကန်ကြီးအား ပြန်လည်တူးဖော်ပြုပြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ခြင်္သေ့လက်ကျေးရွာရှိ နတ်ခရိုင်ရေလှောင်ကန်တူးဖော်ရာတွင် မြေကျင်းပေါင်း ၅၂၈၀ တူးဖော်သွားမည်ဖြစ်သည်။ နတ်ခရိုင်ရေလှောင်ကန်ကြီးသည် ခြင်္သေ့လက်ကျေးရွာအတွက် တစ်နှစ်ပတ်လုံး သောက်သုံးရေရရှိပြီး စိုက်ပျိုးရေအတွက် ဧက ၇၀ ခန့်ကိုလည်း ရေပေးဝေနိုင်ခဲ့သည်။

အဆိုပါ တူးဖော်ခြင်းလုပ်ငန်းများကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်း၊ ဆည်မြောင်းဦးစီးဌာနဦးစီးမှူး ဦးခင်မောင်ဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့ကကြည့်ရှုပြီး ကန်ပေါင်ရိုးများကြံခိုင်ရေး၊ ရေဝင်လမ်းများကောင်းမွန်ရေး၊ ရေဝပ်ဧရိယာကောင်းမွန်စေရေးတို့ကို မှာကြားခဲ့သည်။

ရေလှောင်ကန်ကြီးအား ပြန်လည်တူးဖော်ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၃၂ သိန်းခန့်ကုန်ကျမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးမှူး ဦးခင်မောင်ဦးက ပြောကြားသည် ။

ဇော်မင်းနိုင်(မြင်းမြို့)

ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာလေ့လော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မော်လိုက် ဖေဖော်ဝါရီ ၂၅

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာ လေ့လော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီမှ စတင်၍ ချင်းတွင်းမြစ် ကြောင်းထဲ၌ ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားဖြစ်မြောက်ရေးနှင့် ကျင်းပရေးကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲသုံးသပ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် သုံးတက်၊ ငါးတက်၊ ခုနစ်တက် လေ့လော်ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ နှစ်သိမ့်ဆုများရရှိကြသော ရပ်ကွက်၊ ကျေးရွာ ကိုယ်စားပြုအသင်းများအား တာဝန်ရှိသူတို့က ဆုများအသီးသီးချီးမြှင့်ခဲ့ကြပြီး အသင်းသားများနှင့် အမှတ်တရ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

အဆိုပါ ဆုချီးမြှင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းသိန်း၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းသားများနှင့် ပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်မွား(မော်လိုက်)

ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများထိုးနှံ

ချောင်းဦး ဖေဖော်ဝါရီ ၂၅

နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အစုလိုက် ထိုးနှံခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် ဆောင်ရွက်မှုအနေဖြင့် ချောင်းဦးမြို့နယ် တစ်မြို့နယ်လုံးရှိ ကလေးငယ်များကို ဖေဖော်ဝါရီ ၁၉ ရက်နံနက် ၉ နာရီက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးမှု အနေဖြင့် ချောင်းဦးတစ်မြို့နယ်လုံး၌ အသက် ၉ လမှ ၁၅ နှစ် အတွင်းရှိ ကလေးငယ်များအား ကာကွယ်ဆေးထိုးမှုများ ပြုလုပ်ဆောင်ရွက်ရာ ဖေဖော်ဝါရီ ၁၉ ရက်တွင် ကလေးငယ် ၂၂၀၃ ဦးကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ၂၂၆၅ ဦးကိုလည်းကောင်း စုစုပေါင်း ၄၄၆၈ ဦးကို ကာကွယ်ဆေးထိုးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုး လုပ်ငန်းသို့ ချောင်းဦးမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးသင်းနှင့် အဖွဲ့ဝင်များက လာရောက်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။

ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးရက်ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ သတ်မှတ်၍ ရင်သွေးငယ်များအား ထိုးနှံပေးမည်ဖြစ်ကြောင်းသိရ သည်။

အိအိစိုး(ပြန်/ဆက်)

မြင်းခြံမြို့နယ် ကတောကျေးရွာတွင် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြု၍ စက်ရေတွင်းသစ်ဖွင့်

မြင်းခြံ ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ကတောကျေးရွာတွင် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်ရေတွင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့က ဖွင့်လှစ်ပေးခဲ့သည်။

"ယခုလို စက်ရေတွင်းများ တူးဖော်ပေးရခြင်းမှာ မြင်းခြံခရိုင်သည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ မိုးနည်းရေရှားဒေသဖြစ်ပြီး ကျေးရွာနေပြည်သူများ သောက်သုံးရေ အခက်အခဲနှင့်ရင်မဆိုင်ရအောင် တူးဖော်ပေးရခြင်းဖြစ်ပါတယ်" ဟု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးကျော်မင်းနောင်က ပြောသည်။

ကတော ကျေးရွာတွင် တူးဖော်ဖွင့်လှစ်ပေးခဲ့သော စက်ရေတွင်းသည် ပေ ၆၀၀ အနက်ရှိပြီး လေးလက်မ ပိုက်ရေတွင်းဖြစ်သည်။ အဆိုပါ စက်ရေတွင်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၈ သန်းဖြင့် 'ရတနာရွှေလက်' ကုမ္ပဏီမှ တာဝန်ယူတူးဖော်ပေးခဲ့ခြင်းဖြစ်သည်။

စော်မင်းနိုင်(မြင်းခြံ)

တိုက်ပွဲရှောင်ပညာရေးဝန်ထမ်းများအား ထမင်းထုပ်များလျှုဒါန်း

သီပေါ ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တိုက်ပွဲရှောင်ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများသည် ဖေဖော်ဝါရီ ၂၃ ရက်တွင် သီပေါမြို့သို့ရောက်ရှိလာရာ မန္တလေး၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းရှိ စံဖိတ်ကျေးရွာဘောလုံးကွင်းတွင် တိုင်းရင်းသားပြည်သူများက နွေးထွေးစွာ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြောင်းသိရသည်။

ယင်းနောက် မြို့နယ်ပညာရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမလတ်တို့က အားပေးစကားပြောကြားပြီး အလျှုဒွေများ ပေးအပ်လျှုဒါန်းခဲ့သည်။

ယင်းအပြင် ဌာနဆိုင်ရာများ၊ မီးသတ်၊ ကြက်ခြေနီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် မိဘပြည်သူများက ထမင်းထုပ်များ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ရေသန့်ဘူးနှင့် လိမ္မော်သီးများပေးအပ်လျှုဒါန်းခဲ့ကြသည်။

သီပေါမြို့သို့ရောက်ရှိလာသော တိုက်ပွဲရှောင်ဆရာ၊ ဆရာမ ၃၈၀ ဦးဖြစ်ပြီး ထမင်းထုပ် ၁၂၀၀ ထုပ်နှင့် သောက်ရေသန့်ဘူး ၁၅၀၀၊ ခေါက်ဆွဲခြောက်ထုပ်များကို ပေးအပ်လျှုဒါန်း၍ ကျန်းမာရေးချို့တဲ့သော ဝေဒနာရှင်များအား ယာယီဆေးခန်းဖွင့်၍ သီပေါဆေးရုံအုပ် ဆရာဝန်ကြီး ဒေါက်တာဒေါ်နန်းရှုပဟန်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေး၍ ဆေးကုသပေးခဲ့ကြသည်။

သီပေါမြို့နယ်မှ တိုင်းရင်းသားစေတနာရှင်ပြည်သူများသည် လူသားအချင်းချင်းကိုယ်ချင်းစာနာထောက်ထား၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်နေကြသော တပ်မတော်သားများအတွက် အလျှုဒွေများကို လားရှိုးမြို့တွင် သွားရောက်လျှုဒါန်းခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်ထိ တိုက်ပွဲရှောင်ပြည်သူများနှင့် ဝန်ထမ်းများ ၅၁၇၀ ဦးတို့ကို ငွေကြေးနှင့်ထမင်းထုပ်များအား မြို့အဝင်မုခ်ဦးမှ စောင့်ကြိုလျှုဒါန်းခဲ့ကြပြီး ဆက်လက်ရောက်ရှိလာမည့် တိုက်ပွဲရှောင်သွေးချင်းများကိုလည်း ကြိုဆိုကူညီပံ့ပိုးသွား မည်ဖြစ်ကြောင်း သိရသည်။

နိုင်း(သီပေါ)

စရိတ်သက်သာစွာဖြင့် ပညာသင်ယူနိုင်ရန် စင်ကာပူ၊ ဗန်ကောက် ပညာရေးပြပွဲ ၂၀၁၅ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ပြုလုပ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျတို့မှပေးအပ်မည့် စီးပွားရေး ၊ အိုင်တီ၊ အင်ဂျင်နီယာ၊ ဇီဝဆေးသိပ္ပံဘာသာရပ်များကို စင်ကာပူ၊ ဗန်ကောက်တို့တွင် ကုန်ကျစရိတ်သက်သာစွာဖြင့် သင်ယူနိုင်ခွင့်၊ ဗန်ကောက်တွင် MBA(Part Time/ Full Time)အတွက် ၂၅ ရာခိုင်နှုန်း ပညာသင်ထောက်ပံ့ကြေးများ အကြောင်းကိုသက်ဆိုင်ရာကျောင်းမှ ပညာရေးအကြံပေးများ ကိုယ်တိုင်လာရောက်ဟောပြောမည့် စင်ကာပူနှင့် ထိုင်းပညာရေးပြပွဲ ၂၀၁၅ ကိုဖေဖော်ဝါရီ ၂၇ ရက်နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီထိ၊ Tawwin Garden Hotel (တော်ဝင်စင်တာ၊ ရန်ကုန်) နှင့် မတ် ၁ ရက်၊ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ Hotel Mandalay တွင် ကျင်းပသွားမည်ဟု Crown Education မှ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ၂၀၁၅ ပညာသင်နှစ်အတွက် စင်ကာပူနှင့် ဗန်ကောက် တက္ကသိုလ်များ၏ ကျောင်းဝင်ခွင့်ဆိုင်ရာများ၊ လျှောက်ထားနိုင်သော ပညာသင်ထောက်ပံ့ကြေးများ၊ မိမိတို့ရရှိထားသည့် ပညာအရည်အချင်းအလိုက် ဝင်ခွင့်ရရှိနိုင်မည့်အတန်းများ၊ ကျောင်းပြီးပါက အလုပ်အကိုင်အခွင့်အလမ်းအတွက် ပြင်ဆင်ပေးမှုများကို ဆွေးနွေးပေးမည်ဖြစ်သည်။

စင်ကာပူနှင့် ဗန်ကောက်ပညာရေးပြပွဲ ၂၀၁၅ တွင် အင်ဂျင်နီယာဘွဲ့ရကျောင်းသားများအတွက် နေထိုင်ခွင့် ခြောက်လအခမဲ့ရရှိမည့် MSc Project Management ၊ စင်ကာပူပညာရေးဝန်ကြီးဌာနမှ ပေးအပ်ချီးမြင့်မည့် အနုပညာဘာသာရပ် ပညာသင်ထောက်ပံ့ကြေးများ၊ စင်ကာပူ(၂)နှစ် + အမေရိကန်(၁)နှစ် သင်ယူ၍ BSc(Civil Engineering) ရယူနိုင်ခွင့်၊ စင်ကာပူနိုင်ငံမှတစ်ဆင့် အမေရိကန်-ဩစတြေးလျ-ဆွစ်ဇာလန်နိုင်ငံတို့ရှိ တက္ကသိုလ်တို့တွင် ဒီဂရီရယူနိုင်ခွင့်၊ AGTI, BTech, HND Electrical ရရှိထားပါက အင်္ဂလန်မှပေးအပ်မည့် YBE ဘွဲ့၊ ၉ တန်းအောင် ကျောင်းသား ကျောင်းသူများအတွက် တက်ရောက်နိုင်သော ဘာသာရပ်များ၊ မိမိဝါသနာနှင့် ဘာသာရပ်ရွေးချယ်ခြင်းကို မဆုံးဖြတ်နိုင်သေးသည့် IGCSE နှင့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများအတွက် Foundation E နှင့် Diploma များ၊ LCCI,ABE,NCC,HND လက်မှတ်ကိုင်ဆောင်ထားသူများအတွက် အထူးအစီအစဉ်များ၊ Internship ခြောက်လပါဝင်သော ဟိုတယ်ခရီးသွားဘာသာရပ်များ၊ University of London မှပေးအပ်မည့် စီးပွားရေး၊ ဥပဒေ ဘာသာရပ်များ၊ စင်ကာပူတွင်ပညာသင်ယူနေရင်း ဩစတြေးလျ၊ အမေရိကန်၊ အင်္ဂလန်နိုင်ငံ သို့ပြောင်းရွှေ့သင်ယူနိုင်ခွင့်များ၊ ဘွဲ့တစ်ခုခုရရှိထားပါက လျှောက်ထားနိုင်သော MBA နှင့် Postgraduate Diploma စိတ်ဝင်စားပါက အခမဲ့ဆွေးနွေးမေးမြန်းနိုင်ကြောင်း သိရသည်။

ယင်းနေ့တွင်စင်ကာပူ-ဗန်ကောက်ပညာရေးလမ်းညွှန်စာစောင် အခမဲ့ပေးအပ်မည်ဖြစ်ပြီး IELTS မရှိပါက သက်ဆိုင်ရာကျောင်းအချို့၏ ဝင်ခွင့် အင်္ဂလိပ်စာအားဖြေဆိုရန် ပညာရေးပြပွဲတွင် အမည်စာရင်းပေးသွင်းနိုင်သည်။ ကျောင်းအပ်နှံပါက ကျောင်းအချို့မှ ကျောင်းလျှောက်လွှာကြေး ကင်းလွတ်ခွင့်များ ပေးအပ်မည်ဖြစ်သည်။ ပညာရေးပြပွဲသို့ တက်ရောက်လိုပါက Crown Education ၊ ဖုန်း ၀၁ ၅၂ ၈၃၈၊ ၀၉၉၇၅၀၀၀၀၉၀၊ ၀၉၇၃၀၄၀၆၈၈၊ ၀၉ ၇၉၉၉၉၉၉၇၇ တွင် စာရင်းပေးနိုင်ကြောင်းသိရသည်။

ဖိုးသန့်

ရာဇဂြိုဟ်ဆည်မှ ဓာတ်အားသွယ်တန်းရန်ကလေး-ရာဇဂြိုဟ် ၆၆ ကေဗီဓာတ်အားလိုင်းသစ် တည်ဆောက်မည်

ကလေး ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မြောက်ဘက်တွင်တည်ဆောက်နေသည့် ရာဇဂြိုဟ်ရေလှောင်တမံမှ ထွက်ရှိသော ဓာတ်အားကို ကလေးမြို့သို့ သွယ်တန်းနိုင်ရေးအတွက် နိုင်ငံတော် ခွင့်ပြုရန်ပုံငွေမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကလေး-ရာဇဂြိုဟ် မိုင်(၄၀) ၆၆ ကေဗီဓာတ်အားလိုင်းနှင့် ခွဲရုံများအတွက် ကျပ်သန်း ၉၀ ဒသမ ၅၈၂ သန်း ၊ စက်ကိရိယာ တန်ဆာပလာများ ဝယ်ယူခြင်းအတွက် ၃၅၀၉၄ ဒဿမ ၄၁၂ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောသည်။

ရာဇဂြိုဟ်ဆည်မှနေ၍ ကလေးမြို့မြောက်ပိုင်းရှိ လယ်မြေများအတွက် နွေစပါး၊ မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက် မြောင်းမကြီးတစ်ခုနှင့် လက်တက်ငါးသွယ်မှ လယ်ဧက ၈၅၀၀ ကျော်အထိ စိုက်ပျိုးရေ ပေးဝေမည်ဖြစ်သည်။ လျှပ်စစ်မီးလင်းရေးအတွက်လည်း ပါဝါဟောစ်လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သည်။ ဆည်တည်ဆောက်ပြီးစီးပါက လျှပ်စစ်မီးနှင့် စိုက်ပျိုးရေကို တစ်ချိန်တည်းတစ်ပြိုင်တည်း ပို့လွှတ်ပေးနိုင်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့သို့ လျှပ်စစ်မီး ရောက်ရှိပြီးပါက ကလေး၀မြို့နှင့် မော်လိုက်မြို့များသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းနိုင်ရေးအတွက် ကလေး-ကလေး၀-မော်လိုက် ၉၅ မိုင် ၆၆ ကေဗီနှင့်ခွဲရုံများ တည်ဆောက်ခြင်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေမှ ကျပ်သန်း ၃၇၀ ဒသမ ၉၀၄ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးတင်လှိုင်က ဆက်လက်ပြောသည်။

လင်းလက်ကြယ်စင်

ကျောက်တလုံးကြီးမြို့နယ်အတွင်းရှိ ထီခွ-ထီခေါင်း ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းသစ်ဖွင့်

ကျောက်တလုံးကြီး ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နယ်အတွင်းရှိ ပင်တွန်ကျေးရွာအုပ်စု၊ ထီခွ-ထီခေါင်း ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၁ နာရီက ထီခေါင်းကျေးရွာရှိ ထီခွ-ထီခေါင်းလမ်းသစ် မင်္ဂလာနေရာ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းသစ်ကို ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးအောင်သာ၊ ကျောက်တလုံးကြီးမြို့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဧရာမင်းနှင့် ပင်တွန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝိဒူရတို့က ဖွင့်လှစ်ပေးခဲ့သည်။

ထီခွ-ထီခေါင်း ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းသည် မြေသားလမ်းအရှည် ၂၈၉၂ ပေရှိသည့်အနက် ၁၈၉၉၀ ပေကို ဒေသခံပြည်သူတို့၏ ထည့်ဝင်ရန်ပုံငွေဖြင့် ဖောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

ဖောက်လုပ်ပြီးစီးသည့် ထီခွ-ထီခေါင်း ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းသစ်သည် ယခင်က သွားလာရန်ခက်ခဲပြီး ယခုအခါ မော်တော်ယဉ်များ၊ စက်ဘီးဆိုင်ကယ်များ လွယ်ကူစွာဖြတ်သန်းမောင်းနှင်နိုင်သဖြင့် ထီခွနှင့်ထီခေါင်းကျေးရွာသာမက အနီးပတ်ဝန်းကျင်ရှိကျေးရွာများပါ သွားလာမှုအဆင်ပြေချောမွေ့နေပြီဖြစ်ကြောင်း ဒေသခံများကပြောသည်။

ဒေသခံတိုင်းရင်းသားပြည်သူတို့မှ ခင်းရန်ကျန်ရှိသည့် ၉၉၃၃ ပေကို ဆက်လက် ခင်းကျင်းပေးရန်အတွက် ဒေသခံများက အကူအ ညီလိုလားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပေါက်ခေါင်းမြို့နယ်တွင် လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှု အခြေခံသင်တန်းဖွင့်

ပေါက်ခေါင်း ဖေဖော်ဝါရီ ၂၅

ကျေးလက်နေတောင်သူလယ်သမားများ လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျ ကိုင်တွယ်မောင်းနှင်နိုင်ရန်နှင့် ပြင်ဆင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သောတောင်သူပညာပေး လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အမှတ်(၅၈) စက်မှု လယ်ယာခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးတင်ကိုက သင်တန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ထွန်စက်နှင့် ထွန်ယက်ကိရိယာများ၏ အခြေခံသဘောတရားများနှင့် ထွန်ယက်မှုဘာသာရပ်၊ လက်တွန်းထွန်စက်များ၏စက်မှုပိုင်းဆိုင်ရာအချက်အလက်များ၊ စပါးခြွေစက်အသုံးပြုနည်းနှင့် ထွန်စက် လက်တွေ့မောင်းနှင်ခြင်းပညာရပ်များကို သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲသို့ မြို့နယ်စိုက်ပျိုးညီနှိုင်းမှုကော်မတီဝင်များ၊ အင်ငါးခွ၊ ငါးခူအိုင်၊ မစိုးရိမ်၊ ရွာရှည်၊ ချောင်းကောင်း၊ သပြေတောင်ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် ယင်းကျေးရွာအုပ်စုများမှ တောင်သူသင်တန်းသား ၃၀ တက်ရောက်ခဲ့ကြသည်။

မျိုးကျော်ကြီး(ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်သိရှိစေရေး မီးငြိမ်းသတ်မှုသရုပ်ပြ

လွိုင်လင် ဖေဖော်ဝါရီ ၂၅

စက်သုံဆီ အရောင်းဆိုင်များသည် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်သိရှိရန်ရည်ရွယ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းတိုးက မီးလောင်ရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မီးလောင်ပါက ဂက်စ်ဘူးများဖြင့် မည်သို့ငြိမ်းသတ်ရမည်ကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် လက်တွေ့မီးငြိမ်းသတ်မှုများကို သရုပ်ပြသခဲ့သည်။

အဆိုပါ မီးငြိမ်းသတ်မှု သရုပ်ပြသပွဲသို့ လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်နှင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များမှ ဆိုင်မန်နေဂျာများ၊ ဆိုင်ဝန်ထမ်းများ တက်ရောက်ကြသည်။

ပွင့်လင်းရာသီ ပူပြင်းခြောက်သွေ့သောရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မီးဘေးအန္တရာယ်ကြောင့် နှစ်စဉ်အသက်အိုးအိမ်များစွာ ဆုံးရှုံးမှုများ ကြုံတွေ့နေရသည်။

မိုးလွင်ဦး(လွိုင်လင်)

ခင်ဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ ငွေကျပ် ၁၀ သိန်းလျှုဒါန်း

ခင်ဦး ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ သီရိအောင်ခင်ဦးမြေကုမ္ပဏီမှ ငွေကျပ် (၁၀) သိန်းလျှုဒါန်းပွဲကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီက ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအောင်မျိုးငြိမ်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေး၊ ဆေးရုံကြီးကြပ်မှုကော်မတီဝင်များ၊ ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းဦးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးက အမှာစကားပြောကြားပြီး မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းဦးက အလျှုငွေလျှုဒါန်းရခြင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် အလျှုငွေကျပ် ၁၀ သိန်းကို ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင် ဦးကျော်သန်းက ပေးအပ်လျှုဒါန်းရာ မြို့နယ်ဆရာဝန်ဦးကျော်နိုင်ကလည်းကောင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာကို ဆေးရုံကြီးကြပ်မှုကော်မတီ ဦးမင်းနိုင်က ပေးအပ်ရာ ဒါရိုက်တာအဖွဲ့ဝင် ဦးမြင့်သန်းကလည်းကောင်း လက်ခံရယူခဲ့ကြသည်။

ခင်ဦးစိုးဝေ

ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့ အခမ်းအနား အင်းစိန်မြို့နယ်တွင် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်အောင်ဆန်းနှစ် ၁၀၀ ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့အခမ်းအနားကို အင်းစိန်မြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း 'ပညာတံခွန်' ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အ. မ. က(၁)၊ ကျောင်းသူလေးများက မြန်မာနိုင်ငံ ကလေးများနေ့အား ကြိုဆိုသောအားဖြင့် 'ဗိုလ်ချုပ်' ကဗျာရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ကာ မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အင်းစိန်မြို့နယ်ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူလေးများမှ အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကလေးများနေ့အကြိုလှုပ်ရှားမှု ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စကားရည်လုပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူကလေးများကို အင်းစိန်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်တို့က ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ NGO အဖွဲ့များ၊ အင်းစိန်မြို့နယ်အတွင်းရှိ ထက်၊ လယ်၊ မူ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ စုစုပေါင်းအင်အား ၇၅၀ ခန့် တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

(၆၈၄)

လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး တို့အတွက် လက်ပန်လှ(11 KV) ဖီဒါအသစ် တိုးချဲ့တည်ဆောက်ပြီးစီး

စဉ်ကူး ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး စဉ်ကူးမြို့နယ်တွင် မီးသုံးများသည့် နွေရာသီကာလအမီ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေးနှင့် ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးတို့အတွက် စဉ်ကူးမြို့နယ် (33/11 KV MVA) ဓာတ်အားရုံခွဲမှ လက်ပန်လှ (11KV) ဖီဒါအသစ် တိုးချဲ့တပ်ဆင်တည်ဆောက်မှုလုပ်ငန်းများ ယခုအခါ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

စဉ်ကူးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲမောင်နှင့် လျှပ်စစ်ဝန်ထမ်းများ၊ New Ever Light ကုမ္ပဏီက တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက်အတွင်း အသစ်တည်ဆောက်ထားသော (11KV) လက်ပန်လှဖီဒါအား (11KV) လိုင်းပေ ၁၅၀၀ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို နွေရာသီအမီ ဆောင်ရွက်နေပြီဖြစ်ရာ ယခင်ကထက် လျှပ်စစ်ဓာတ်အားများ ပိုမို၍ အပြည့်အဝသုံးစွဲနိုင်တော့မည်ဖြစ်သည်။

စဉ်ကူးမြို့နယ်တွင် ယခင်က ယခုလိုနွေရာသီရောက်ရှိသည်နှင့် အတန်းတင်စာမေးပွဲများ၊ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပသည့်အချိန်များ၌ မီးများမကြာခဏပြတ်တောက်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ညအခါစာကျက်ရာတွင် အခက်အခဲများရှိနေခဲ့ကြောင်း သိရသည်။

ယခုအခါ New Ever Light ကုမ္ပဏီက အကုန်အကျခံ၍ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေးနှင့် ဓာတ်အားအပြည့်အဝရရှိရေးတို့အတွက် ဖီဒါ ကန့်သတ်ဝန်အားခံနိုင်ရည်ရှိသည့် ယခင် Breaker တစ်လုံးတပ်ဆင်ရာမှ Breaker နှစ်လုံးတပ်ဆင်ပြီး ဖီဒါနှစ်လိုင်းခွဲ၍ အသစ်တိုးချဲ့တည်ဆောက်ပေးခြင်းတို့ကြောင့် ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုရာတွင် စာကျက်ရန် မီးအတွက် အခက်အခဲမရှိတော့ခြင်း၊ (33/11 KV 3 MVA) လိုင်းပေါ်ရှိ စဉ်ကူးမြို့အပြင် ကြို့ပင်-လက်ပန်လှ- နတ်တောင်ကျေးရွာများမှ မီးသုံးစွဲသူပြည်သူများအနေဖြင့်လည်း မီးအတွက် ကြောင့်ကြစရာမလိုတော့ဘဲ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဝင်းမောင်(စဉ်ကူး)

က-ကညစ် ပေမှာခြစ်၊ ပ-ပေလွှာ ရေးဖွဲ့ရာ၊ စ-စက္ကူ ဖွေးဖြူဖြူ

ကိုရင်ညြ

သာပေါင်းစက္ကူစက်ရုံ စက်မလည်ပတ်ရခြင်းမှာ သဘာဝဓာတ်ငွေ့အခက်အခဲကြောင့် ဖြစ်ကြောင်း၊ ဓာတ်ငွေ့ပိုက်လိုင်းသည် ကန်ကြီးဒေါင့်ဓာတ်မြေသြဇာ စက်ရုံနှင့် တစ်လိုင်းတည်းဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးအတွက်အဓိကကျသော ဓာတ်မြေသြဇာ ထုတ်လုပ်နိုင်ဖို့ ဦးစားပေးခဲ့

ကျွန်ုပ်တို့၏ကမ္ဘာကြီးသည် ယနေ့မျက်မှောက်ကာလ၌ တစ်နှစ်လျှင် စက္ကူတန်ချိန် သန်း ၃၀၀ ခန့်ထိ သုံးစွဲသည်ဟု လေ့လာမှတ်သားခဲ့ရဖူးလေ၏။

ကျွန်ုပ်တို့သည် အီလက်ထရွန်နစ်ခေတ်ကြီးကို ဖြတ်ကျော်နေကြချိန်တွင် 'စက္ကူမဲ့' (Paperless) လူနေမှုဘဝကိုထူထောင်ရန် စဉ်းစားနေကြပြီဆိုသည့် တိုင်အောင် စက္ကူထုတ်ကုန်အပေါ် အလွန်အမင်း မှီခိုအားထားနေကြရဆဲဖြစ်သည်။ စက္ကူမဲ့ခေတ်သို့ရောက်ရန်ဟူသည်ကား ခရီးရှည်ခရီတက်ပွဲပမာ ပန်းတိုင်ရောက်ရန် အလှမ်းဝေးလှပါသေးသည်။

တစ်ကမ္ဘာလုံးအရေးပါလှသည့် စက္ကူနှင့်ပတ်သက်၍ ကမ္ဘာတစ်လွှားထင်ရှားသည့် အဆိုအမိန့်တစ်ရပ်ကို ကျွန်ုပ်မမေ့နိုင်ပေ။ "ရှေးရိုးဆန်အတိုက်အခံဟူသမျှ စက္ကူကျားများသာဖြစ်သည်"ဟု တရုတ်ခေါင်း ဆောင်ကြီး မော်စီတုန်းက ဆိုမိန့်ခဲ့ဖူးသည်။

ဝေါဟာရသမိုင်း (နိရုတ္တိ) ကို စေ့ငုသော် Paper ဟူသော ဝေါဟာရဇာစ်မြစ် Papyrus ကို တွေ့ရသည်။ 'ပါပိုင်းရပ်စ်' ဟူသည်ကား ရှေးဟောင်းအီဂျစ်နိုင်ငံ၌ သုံးသော ကျူရိုးချပ်ဖြစ်သည်။ ကျူပင်ကျူရိုးများကို ခုတ်ဖြတ်၍ အတွင်းသားများကိုနှွင်ပြီးသော်အပြင် အကာသားများကိုသာချန်လျက် တစ်ရိုးချင်း တစ်လွှာချင်း ကော်ဖြင့်ဆက်ပြီး အလိပ်လိုက်ပြု၍ ရေးရသော ပစ္စည်း ဖြစ်သည်။ ကျူရိုးလိပ်သည် ရှေးအခါ ကာလက စာအုပ်ပင်ဖြစ်သည်။ ကျူရိုးချပ်ပေါ်တွင်ရေးမှတ်သော သင်္ကေတမှာ 'အရုပ်စာရေးနည်း' (Hieroglyph) ဖြစ်ပြီး ကျူရိုးကလောင်တံဖြင့်ပင် ရေးမှတ်ရသည်ဟု ကျွန်ုပ်မှတ်သားဖူး၏။

ကျွန်ုပ်တို့မြန်မာဝေါဟာရတွင် 'ကျမ်း' ဟူသော ဝေါဟာရရှိသည်။ စက္ကူနှင့်စာအုပ်မပေါ်မီပေဖူး၊ ထန်းဖူးတို့ကို ကညစ်ဖြင့်ရေးသားခဲ့ကြသည်။ ပေထုပ်ကြာရှည်ခံစေရန်နှင့် စုစည်းကျစ်လျစ်စေရန် ပေရွက် နှင့်အလျားတူ အနံတူ သစ်သားချပ်ပြားများကို အထက်တစ်ချပ်၊ အောက်တစ်ချပ်ခံ၍ ကြိုးဖြင့်သီကာ သိမ်းဆည်းခဲ့ကြသည်။

မြန်မာဝေါဟာရတွင် 'စာအုပ်' ဟူသောဝေါဟာရသည် ကုန်းဘောင်ခေတ်နှင့် ယင်းခေတ်လွန်ကာလ ခေတ်မီပုံနှိပ်လုပ်ငန်း ပေါ်ပေါက်လာချိန်ကျမှသာ သုံးစွဲခြင်းဖြစ်တန်ရာ၏။ မည်သို့ဆိုစေ စာတိုပေစ ပြုစုခြင်းအမှု၌ ဝါသနာထုံသောကျွန်ုပ်မှာ နေ့စဉ်လိုလိုပင် စက္ကူပေါ်တွင် ကုတ်ခြစ်ကာ တောရေးတောင်ရေး ရေးနေမိလေ၏။

စာရေးခြင်းအတတ်၊ ရေးမှတ်ရန်စက္ကူ ပုံနှိပ်ခြင်းအတတ်နှင့် စက်မှုပညာတို့ပေါင်းစည်းရာမှ လူတို့၏ မိတ်ဆွေစာအုပ်စာပေဟူ၍ ရှိလာရသည်မဟုတ်ပါလော။

ပြည်ကြီးတွင်လစ် ဂန္ဓာလရာဇ၏ ဟန်မင်းဆက် ကာလအတွင်း စက္ကူကို နန်းတွင်းမျူးမတ်တစ်ဦးဖြစ်သူ ချိုက်လွန်က တီထွင်ခဲ့သည်ဟု ကျွန်ုပ်မှတ်သားဖူးသည်။ ရှေးဟောင်းပိုးလမ်းမကြီးမှတစ်ဆင့် စက္ကူလုပ်သည့် အတတ် ဥရောပသိုးဆောင်းလူမျိုးတို့ထံ ပျံ့နှံ့ရောက်ရှိခဲ့သည်။ စာတစ်လုံးချင်းစီပြီးရိုက်ရသော စာလုံးမျိုးနှင့် ပုံနှိပ်စက်ကို ဂူတင်ဘတ်က ၁၅ ရာစုအစတွင် ဥရောပတိုက်၌ စတင်တီထွင်ခဲ့သည်ဟု ပြောစမှတ်ပြုကြသည်။

မင်းတုန်းမင်းကြီးလက်ထက်က မန္တလေး ရွှေမြို့တော်၊ ရွှေကြီးမြင့် (ရွှေကျီးမြင်) ဘုရားတောင်ဘက်မှခ်တည့်တည့်တွင် ပုံနှိပ်စက်တည်ခဲ့ပြီး ရတနာပုံနေပြည်တော်သတင်းစာကို ထုတ်ဝေခဲ့သည်။

ကိုယ့်မင်းကိုယ်ချင်းခေတ်က အစတည်ခဲ့သော ရတနာပုံနေပြည်တော် သတင်းစာမှသည် ယနေ့ကာလ သတင်းစာမျိုးစုံပေါ်ထွန်းလာချိန်အထိ သတင်းယဉ်ကျေးမှု မြင့်မားတိုးတက်မှုအတွက် စက္ကူထုတ်လုပ်နိုင်မှုက အရေးပါလေသည်။

ကျွန်ုပ်တို့အာရှတိုက်သားများသည် ကမ္ဘာပေါ်တွင် သတင်းစာအဖတ်ဆုံးဖြစ်ကြပြီး သတင်းစာမဖတ်ရလျှင် အိပ်မပျော်တတ်ကြသူများဖြစ်ကြသည်။

ကျွန်ုပ်သည် ၁၉၉၉ ခုနှစ်က အိန္ဒိယနိုင်ငံ၌ ပညာတော်သင်အဖြစ်ရောက်ရှိနေခိုက် ယင်းနိုင်ငံသတင်းစာလောက ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပုံကို သတိပြုမိ၏။ အိန္ဒိယနိုင်ငံ၌ သတင်းစာမျိုးစုံ လင်သလို အများပြည်သူတို့ ဝယ်ယူဖတ်ရှုနိုင်အောင်လည်း စျေးချိုလှ သည်။ ဟင်ဒီဘာသာဖြင့်ထုတ်ဝေသော Dainik Jagran သတင်းစာမှာ စောင်ရေ ၁၅ သန်းကျော်ရှိပြီး Hindstan သတင်းစာက စောင်ရေ ၁၄ သန်းဖြင့် ဒုတိယနေရာ၌ ရပ်တည်သည်။

ဟင်ဒီစာမတတ်သည့် ကျွန်ုပ်မှာ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော Times of India သတင်းစာကို အင်္ဂလိပ်စာ မတောက်တခေါက်ဖြင့် ကြိုးစားဖတ်ခဲ့ရဖူးလေသည်။ ယင်း သတင်းစာမှာ စောင်ရေ ၇ သန်းရှိသည်။

နွားနို့ပေါသည့်နိုင်ငံ၊ သတင်းစာပေါသည့်နိုင်ငံ ဖြစ်သည့် အိန္ဒိယနိုင်ငံ၌ သတင်းစာစက္ကူ (Newsprint) သုံးစွဲမှု ကိန်းဂဏန်းများ ကြောက်ခမန်းလိလိ ကြီးမားလှပါတကားဟု ကျွန်ုပ်တွေးတောမိ၏။

ကမ္ဘာပေါ်တွင် သတင်းစာစက္ကူကို တီထွင်ခဲ့သူမှာ ကနေဒါလူမျိုး Charles Fenerty ဆိုသူဖြစ်သည်ဟု ကျွန်ုပ်မှတ်သားမိ၏။

ထိုစဉ်အတွင်း မြောက်အမေရိကတိုက်၌ ၂၀၁၄ ခုနှစ်တွင် သတင်းစာစက္ကူဝယ်လိုအား ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ကနေဒါနိုင်ငံရှိ ပျော့ဖတ်နှင့် စက္ကူကောင်စီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ မြောက်ကမ္ဘာလုံးခြမ်းတွင် အီလက်ထရွန်နစ်ခေတ်၏ ပြယုဂ်အဖြစ် သတင်းစာစက္ကူဝယ်လိုအား ၁၅ နှစ် ဆက်တိုက် ကျဆင်းလာခဲ့သည်ဆိုသည့်တိုင် သတင်းစာစက္ကူဝယ်လိုအားမှာ ၂၀၁၄ ခုနှစ်တွင် တန်ချိန် ၆ သန်းခွဲမျှရှိနေသည်ဟု သိရပြန်သည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ ယနေ့ကာလ စက္ကူသုံးစွဲမှုမှာ တန်ချိန် သန်း ၃၀၀ ခန့်ရှိနေဆဲဖြစ်သည်။ စက္ကူပျော့ဖတ်ပြုလုပ်ရန် အသင့်တော်ဆုံးကုန်ကြမ်းမှာ ဝါးဖြစ်သည်။ သတင်းစာဟောင်းများ၊ မဂ္ဂဇင်း ဟောင်းများ စသည်တို့မှ တစ်ကျော့ပြန်ထုတ်လုပ်မှု ၃၈ သန်းခန့်ရှိသည်ဆို၏။

ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံများသည် စက္ကူသုံးစွဲမှုအများဆုံးနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်နေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း နိစ္စဝှေ့ လူနေမှုဘဝအတွက် စက္ကူဝယ်လိုအား မြင့်မားနေဆဲပင်။

AAကုမ္ပဏီသည် ဝါးမှစက္ကူထုတ်လုပ်မည်မဟုတ်ဘဲ သစ်မှ ထုတ်လုပ်ရန် စိုက်ခင်းထူထောင်သွားမည်၊ စက်ရုံအတွက် လျှပ်စစ်ဓာတ်အားကို ကိုယ်တိုင်ထုတ်လုပ်မည်၊ ပိုလျှံဓာတ်အားကို စက်ရုံပတ်ဝန်းကျင်ဒေသများသို့ သက်သာသော နှုန်းထားဖြင့် ဖြန့်ဖြူးပေးမည်

စက္ကူထုတ်လုပ်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေးအတွက် ဂေဟစနစ်နှင့်ကိုက်ညီသော စက်မှုနည်းပညာသစ်များကို သုတေသနပြုဖော်ထုတ်လျက်ရှိကြပြီး စက္ကူထုတ်လုပ်ရန် ကုမ္ပဏီများက ပုဂ္ဂလိကပိုင်သစ်တောစိုက်ခင်းများကို ထူထောင်လာကြလေပြီ။

မကြာမီက အကြီးစားစက်မှုဝန်ကြီးဌာနမှ မိတ်ဆွေတစ်ဦးနှင့်ဆုံစည်းခဲ့ရာတွင် ဧရာဝတီတိုင်းဒေသကြီးရှိ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) ပြန်လည် စက်လည်ပတ်တော့မည်ဟု ကျွန်ုပ်သိရလေသည်။

သာပေါင်းစက္ကူစက်ရုံ စက်မလည်နိုင်သည်မှာ အတော်ကြာမြင့်ခဲ့ပါပြီ။ ဝါးမဝယ်နိုင်တော့သည်မှာလည်း လေးနှစ်ခန့်ရှိပြီဟု သူကဆို၏။

သာပေါင်းစက္ကူစက်ရုံ စက်မလည်ပတ်ရခြင်းမှာ သဘာဝဓာတ်ငွေ့အခက်အခဲကြောင့်ဖြစ်ကြောင်း၊ ဓာတ်ငွေ့ပိုက်လိုင်းသည် ကန်ကြီးဒေါင့်ဓာတ်မြေသြဇာ စက်ရုံနှင့် တစ်လိုင်းတည်းဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးအတွက်အဓိကကျသော ဓာတ်မြေသြဇာထုတ်လုပ်နိုင်ဖို့ ဦးစားပေးခဲ့ကြောင်း၊ သို့ဖြစ်၍ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ဓာတ်မြေသြဇာစက်ရုံပြုပြင်ထိန်းသိမ်းရေးပြုလုပ်ချိန် (Annual Shutdow) ကာလ (တစ်နှစ်တွင် တစ်လခန့်) မျှသာ စက်လည်ကြောင်း၊ အကျိုးဆက်တစ်ရပ်အဖြစ် ဒေသဝါးတောင်သူများနှင့် ဝါးခုတ်လုပ်သားများ၏ဘဝ ချိမြန်မှုမရှိတော့ကြောင်း သူကရှင်းပြသည်။

"သာပေါင်းစက္ကူစက်ရုံကြီး စလည်ပတ်ပါပြီဆိုကတည်းက ဒီနေ့ထိသုံးစွဲခဲ့တဲ့ ဝါးတန်ချိန်ဟာ ၇ သိန်းလောက်ပဲရှိတယ်။ ဘုရားကြီး၊ ကမ်းနီ၊ ရေကြည်၊ သာပေါင်း၊ ဝွန့် ငါးသိုင်းချောင်းလွှသေတွေကပဲ ခုတ်ယူခဲ့ပါတယ်။ ဝါးကုန်ကြမ်းရရှိနိုင်မှုအနေအထားကို သိရှိနိုင်ဖို့ ၂၀၀၀ ပြည့်နှစ်လောက်မှာ Suntac ကုမ္ပဏီရဲ့ ပြိုဟ်တုနည်းပညာနဲ့ မြေပြင်ကွင်းဆင်းအဖွဲ့တို့ ပေါင်းစပ်ပြီး ခန့်မှန်းတွက်ချက်ခဲ့တယ်။ ဧရာဝတီတိုင်းဒေသကြီးက တစ်နှစ်ကိုဝါးတန်ချိန် ၃ သိန်းလောက် ပုံမှန်ထုတ်လုပ်ရရှိနိုင်မယ်ဆိုတာ တွေ့ရှိခဲ့ရပါတယ်။ ခုတ်ပတ်လည်စနစ်နဲ့ နည်းစနစ်ကျကျ ခုတ်ယူနိုင်မယ်ဆိုရင်တော့ စဉ်ဆက်မပြတ် ခုတ်ယူသုံးစွဲနိုင်မှာ အမှန်ပါပဲ။

"သုံးနှစ်သားဝါးကို ခုတ်၊ နှစ်နှစ်သားဝါးကို ချန်၊ တစ်နှစ်သားဝါးကို ထိန်းဆိုပြီး ခုတ်၊ ချန်၊ ထိန်းနည်းစဉ်တောင်သူတွေသိအောင် တတ်နိုင်သလောက် ပညာပေးခဲ့ပါတယ်။ စက်ရုံရဲ့အတိုင်းအတာနဲ့ ဝါးတောတွေ ထိန်းသိမ်းနိုင်မှုကို လက်တစ်ဆုံးလိုက်ပါဆောင်ရွက်ခဲ့ကြဖူးပါတယ်။

"၂၀၀၈-၂၀၀၉ ခုနှစ်လောက်ကစပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ နေရာအနှံ့ ဝါးတွေပန်းပွင့်ကြပါတယ်။ ဝါးပွင့်ပြီးရင်တော့ တစ်တောလုံးသေပြီး ခြောက်သွားကြပါတယ်။ ဒါကလည်း နှစ်ပေါင်း ၃၀၊ ၄၀ လောက်မှ တစ်ကြိမ် ဖြစ်တတ်တဲ့သဘာဝပါ။ သာပေါင်းစက်ရုံက ဝါးမဝယ်နိုင်တာ လေးနှစ်လောက်ရှိပြီဆိုပေမဲ့ ဝါးတော ပြန်းနေပြီဆိုတဲ့အသံတွေ ပေါ်ထွက်နေတယ်။

"ဝါးတောကြီးတွေ ဘယ်တော့မှ နာလန်မထူလာနိုင်တော့ဘူးဆိုရင်တော့ စက်ရုံရဲ့စနက်မကင်းသလို ဒေသခံပြည်သူတွေရဲ့ အသိပညာနည်းမှုနဲ့ အလိုရမ္မက်ကြီးမှုတွေက အဓိကပါဝင်ပါတယ်။ ထို့အတူ တာဝန်ရှိသူတွေက ဒီထက် ပိုပြီး စည်းကမ်းတင်းကြပ်ဖို့နဲ့ ပြည်သူတွေကိုလည်း ပညာပေးဖို့ အထူးတာဝန်ရှိနေတယ်လို့ သုံးသပ်မိပါတယ်" ဟူ၍ ကျွန်ုပ်၏ မိတ်ဆွေကြီးက ရင်ဖွင့်သည်။

စက်မှုဝန်ကြီးဌာနသည် အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)ကို နှစ်ရှည်ငှားရမ်းလုပ်ကိုင်နိုင်ရန် တင်ဒါခေါ်ယူခဲ့ရာတွင် စက်ရုံ၏ငှားရမ်းစျေးနှုန်း အမြင့်ဆုံးပေးနိုင်မှုအပြင် နည်းပညာမြင့်မားပြီး ကိုယ်ပိုင်လျှပ်စစ်ဓာတ်အား ထုတ်လုပ်အသုံးပြုသွားရန် အဆိုပြုသော Double A (AA) ကုမ္ပဏီ တင်ဒါအောင်မြင်ခဲ့သည်ဟု သိရသည်။

AA ကုမ္ပဏီသည် ဝါးမှစက္ကူထုတ်လုပ်မည်မဟုတ်ဘဲ သစ်မှထုတ်လုပ်ရန် စိုက်ခင်းထူထောင်သွားမည်ဟု သိရသည်။ ၎င်းအပြင် စက်ရုံအတွက်လိုအပ်သော လျှပ်စစ်ဓာတ်အားကို ကိုယ်တိုင်ထုတ်လုပ်မည်ဖြစ်သည်။ ပိုလျှံဓာတ်အားကို စက်ရုံပတ်ဝန်းကျင်ဒေသများသို့ သက်သာသောနှုန်းထားဖြင့် ဖြန့်ဖြူးပေးမည်။ Biomass Power Plant အတွက် Napier Grass လိုမျိုး Power Tree စိုက်ပျိုးခွင့်ရရှိရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းနေကြောင်း သူကပြောကြားလေသည်။

ကျွန်ုပ်တို့ငယ်စဉ်က 'က-ကညစ် ပေမှာခြစ်' ဟုစာသင်ခန်းအတွင်း သံပြိုင်ဟစ်ကြွေးခဲ့ကြဖူးသည်။ လွယ်အိတ်ဖြင့် ကျောက်သင်ပုန်းကိုသယ်ကာ ကျောင်းတက်ခဲ့ရပုံကို ယနေ့တိုင် မမေ့နိုင်ပါပေ။ ၂၁ ရာစုခေတ်မောင်တို့မယ်တို့မှာမူ တက်ဘလက်ကွန်ပျူတာဖြင့် မှတ်စုရေးနေကြသည်မှာ အီလက်ထရွန်နစ်ခေတ်ကို လှစ်ဟမူပေလောဟု ကျွန်ုပ်တွေးတောမိ၏။ မျိုးဆက်ကွာဟချက်အရ 'ဒီဂျစ်တယ်' ခေတ်ကို ကျွန်ုပ်လိုက်မမီနိုင်တော့ပေ။ အီလက်ထရွန်နစ်ဦးနှောက်ဖန်တီးသူများကိုမူ ကျွန်ုပ်ဦးညွှတ်မိပါသည်။

စာအုပ်စာပေနှင့် စာပုလွေတို့ကို ဖန်တီးနိုင်ဖို့ အီလက်ထရွန်နစ်ခေတ်ကြီးအတွင်းမှာပင် စက္ကူလိုအပ်ချက်ကို ဖော်ညွှန်းနေသော ပုံပြဂရဖစ်မျဉ်းကွေးအောက်ဘက်သို့ သက်ဆင်းလာနိုင်ဦးမည်မဟုတ်ဟု တွေးတော မိရင်း "က-ကညစ် ပေမှာခြစ်၊ ပ-ပေလွှာ ရေးဖွဲ့ရာ၊ စ-စက္ကူ ဖွေးဖြူဖြူ" ဟူ၍ ငယ်မူပြန်ကာ ကျွန်ုပ် ဟစ်ကြွေးမိလေသတည်း။ ။

❑ ❑ ❑

မွန်ပြည်နယ်ရေးမြို့၌ ဒေသဖွံ့ဖြိုးရေးတွေ့ဆုံဆွေးနွေး

ရေး ဖေဖော်ဝါရီ ၂၅

မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီက မွန်ပြည်နယ် ရေးမြို့ အမျိုးသမီးအသက်မွေးဝမ်းကျောင်း အိမ်တွင်းမှု သင်တန်းကျောင်း၌ အသက်မွေးဝမ်းကျောင်းပညာလက်တွေ့သင်ကြားနေသော သင်တန်းသူများအား အားပေးစကား ပြောကြားခဲ့ပြီး ဆောက်လုပ်ပြီးစီးလျက်ရှိသော သင်တန်းခန်းမဆောင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။ ယင်းနောက် လိုအပ်သည်များကို တာဝန်ရှိများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်ပြီး ဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ မြို့နယ်ကော်မတီ ၄ ရပ်နှင့် ရပ်ကျေးကော်မတီ ၃ ရပ်မှ တာဝန်ရှိသူများအားတွေ့ဆုံဆွေးနွေး အမှာစကားများပြောကြားခဲ့ကြောင်း သိရသည်။

ယင်းသို့ အမှာစကားပြေကြားရာတွင် နိုင်ငံတော်အစိုးအရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေသော ရှေးလုပ်နန်းစဉ်များ ဒေသအတွင်း တရားဥပဒေစိုးမိုးနိုင်ရေးနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ပိုမိုခိုင်မြဲရေး နယ်မြေအတွင်း လုံခြုံရေးအပြည့်အဝရရှိခံစားနိုင်ရေး၊ ပြည်သူများအား အသက်အိုးအိမ် ကာကွယ်စောင့်ရှောက်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေနည်းဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက်ရေး လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရေးမြို့နယ်အတွင်း ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ရပ်ရွာဖွံ့ဖြိုးမှု၊ လမ်းတံတားများ ဆောင်ရွက်မည့် အစီအစဉ်များအားဆွေးနွေးပြောကြားခဲ့သည်။

ထွန်ထွန်(ရေး)

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပေးတစ်နေ့တာ သင်တန်းဖွင့်လှစ်

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၅

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ရှိ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းယုနှင့် ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဖွဲ့ခွဲ အဖွဲ့ဝင် ဦးမောင်မောင်ကွန်းတို့က အမှာစကားပြောကြားခဲ့သည်။

သင်တန်းတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ (ပထမတန်း) ဒုရဲမှူးကြီးဝင်းခိုင်နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များက ရွေးကောက်ပွဲတွင်ရင်ဆိုင်တွေ့ကြုံရမည့် အခြေအနေများနှင့် ရဲတပ်ဖွဲ့ဝင်များ၏ အဓိကအခန်းကဏ္ဍတစ်ခုဖြစ်သည့် လုံခြုံရေးဆိုင်ရာအစီအမံများ၊ အခြေအနေများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။ ပြည်နယ်အတွင်း ခရိုင်များမှ ခရိုင်ရဲတပ်ဖွဲ့မှူးကြီးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် ရဲအရာရှိများ အင်အား ၃၀ ဦးတက်ရောက်ခဲ့သည်။**မိုးယံးကျ(မြစ်ကြီးနား)**

တပ်မတော်သားများအတွက် မွန်ပြည်နယ်မှ အလှူငွေများပေးအပ်

မော်လမြိုင် ဖေဖော်ဝါရီ ၂၅

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရှမ်းပြည်မြောက်ပိုင်း ကိုးကန့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ လောက်ကိုင်ဒေသတွင် နိုင်ငံတော် လုံခြုံရေးတာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားကြသည့် တပ်မတော်သားများ၊ ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများနှင့် ကျန်ရှိသောမိသားစုဝင်များအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အဏ္ဏဝါရိပ်သာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်း အလှူငွေပေးအပ်လှူဒါန်းပွဲသို့ တိုင်းမှူးဗိုလ်ချုပ်တင်မောင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မွန်ပြည်နယ် ဌာနဆိုင်ရာ အကြီးအကဲများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အလှူရှင်အသီးသီးမှ လှူဒါန်းငွေ ကျပ် ၅၀၁၂၅၀၀၀ ကျပ်ကိုလှူဒါန်းရာ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကလက်ခံရယူပြီး၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်ခြင်းသည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး၊ ပထမအကြိမ်အဖြစ် ငွေကျပ်သိန်း ၇၀၀ လှူဒါန်းခဲ့ကာ စုစုပေါင်း ငွေကျပ် ၁၂၀၁၂၅၀၀၀ ကျပ်အား လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

ဆက်နေမင်းအောင်

မြန်မာ့မီးရထားစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မြန်မာ့မီးရထားစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန ဝန်ထမ်းမိသားစု ပျော်ရွှင်ပွဲနှင့် အားကစား ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၄ ရက်အထိ အင်းစိန်မြို့နယ် မြန်မာ့မီးရထားဘောလုံး အားကစားကွင်းကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို နေ့အလိုက်၊ အုပ်စုအလိုက် ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပိုက်ကျော်ခြင်း၊ ဘောလီဘော၊ ဂိုးကျဉ်းW၊ ပြေးခုန်ပစ်၊ လှံပစ်၊ အမြင့်ခုန်၊ စက်ဘီးအနှေးစီး၊ ကျား၊ မ မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ အစရှိသည်တို့ကို ထည့်သွင်းယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မြင့်ဦး(အင်းစိန်)

သတိပေးတားမြစ်ချက်

အောက်ဖော်ပြပါ စာအုပ်တိုက်များ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေးတားမြစ်လိုက်ပါသည်။ (စာပေတိုက်များ)-Today စာအုပ်တိုက်၊ ပါရမီစာပေ၊ ပြည့်စုံစာအုပ်တိုက်၊ ဆုပြည့်စုံထွန်းစာပေ၊ သီဟရတနာစာပေ၊ ကံ့ကော်ဝတ်ရည်စာပေ၊ နန်းဒေဝီစာပေ၊ အလက်ဘဝတ်ရည်စာပေ၊ ငွေသော်တာစာအုပ်တိုက်၊ ချမ်းသာစာပေ၊ Unity စာပေ၊ ရန်အောင်(၁)စာပေ၊ ရွှေသမီးစာပေ၊ နေရီရီစာအုပ်တိုက်၊ ပညာအလင်းပြစာပေတိုက်၊ လှိုင်းသစ်စာပေ၊ မိသားစုစာပေ၊ စိမ်းရောင်စိုစာပေ၊ လောကသရဖူစာအုပ်တိုက်၊ ယဉ်မျိုးစာပေ၊ ဆန်းစသော်တာ၊ အိပ်မက်ရိပ်စာပေ၊ နှစ်ကာလများစာပေတိုက်၊ သူရိယစာပေ၊ ကျော်မွေးစာပေ၊ ရန်အောင်(၂)စာပေ၊ အိပ်မက်ဦးစာပေ၊ လဝန်းရိပ်စာပေ၊ စိတ်ကူးသစ်စာပေ၊ ကျော်စိုးမိုးစာပေ၊ မဇ္ဈိမစာပေ၊ နှင်းဆီဖြူစာပေ ထုတ်ဝေရေး၊ ဇွန်ပွင့်စာအုပ်တိုက်၊ ထက်ထက်အောင်စာပေ၊ စိတ်ကူးချီချီအနုပညာ၊ ရုပ်ပြောင်စာပေ၊ လောကသရဖူ၊ မိခင်ဧရာဝတီစာအုပ်တိုက်၊ လင်းလွန်းခင်စာပေတိုက်၊ လောကနတ်စာပေ၊ စံညွှန်းဆုစာပေ၊ ဆုရောင်စဉ်၊ စာပေခရီးသွား၊ ပဉ္စင်္ဂ၊ မျိုးဆက်သစ်စာပေ၊ လောကနတ်၊ ပင်ဝါးရုံစာပေ၊ ပြိုးစာပေ၊ အလက်ဘာစာပေ၊ ဥတ္တရလမင်းစာပေ၊ Dynasty books ၊ မိုးကျော်သူစာပေ၊ လာဘ်မိုးဆွေစာပေ၊ မိုးခွင်းကြယ်၊ ကြည်လှမောင်စာပေ၊ နဂါးပျံစာပေ၊ လူထုကြီးပွားရေးစာအုပ်တိုက်၊ စိန်မိုးယံစာအုပ်တိုက်၊ ကောင်းသန့်စာပေ၊ ရတနာပုံစာအုပ်တိုက်က ထုတ်ဝေသော စာအုပ်များ၏ စာမူပိုင်ခွင့်ကို စာရေးဆရာကလည်းကောင်း၊ စာအုပ်အဖြစ်ဖန်တီးထုတ်လုပ်မှုအတွက် မူပိုင်ခွင့်ကို သက်ဆိုင်ရာစာအုပ်တိုက်ကလည်းကောင်း၊ ပိုင်ဆိုင်ခွင့်ရှိကြပါသည်။

ထိုသို့ ထုတ်ဝေပြီးသော စာအုပ်များကို အညွှန်းရေးသားခြင်း၊ စာအုပ်စင်ကဏ္ဍတွင် ဖော်ပြခြင်းတို့မှအပ၊ အခြားကိစ္စအရပ်ရပ်ကို မူပိုင်ခွင့်ရှိသူ၏ စာဖြင့်ရေးသားသော ခွင့်ပြုချက်မပါရှိဘဲ စာအုပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်အုပ်လုံးကိုဖြစ်စေ၊ ပုံနှိပ်ခြင်း၊ မိတ္တူကူးယူခြင်း၊ အီလက်ထရွန်နစ်နည်းပညာတစ်ရပ်ရပ်ဖြင့် ကူးယူခြင်း၊ ပုံနှိပ်မီဒီယာများ စီဒီဖြင့်ကူးယူခြင်း၊ ဝက်ဘ်ဆိုက်၊ ဘလော့ဂ်၊ လူမှုကွန်ယက် စသော အွန်လိုင်းမီဒီယာတို့ကို အသုံးပြု ကူးယူဖြန့်ဝေခြင်း စသည်တို့ကို မည်သည့် ရည်ရွယ်ချက်နှင့်မျှ ပြုလုပ်ခွင့်ပြုမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ မည်သူမဆို လိုက်နာခြင်းမရှိပါက တည်ဆဲတရားဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဝင်းလှိုင် (မောင်ရတနာ) LL.B ၊ တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၂၆၆)
အမှတ် - ၄၂ သီရိဧရာလမ်း၊ ဇဝနရပ်ကွက်၊ သယ်နံးကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀ ၉၅၅၅၈၊ ၀၉ ၂၅၄၃၅၅၄၃

REQUEST FOR EXPRESSIONS OF INTEREST
(CONSULTING SERVICES-FIRMS SELECTION)

The Republic of the Union of Myanmar
Electric Power Project
Credit No:IDA-53060-MM

Assignment Title:Implementation Consultant of CCGT power plant at Thaton, Mon State, Myanmar.
Reference No:MEPE-CS-8

The Ministry of Electric Power has received financing from the World Bank toward the cost of the Electric Power Project, and intends to apply part of the proceeds for consulting services plans to build a105 MW Combined Cycle Gas Turbine (CCGT) Power Plants at Thaton, Mon State, Myanmar. MEPE invites eligible consulting firms("Consultants") to indicate their interest in providing the Services.

The consulting services ("the Services") include the following scopes:

1. ***Project Management***
2. ***Design Audit and Construction Supervision***
3. ***Testing and Commissioning***
4. ***Training and Capacity Development***
5. ***Environment and Social Management***
6. ***Contract Administrative/Financial management***

The Myanma Electric Power Enterprise(MEPE) now invites eligible consulting firms ("Consultants") to indicate their interest in providing the Services. Interested Consultants should provide information demonstrating that they have the required qualifications and relevant experience to perform the Services.

The shortlisting criteria are:

1. The firm should have the general experience in power plant engineering and construction management for at least twenty five(25)years.
2. The firm should have provided consulting services involving design audit and construction supervision for at least two CCGT projects with the capacity of 100MW or over that the firm has successfully competed in the last 10(ten)years;and
3. The firm should have experience of working in the Client's country or similar country environment.

The attention of interested Consultants is drawn to paragraph.1.9 of the World Bank's Guidelines: **Selection and Employment of Consultants [under IBRD Loans and IDA Credits & Grants] by World Bank Borrowers, January 2011("Consultant Guidelines"),** setting forth the World Bank's policy on conflict of interest.

Consultants may associate with other firms in the form of a joint venture or a sub-consultancy to enhance their qualifications.

A Consultant will be selected in accordance with the Quality Cost-based Selection(QCBS) method set out in the Consultant Guidelines.

Further information can be obtained at the address below during office hours (9:30 to 16:30 hours)

Expressions of interest must be delivered in a written form to the address below(in person,or by mail,or by e-mail) by the close of business of **16th March 2015**.

Myanmar Electric Power Enterprise (MEPE)
Attn: U Win Myint, Chief Engineer,
Thermal Power Department
Myanmar Electric Power Enterprise
Ministry of Electric Power
Building No.27, Nay Pyi Taw
The Republic of the Union of Myanmar
Telephone:+9567410443, 410557
Email:gtceoffice@gmail.com

ဗတ်စရာ

ပင်းယခေတ်ကျောက်စာအချို့ကို ပင်းယရွှေစည်းခုံတွင်လေ့လာနိုင်

à တိမ်တမန်

ခေတ်တစ်ခေတ်၏မှတ်တမ်းများကို ထိုခေတ်၏ကျောက်စာများက အဓိကသက်သေပြနေတတ်သည်။ ကျောက်စာမှတ်တမ်းကို ကြည့်ရှုခြင်းဖြင့် ထိုခေတ်၏ လူမှုရေး စီးပွားရေး အယူအဆ ဓလေ့သဘာဝနှင့် အခြားအကြောင်းအရာများစွာကို သုံးသပ်လေ့လာနိုင်သည်။ တစ်စီးရှင်သီဟသူမင်းသည် ပင်းယမြို့ကိုတည်ထားသကဲ့သို့ပင် မြို့တောင်ဘက် စကားအင်းရွာ၌လည်း သတ္တဌာနဝင် ရွှေစည်းခုံစေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့သည်။ ကျောက်စာမှတ်တမ်းအရ စေတီတော်ကို သက္ကရာဇ် ၆၇၄ ခု တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့တွင် တည်ခဲ့ခြင်းဖြစ်သည်။

စည်းခုံတော်ဟူသည့်အတိုင်း ပုဂံရွှေစည်းခုံပုံတူ အောက်ခြေစတုရန်းပစ္စယာ သုံးဆင့်ပေါ်တွင် ဓာတုဂဗ္ဘ (ခေါင်းလောင်းပုံ)တင်၍ အထက်က စေတီပေါက်ထားခြင်းဖြစ်သည်။ ယခုအခါတံတားဦးနှင့် ပင်းယအကြားလမ်း၏အနောက်ဘက် စကားအင်းရွာတွင်တည်ရှိသည်။ စေတီတော်တွင် ပင်းယခေတ်ကျောက်စာများကို အလွယ်တကူလေ့လာနိုင်သည်။ ကျောက်စာမှတ်တမ်းများအရ သက္ကရာဇ် ၆၇၄ ခု ဘရဂုဏ်နှစ် တပေါင်းလပြည့်အား ပင်းယမြို့အားလုံးကို အစိုးရသည့် သိရိတြဘာဝနာဒိတျာ ပဝရသီဟသုရ ဓမ္မရာဇာအမည်ရှိသော မင်းကြီးသည် ပင်းယရွှေစည်းခုံစေတီတော်မြတ်အား အနီးအပါးဝန်းကျင် အင်းရွာနှင့် အလုံးစုံမြေမြောက်ကို မြို့ထုံးဖုတ်တံခါးမှသည် နွားလည်တောင်ငယ်ကိုဝိုက်၍ မြစ်လယ်ကျော မြစ်ကောက်စင်းစင်းခါဖြူဆိပ်ကသည် တောင်ကျပ်ကျကိုမူ၍ မြောက်ကသည်လားရကား ကမ်းရိုးဆိုက်သာသနာ ၅၀၀ တည်စေမှအစ ကျောက်စာရေးထိုးခဲ့သည်။

တစ်စီးရှင်သီဟသူမင်းကြီးသည် စေတီကြီးကို မွမ်းမံပြင်ဆင်ရန် အဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲစေရန်ရည်သန်၍ ဝတ္ထုကံမြေတော်တို့ကို နယ်မြေသတ်မှတ် ကျောက်စာစိုက်ထူထားကာ လှူဒါန်းတော်မူခဲ့သည်။ လှူဒါန်းကြောင်း နောင်လာနောက်သားတို့သိစေရန် အမှတ်အသားပြထားတော်မူခဲ့လေသည်ဟု ရေးထိုးထားခဲ့သည်။

ကျောက်စာ၏အဓိပ္ပာယ်တွင် သက္ကရာဇ် ၆၇၄ ခုနှစ် တပေါင်းလပြည့်နေ့ ပင်းယမြို့နိုင်ငံတော်ကိုအစိုးရသော တစ်စီးရှင်သီဟမင်းကြီးသည် ဤရွှေစည်းခုံစေတီတော်ဘုရားကြီး အားစကားအင်းရွာနှင့် အလုံးစုံမြေမြောက်မြို့ထုံးဖုတ်တံခါးကစ၍ နွားလည်တောင်ငယ်ကိုပတ်ပြီး မြစ်လည်ကျောကောက်ကောက်စင်းစင်း၊ တောင်ခါဖြူဆိပ်ကျောက်တိုင်၊ ၎င်းမှ အနောက်တောင်ချပ်ကြား၊ ၎င်းမှနွားကူးချောင်း၊ ၎င်းမှသူငယ်တော်ကန်ရိုး၊ ၎င်းမှသံလမ်းအထိ ဝတ္ထုကံမြေတော်လှူထားသည်။ ဤလှူထားသော ဝတ္ထုကံမြေတော်ကို ဖျက်ဆီးလုယူသူများအား ဘုရားအဆူဆူခွဲတော်သော်လည်း မကျွတ်ပါစေသား၊ အပ္ပာယ်လေးပုံ၌သာရှိစေသတည်းဟု အဓိပ္ပာယ်ရသည်။ ယခုအခါ ရှေးဟောင်းဇုန်သမိုင်းဝင် ပင်းယမြို့ဟောင်း ပင်းယခေတ်ကျောက်စာမှတ်တမ်းများကို ပင်းယရွှေစည်းခုံတွင် အလွယ်တကူလေ့လာကာ စေတီတည်တော်ကို ဖူးမြော်နိုင်သည်။

ဝက်သက်နှင့် ဂျိုက်သိုး ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံ

ဝါးခယ်မ၊ ဖေဖော်ဝါရီ ၂၅

နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ ဆောင်ရွက်မှုအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီမှစ၍ ရွာလယ်ရပ်ကွက်နှင့် ဆေးရုံရပ်ကွက်တွင် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကာကွယ်ဆေးထိုးမှုအနေဖြင့် အသက်ကိုးလမှ ၁၅ နှစ်အတွင်းရပ်ကွက်အတွင်းရှိ ကလေးငယ်များနှင့် ပထမအကြိမ်တွင် ဆေးထိုးရန်ကျန်သောကလေးငယ်များအား မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးမှုများ ပြုလုပ်ဆောင်ရွက်ရာ ရွာလယ်ရပ်ကွက်အတွင်းရှိ ကလေးငယ် ၁၅၇ ဦးနှင့် ဆေးရုံရပ်ကွက်အတွင်းရှိ ကလေးငယ် ၇၈ ဦးအား ကာကွယ်ဆေးထိုးခြင်းများဆောင်ရွက်ပေးခဲ့သည်။

ကာကွယ်ဆေးထိုးရက်ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ သတ်မှတ်၍ ရင်သွေးငယ်များအား ကာကွယ်ဆေးထိုးပေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **လွမ်းသီဟ**

စက်မှုလယ်ယာစနစ်အကောင်အထည်ဖော်နိုင်ရန် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း(၁/၂၀၁၅)ဖွင့်လှစ်

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ရှိ အမှတ် (၃၅) စက်မှုလယ်ယာစခန်းမှ တောင်သူလယ်သမားများကို စက်မှုလယ်ယာစနစ်အကောင်အထည်ဖော်နိုင်ရန် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းမောင်းနှင်မှုသင်တန်းအား အမှတ် (၃၅) စက်မှုလယ်ယာစခန်း သင်တန်းကျောင်း၌ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းမောင်းနှင်မှုသင်တန်းသို့စက်မှုလယ်ယာဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဦးနိုင်မင်းသူနှင့် မင်္ဂလာဒုံ၊ တိုက်ကြီး၊ ထန်းတပင်၊ မှော်ဘီမြို့နယ်တို့မှ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဌာနမှူးများနှင့် တောင်သူသင်တန်းသား ၃၈ ဦးတို့ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ဦးစီးမှူး ဦးနိုင်မင်းသူက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး တိုက်ကြီးမြို့နယ် အမှတ် (၇၇) စက်မှုလယ်ယာစခန်းမှ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမင်းဆွေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ထောက်ကြန့် အမှတ် (၃၅) စက်မှုလယ်ယာစခန်း မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းထိုက်က သင်ကြားရေးနှင့်ပတ်သက်သော အချက်အလက်များအား အသေးစိတ်ရှင်းလင်းခဲ့ပြီး ယင်းသင်တန်းသည် ရန်ကုန်တိုင်းဒေသကြီး အစီအစဉ်ဖြင့် လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းမောင်းနှင်မှုသင်တန်းကို မြောက်ပိုင်းခရိုင်အတွင်း မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူး၊ မင်္ဂလာဒုံမြို့နယ်များရှိ ကျေးရွာအုပ်စုများမှ တောင်သူသင်တန်းသားများကို ဖွင့်လှစ်ပို့ချသွားမည့်သင်တန်းဖြစ်သည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းမောင်းနှင်မှုသင်တန်းကို ၁၀ ရက်တိတိ စက်မှုလယ်ယာမှ ကျွမ်းကျင်ဝန်ထမ်းများက သင်ကြားပြသပို့ချသွားမှာဖြစ်ပြီး နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပြသ၍ ဒေါင်ဖန်းလက်တွန်းထွန်စက်ဖြင့် လက်တွေ့စက်ကိရိယာမောင်းနှင်ခြင်းကို စတင်သင်ကြားပေးပြီး တောင်သူတစ်ဦးချင်းကိုလည်း စနစ်တကျ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒေါင့်ဖန်းလက်တွန်းထွန်စက်တွင် ထွန်ယက်ကိရိယာများဖြင့် အခြေခံသဘောတရားများနှင့် ထွန်ယက်မှုဘာသာရပ်၊ လက်ကိုင်ရှည်လက်တွန်း ထွန်စက်များ၊ Farm Tillerစက်မှုပိုင်းဆိုင်ရာ အချက်အလက်များ၊ ထွန်စက်မောင်းလက်တွေ့လေ့ကျင့်မှုပုံစံအဆင့်အဆင့် ထွန်စက်ကြီး၊ စပါးခြွေလှေ့စက် အသုံးပြုနည်းတို့ကိုလည်းစာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(၆၈၄)

Police Open Day သန်လျင်တွင် ကျင်းပ

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အထောက်အကူပစ္စည်းများကို ပြည်သူများလေ့လာနိုင်ရန် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့နှင့်ပြည်သူတို့ ခင်မင်ရင်းနှီးစွာဖြင့် ရဲတပ်ဖွဲ့လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ Police Open Day အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့ (အားကစားကွင်း)၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘင်ခရာတီးဝိုင်းဖြင့် ဖွင့်လှစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့များဖြစ်သော လေကြောင်းတပ်ဖွဲ့၊ ရေကြောင်းတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊မှုခင်းရဲတပ်ဖွဲ့၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့၊စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့၊ လှိုင်သာယာ မြို့နယ်ရဲ တပ်ဖွဲ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့တို့မှ အဖွဲ့လိုက်လုပ်ငန်းတာဝန် အသုံးအဆောင်ပစ္စည်းများ၊ ရဲတပ်ဖွဲ့သုံးမော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို ခင်းကျင်းပြသခဲ့ပြီးလေ့လာသူများအား ရှင်းလင်းပြသခဲ့သည်။

အဆိုပါအခမ်းအနားသို့ အမှတ် (၂) လုံခြုံရေးကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်မြင်ဝင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းပိုလ်၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ EU မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ပြည်သူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တီးဝိုင်းက ဧည့်ခံဖျော်ဖြေပြီး အမှတ်တရလက်ဆောင်များပေးအပ်ကာ လက်ကမ်းစာစောင်များဖြန့်ဝေ၍ ပျော်ရွှင်ဖွယ်ကစားနည်းများ ကစားစေပြီး အကျွေးအမွေးဖြင့် ဧည့်ခံခဲ့သည်။ **တင်မောင်ဌေ(သန်လျင်)**

လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

မြို့သစ်၊ ဖေဖော်ဝါရီ ၂၅

မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ကျေးရွာတိုင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းသားများမှ သိလိုသည့်အချက်များကို ရှင်းလင်းဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမောင်မောင်ဦး၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ ဦးစီးအရာရှိ ဒေါက်တာရဲနန္ဒတို့က လမ်း၊ တံတား၊ မီးလင်းရေးနှင့် မွေးမြူရေး၊ ကုသရေးဆိုင်ရာလုပ်ငန်းများကို အသီးသီးဆွေးနွေးပြောကြားခဲ့သည်။

ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ကျေးရွာပေါင်း ၅၃ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၅၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

ကျိုက္ကဆံလမ်းအား ကတ္တရာထပ်ပိုးလွှာခင်း

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၅

တာမွေမြို့နယ်၏ အဓိကလမ်းမကြီးတစ်ခုဖြစ်သော ကျိုက္ကဆံလမ်းအား ဖေဖော်ဝါရီ ၂၃ ရက် ညဦးပိုင်းက AC ကတ္တရာများဖြင့် ခင်းလျက်ရှိသည်။ အဆိုပါထပ်ပိုးလွှာခင်းနေမှုကို မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်လမ်းတံတားတာဝန်ခံ ဦးနေကြည်ဦးနှင့် ဝန်ထမ်းများက ကြပ်မတ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

"အဓိကကတော့ လမ်းပြုပြင်ရင် ယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်ပါတယ်။ ဒီလိုမဖြစ်ရအောင် ညပိုင်းတွေမှာ ယာဉ်ကြောရှင်းတဲ့အချိန်လုပ်ရတာပါ။ ညပိုင်းလုပ်တာက အန္တရာယ်တော့ရှိတယ်။ မီးထိုးပြီးလုပ်ရတာယ်။ လူအင်အားများများနဲ့ ပိုင်းကြည့်ပေးရတယ်။ နောက်ပြီး လမ်းအဟောင်းပေါ်ထပ်ပိုးတင်တာ မဟုတ်ဘူး။ သက်တမ်းကုန်နေတဲ့ကတ္တရာတွေကို အဆင့်မြင့်စက်တွေနဲ့ဖယ်ရှားပြီးမှ တာရှည်ခံအောင် စနစ်တကျခင်းရတာဖြစ်တယ်" ဟု တာဝန်ခံအင်ဂျင်နီယာမှ ရှင်းလင်းပြောပြသည်။

ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ကျိုက္ကဆံလမ်းအား နတ်မောက်လမ်းမှ ကျောက်မြောင်းမီးပွိုင့်ထိပ်ထိ ခင်းကျင်းပြီးဖြစ်၍ မော်တော်ယာဉ်များ အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်သည်။ **(၁၉၇)**

ဆောင်းပါး

သမိုင်းကိုဘာကြောင့်လေ့လာသင့်သလဲ

à ဦးကျော်ဇော(လှသိပ္ပံ၊ရှေ့ဘို)

သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက "သမိုင်းကိုလေ့လာတာဟာ မအအောင်လို့" ဟု တိုတိုနှင့် ထိထိမိမိပြောခဲ့ဖူးသည်။ နိုင်ငံရေးသုခမိန်တစ်ယောက်ကတော့ "မိမိနိုင်ငံ မိမိလူမျိုးရဲ့ သမိုင်းအစဉ်အလာကိုမှမသိတဲ့ နိုင်ငံဟာ ကျွန်ဖြစ်ဖို့မခဲယဉ်းဘူး" ဆိုပြီး ခပ်ကြမ်းကြမ်းပဲ ဝေဖန်ခဲ့သည်။

စာရေးသူအနေနဲ့ကတော့ "နိုင်ငံသားတိုင်းသည် မိမိနိုင်ငံ၏သမိုင်းကို သိကိုသိရမည့် တာဝန်ရှိသည်" ဟု ပြောချင်သည်။ တက္ကသိုလ်ဝင်တန်းအဆင့်တွင်လည်းကောင်း၊ တက္ကသိုလ်အဆင့်တွင်လည်းကောင်း မည်သည့်ဘာသာရပ်ကို သင်ယူရစေကာမူ သမိုင်းကိုတော့ လက်လွတ်ရန်မသင့်ဟု တိုက်တွန်းလိုပါသည်။

နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဟိုအရေး၊ သည်အရေး စသည်အရေးကိစ္စများကို ဆောင်ရွက်ရာတွင် သမိုင်းသိသူနှင့် မသိသူတို့မှာ မည်သို့မျှမတူညီနိုင်တော့ပါ။ စဉ်းစားတွေးခေါ်မြော်မြင်ဆုံးဖြတ်ရာတွင် သမိုင်းက အထောက်အကူလုံးလုံးပြုပါသည်။ အထူးသဖြင့် နိုင်ငံရေးနှင့်ပတ်သက်သော အလုပ်ကိစ္စများကို ဆောင်ရွက်နေကြသူများအတွက် သမိုင်းကိုသိဖို့ ပို၍အရေးကြီးကြောင်း ခေတ်စနစ်များက မီးမောင်းထိုးပြကြသည်။

သမိုင်းကို မည်သို့ရနိုင်သနည်းဆိုသော် စာပေကသာရနိုင်သည်။ သမိုင်းနှင့်ပတ်သက်သော စာပေများကို လေ့လာ၊ ဖတ်ရှု မှတ်သားမှသာ သမိုင်းသိသူဖြစ်နိုင်သည်။ နိုင်ငံတော်တည်ဆောက်ရေးတွင် သမိုင်းသိရှိသူများနှင့် ဖွဲ့စည်းတည်ဆောက်ထားပါက ယင်းအဖွဲ့အစည်းသည် ကျစ်လျစ်ခိုင်မာမည်ဖြစ်ပြီး ဆုံးဖြတ်ချက်များကိုလည်း ကျစ်လစ်ခိုင်မာရဲ့ဝဲ့စွာ ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ထိုမျှလောက် အရေးကြီးပါ၏။

ယနေ့ကမ္ဘာတွင် ဇာတိပုညဂုဏ်မာနရှိသောနိုင်ငံများ တိုးတက်အောင်မြင်ကြသည်။ ထိုသို့မဟုတ်က ကမ္ဘာ့အလယ်တွင် ညှိုးညှိုးငယ်ငယ်နေကြရသည်။ ယင်းသည် သမိုင်းသာဖြစ်သည်။ ယနေ့ကမ္ဘာ၏တိုးတက်မှုသည် အရှိန်အဟုန်ပြင်းလှသည်။ မလိုက်နိုင်ပါက နောက်ကျကျန်ခဲ့မည်မှာ သေချာသည်။

လွန်ခဲ့သောအနှစ် ၂၀ ခန့်ကနှင့် ယနေ့သည် မည်သို့မှမသက်ဆိုင် ယှဉ်မရအောင် ကွာခြားလွန်းလှသည်။ လူသည် အသိပညာအတတ်ပညာများကို နှောင်းလူများတွက် လက်ဆင့်ကမ်းပေးနိုင်ခဲ့သဖြင့်သာ၊ နှောင်းလူများက ရှေးရှေးသောလူများပေးခဲ့သည့် အသိဉာဏ်၊ ဗဟုသုတ၊ သမိုင်းတို့ကို ရယူပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ ယင်းသည် စာပေကလွဲ၍ ဘာမှမရှိပါ။ ထို့ကြောင့် ယနေ့လူများသည် ရှေးရှေးသောကာလကလူများနှင့် မတူတော့ဘဲ ရှေးလူများ၏ ပုံသဏ္ဌာန်တွင်ရပ်၍ ကြည့်ခွင့်ရသည့်အတွက်ကြောင့် ယခုကဲ့သို့ တိုးတက်လာရခြင်းသာဖြစ်သည်။

လူကလွဲ၍ အခြားသက်ရှိတိရိစ္ဆာန်များသည် ထိုသို့မဟုတ်၊ ကမ္ဘာဦးက နွားဇီ၏အသိဉာဏ်သည်၊ ယနေ့နွားဇီ၏ အသိဉာဏ်နှင့် ဘာမျှ ထူးခြားမှုမရှိ၊ အခြားတိရစ္ဆာန်များသည် လည်းထိုနည်းတူသာဖြစ်သည်။ လူသည်သာ လျှင် "လူ" ဟု အမည်ပညတ်ထားသည်အတိုင်း တစ်လူလူ တက်လာနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် စာပေသည်လူ့ဘဝကြီး တစ်ခုလုံး၊ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အကြီးမားဆုံးသော အားကိုးအားထားဖြစ်သည်။ ထို့ကြောင့် စာပေကို ဖတ်ရှုလေ့လာခြင်းသည် အရေးကြီးလှသည်။ ထမင်းမစားလျှင် မဖြစ်သကဲ့သို့ဟု ခံယူထားသင့်သည်။

စာပေဆိုသည်မှာလည်း သမိုင်းထဲက သမိုင်းကဏ္ဍတစ်ရပ်သာဖြစ်သည်။ ယနေ့ဖြစ်ပျက်မှုမှန်သမျှသည် နောက်နေ့တွင် သမိုင်းထဲသို့ ရောက်သွားရသည်။ ထိုနည်းတူ ဆင့်ကဲဆင့်ကဲဖြင့် သမိုင်းဖြစ်စဉ်ကြီး ဖြစ်လာရသည်။

ရှေးအခါက ရာဇဝင်ဟုသင်ကြရသည်။ နောက်ပိုင်းတွင် သမိုင်းဟု အမည်ပြောင်းလဲသင်ကြရသည်။ ရာဇဝင်သည် သမိုင်းထဲပါဝင်သော်လည်း သမိုင်းသည် ရာဇဝင်သက်သက်သာမဟုတ်တော့၊ ရာဇဝင်သည် တစ်ချိန်ကဘုန်းမီးနေလတောက်ပခဲ့သော မင်းဘုရင်များ အကြောင်းဖြစ်ပြီး သမိုင်းက အဆိုပါမင်းဘုရင်များနှင့် ပြည်သူများ၏ နိုင်ငံတော်တည်ဆောက်ရေးအတွက် မည်သို့မည်ပုံဆောင်ရွက်ခဲ့သည်ကို အထူးပြုလေ့လာသော ဘာသာရပ်ဖြစ်သည်။

တချို့က ဝေဖန်ပြောဆိုကြသည်ကို ကြားရဖူးသည် "သမိုင်းဆိုတာ ပြီးပြီပဲ၊ နောက်ကြောင်းပြန်လေ့လာနေလို့ ဘာအသုံးကျမလဲ" ဆိုသည့် စကားလုံးကြီးကြီးဖြင့် ပြောသည့်သူများရှိသည်။ ယင်းတို့မှာ သမိုင်း၏တန်ဖိုးကို မသိ၍သာ ထိုသို့ပြောခြင်းဖြစ်သည်။ ဘာအသုံးကျသနည်းဆိုသည်ကို ရေးရပါက စာတစ်စောင်ပေတစ်ဖွဲ့ရေး၍ပင် ကုန်အံ့မည်မဟုတ် အဓိကအချက်အချို့လောက်သာ တင်ပြရပါလျှင် ယနေ့လူသားကမ္ဘာကြီးသည် အတိတ်ကပေးသော သမိုင်းအပေါ်တွင် အခြေခံပြီး ရပ်တည်ဖွံ့ဖြိုးတိုးတက်လာရသည်ဆိုသည်ကိုတော့ ဆင်ခြင်ကြည့်တိုင်း သိနိုင်သည်။ ယနေ့မြန်မာနိုင်ငံကဲ့သို့ ဗုဒ္ဓဘာသာဝင်အများစုရှိသောနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က ဗုဒ္ဓသမိုင်းကြောင့် ပရိယတ္တိ၊ ပဋိပတ္တိတို့ကို လေ့လာသင်ယူခွင့်ရသည်။ ထိုသို့ဤဤကုန်သော ဗုဒ္ဓသမိုင်းများက အမျိုးဘာသာသာသနာ၏ ရေသောက်မြစ်များဖြစ်သည်။ သရေခေတ္တရာ၊ ဗိသနိုး၊ ဟန်လင်းစသည့် ပျူမြို့ပြနိုင်ငံများ၏သမိုင်းကို ဖော်ထုတ်နိုင်ခဲ့သဖြင့် ယနေ့ကမ္ဘာက ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ ထိုသို့ ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်းဝင်သမိုင်းများ ကမ္ဘာ့နိုင်ငံတိုင်းတွင် မရှိပါ။ အနည်းငယ်သော နိုင်ငံအချို့၌သာ ရှိပါ၏။ ယင်းတွင် မြန်မာနိုင်ငံပါဝင်သည်။ ဤသည်ပင် သမိုင်းလေ့လာခြင်း၏ရလဒ်ဖြစ်သည်။

သမိုင်းကိုလေ့လာခြင်းဖြင့် အတိတ်သမိုင်းကပေးသော သင်ခန်းစာများကို ရသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တည်းဟူသော ကာလယန္တရားကြီးသုံးခုတွင် ပစ္စုပ္ပန်သည်၊ အတိတ်ကိုအခြေခံပြီး ဖြစ်တည်လာရသကဲ့သို့ အနာဂတ်သည်လည်း ပစ္စုပ္ပန်ကိုအခြေပြုပြီး ဖြစ်တည်လာရခြင်းဖြစ်သည်။ ယင်းတို့သည်ပင် သမိုင်းဖြစ်သည်။ သမိုင်းက သင်ခန်းစာများကိုရသည်။ သမိုင်းကဆောင်ရန် ရှောင်ရန်ကို သင်ပေးသည်။ သမိုင်းက လူသားတွေကို သစ္စာရှိစွာဖြင့် အစစသတိပေးသည်။ သွန်သင်ပေးသည် သမိုင်းက လူသားတွေကို ဆုံးမမှုများ လည်းပေးသည်။ သမိုင်းက လူသားမျိုးနွယ်စုများ၏ အောင်မြင်မှု ဆုံးရှုံးမှုများကိုလည်း မီးမောင်းထိုးပြသည်။ မကုန်နိုင်ပါ ဤရွှေ့ဤမျှ ဖတ်ရှုမိလျှင်ပင် သမိုင်းကို မည်သည့်အတွက်ကြောင့် လေ့လာမှတ်သားဖို့သင့်သနည်းဆိုသည်ကို သဘောတွေ့လောက်ပါမည်။ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့်ခရီးစဉ်များကို မောင်းနှင်ရာတွင် သမိုင်းစဉ်ကို မသိပါက လက်ကိုင်ဘီးမပါသော မော်တော်ယဉ်ကို မောင်းနှင်သကဲ့သို့ ဖြစ်မည်။

ထို့ကြောင့် " နိုင်ငံသားတိုင်းသည် သမိုင်းကို သိရမည့်တာဝန်ရှိသည် " ဟုသာ စကားလက်ဆောင်ပါးလိုက်ချင်သည်။

မင်းကင်းမြို့နယ် တောင်တွင်းဒေသ ကျော်ရွာကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံပန္နက်တင်

မင်းကင်း ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၊ တောင်တွင်းဒေသ ကျော်ရွာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံအတွက် ပန္နက်တင်မဂ်လာအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပန္နက်တင်မဂ်လာအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဆောက်လုပ်ရေးကော်မတီဝင်များ တက်ရောက်၍ ပန္နက်တင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆောက်လုပ်မည့် ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံအရွယ်အစားမှာ အလျားပေ ၃၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုးအုတ်ညှပ်၊ သမံတလင်းခင်း (တစ်ထပ်) အမျိုးအစားဖြစ်ပြီး ရွာဦးကျောင်းဆရာတော်က ငွေကျပ် ၁၀ သိန်းလျှဒါန်းပေးခဲ့သည်။

ဆက်လက်လိုအပ်မည့် ကုန်ကျစရိတ်များအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးနိုင်ပါက နိုင်ငံတော်မှ ဆောက်လုပ်ပေးမည့်သတ်မှတ်အဆောက်အအုံပုံစံအတိုင်း ဆောက်လုပ်သွားမည်ဟု ဆရာတော်က မိန့်ကြားခဲ့သည်။ **ချင်းတွင်းသား**

33KV ဓာတ်အားလိုင်းမှ ကြွေသီးများ လဲလှယ်

လွိုင်လင် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် မိုင်းပွန်မြို့မှ မြို့နယ်လျှပ်စစ်မှူးဦးလှကျော်နှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၀ ရက်က မိုင်းပွန်-ဟိုပုံး လျှပ်စစ်ဓာတ်အားလိုင်းတွင် ဓာတ်အားပြတ်တောက်မှုလျော့နည်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် သစ်ကိုင်းများခုတ်ထွင်ရှင်းခြင်း၊ ဓာတ်အားလိုင်းပေါ်ရှိ ကြွေသီးများ အသစ်လဲလှယ်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါ မိုင်းပွန်-ဟိုပုံး ဓာတ်အားလိုင်းတွင် တောင်ကြီးမြို့ခွဲရုံ (၂) မှ 33KV ဓာတ်အားလိုင်း ၃၅ မိုင်သွယ်တန်း၍ မိုင်းပွန်မြို့မှသုံးစွဲသည့် အိမ်ခြေ ၁၅၀၀ ကျော်နှင့် ဟိုပုံး-ထမ်ဆန်းဂူအတွက် အသုံးပြုနေရကြောင်း၊ ယင်းလိုင်းပေါ်ရှိ ကြွေသီးများ အသစ်လဲလှယ်ခြင်းကို မိုးမကျမီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုင်းပွန်လျှပ်စစ်မှူး ဦးလှကျော်ထံမှ သိရသည်။

မိုးလွင်ဦး(လွိုင်လင်)

လွှတ်တော်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

စဉ်ကူး ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး စဉ်ကူးမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြို့နယ်အတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ကူးမြို့နယ် ဖွံ့ဖြိုးရေးအကောင်အထည်ဖော်ရေးအဖွဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရုံးမှ ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းကာ တာဝန်ပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်ညွန့်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးညီမောင်နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်က လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၄၀ နှင့် ပြည်သူထည့်ဝင်ငွေဖြင့် တည်ဆောက်နေသည့် အရှည်ပေ ၃၅×၁ ၂×၈ လက်ပန်လှကျေးရွာအုပ်စု ရုံးပင်ကုန်းကျေးရွာ ဆင်သေချောင်း လှည်းကူးကွန်ကရစ်တံတား တည်ဆောက်နေမှုနှင့် ကျပ်သိန်း ၃၀ ဖြင့် တည်ဆောက်လျက်ရှိသည့် ၂၄×၁၄×၉ ပေရှိသွပ်မိုး၊ အုတ်ခုံခံ၊ နံကပ် ပင်လယ်ကြီးကျေးရွာ ရွှေပင်လယ်စာကြည့်တိုက်တည်ဆောက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆွေဦးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစောထွန်နောင်နှင့် တာဝန်ရှိသူတို့က တည်ဆောက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တာဝန်ရှိသူများက သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပြီးစီးနိုင်ရေး မှာကြားခဲ့သည်။ **ဝင်းမောင်(စဉ်ကူး)**

ဝက်သက်နှင့် ကျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၅

မော်လမြိုင်ကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ပြည်သူလူထုအခြေပြု ဝက်သက်နှင့်ကျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများတွင် ဖေဖော်ဝါရီ ၁၉ ရက်မှစတင်ပြီး ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

ယင်းဝက်သက်နှင့်ကျိုက်သိုးရောဂါကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံရာတွင် အသက် ၉ လမှ ၁၅ နှစ်အောက်ကလေးငယ်များအား မော်လမြိုင်ကျွန်းမြို့ပေါ် ရပ်ကွက်များတွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန ဆရာမများက မြို့နယ်အတွင်းရှိ ကျေးရွာများတွင် စုရပ်များဖွဲ့ပြီး ကွင်းဆင်းထိုးနှံပေးခဲ့သည်။

ယခုအခါ မော်လမြိုင်ကျွန်းမြို့နယ်တွင် ဖေဖော်ဝါရီ ၉ ရက်မှ ၂၁ ရက်ထိ ဝက်သက်နှင့်ကျိုက်သိုးရောဂါ ကာကွယ်ဆေးများကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဆရာမများက ကလေးငယ်ပေါင်း ၂၅၈၅ ဦးတို့အား ကွင်းဆင်းထိုးနှံပေးခဲ့ပြီးဖြစ်သည်။ အဆိုပါဝက်သက်နှင့်ကျိုက်သိုးရောဂါကာကွယ်ဆေးများကို မော်လမြိုင်ကျွန်းမြို့နယ်တွင် ဖေဖော်ဝါရီ ၂၂ ရက်၌ ကောက်သင်းကောက် ဆက်လက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

စိတ်အေးချမ်းမြေ့ဖွယ်နေ့တစ်နေ့

à ညွှေးအောင်(ကြေးမုံ)

ဓာတ်ပုံ-စောသိန်းဝင်း

ဆရာတော်၏တရားစခန်းသည် သဘာဝတောတောင်ဝန်းကျင်၌ တည်ရှိပြီး အေးချမ်းစိတ်ငြိမ် သစ်ရိပ်၊ ဝါးရိပ်များအောက်မှ ယောဂီသူတော်စင်တို့ တရားဘာဝနာပွားများရမှုကြောင့် ကြည်လင်သော သမာဓိကို ကောင်းစွာထူထောင်နိုင်ပြီး . . .

စာရေးသူတို့ သူငယ်ချင်းနှစ်ဦးသည် ဖေဖော်ဝါရီ ၇ ရက်တွင် ရန်ကုန်မှ ရမည်းသင်းမြို့သို့ ထွက်ခွာလာခဲ့ကြသည်။ အကြောင်းမှာ ယင်းမြို့၌ ကျင်းပမည့် ရမည်းသင်းမြို့ ဂုဏ်ဆောင် သီလဝခန်းမဖွင့်ပွဲ၊ စေတနာမွန်ကုသိုလ်ဖြစ်ဆေးခန်းနှင့် လူမှုထူးချွန်စာကြည့်တိုက်ပညာရေးဖောင်ဒေးရှင်း နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ရန်ဖြစ်သည်။

ဖေဖော်ဝါရီ ၈ ရက် နံနက်စောစောပိုင်းတွင် ရမည်းသင်းမြို့နေ ပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ရမည်းသင်းမြို့နယ်အသင်း (ရန်ကုန်)မှ လာရောက်ကြသူတို့သည် ကျော့ရှင်းသပ်ရပ်သည့် ဝတ်စားဆင်ယင်မှုများဖြင့် လှုပ်ရှားနေကြသည်။ အားလုံးတို့သည် အပြုံးကိုယ်စီဖြင့် တစ်ဦးကိုတစ်ဦး နူတ်ဆက်စကားပြောကြသလို လက်ဖက်ရည်ဆိုင်များတွင်လည်း အုပ်စုဖွဲ့ကာမှာယူစားသောက်ပျော်ရွှင်နေပုံကို မြင်တွေ့ရသဖြင့် မြို့သူမြို့သားတို့အတွက် ဂုဏ်ယူဖွယ်နေ့တစ်နေ့ ဖြစ်နေရပေသည်။

ထိုအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပြီး သီလဝခန်းမအား ဖဲကြိုးဖြတ်ဖွင့်ပေးကာ အဖွင့်အမှာစကားပြောကြားရာတွင် "ခန်းမဆိုသည်မှာ စုဝေးတိုင်ပင်ရာ နှီးနှောရာနေရာတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် မြို့တိုင်းမြို့တိုင်းအတွက် မရှိမဖြစ်လိုအပ်သော အဂိါရပ်တစ်ခုဖြစ်ပါကြောင်း၊ ယင်းခန်းမကြီးတွင် ဆွေးနွေးတိုင်ပင်ဆုံးဖြတ်ကြပြီး တာဝန်အသီးသီးကို ခွဲဝေတာဝန်ယူကြကြောင်း၊ တာဝန်ရှိသူများနှင့် တာဝန်သိသူများပေါင်းစပ်ခြင်းဖြင့် များစွာသောအကျိုးရရှိမည်ဖြစ်ပါကြောင်း၊ ယနေ့ ခန်းမဖွင့်ပွဲနှင့်အတူ ကျန်းမာရေးကိစ္စဖြစ်သည့် စေတနာမွန်ကုသိုလ်ဖြစ်ဆေးခန်း၊ ဗဟုသုတဖွံ့ဖြိုးရေးကိစ္စဖြစ်သည့် စာကြည့်တိုက်နှင့် မြို့နယ်ပညာရည်မြင့်မားရေးကိစ္စဖြစ်သည့် ပညာရေးဖောင်ဒေးရှင်းတို့၏ နှစ်ပတ်လည်နှင့် တိုက်ဆိုင်၍ ဖွင့်လှစ်ခြင်းသည် မြို့အတွက် အလွန်မဂ်လာ ရှိပါကြောင်း" စသဖြင့် ထည့်သွင်း ပြောကြားသွားခဲ့သည်။

ထို့နောက် မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းကလည်း ဂုဏ်ပြုစကား ပြောကြားသွားခဲ့ပြီး ခန်းမအတွက်လိုအပ်သည်များ လျှုဒါန်းကြသည့် သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သဖြင့် ခန်းမတစ်ခုလုံး လက်ခုပ်ဩဘာသံများဖြင့် ပြည့်လျှံခဲ့သည်။

ယင်းနောက် လူမှုထူးချွန်ပညာရေးဖောင်ဒေးရှင်းအတွက် လှိုင်သာယာစက်မှုဇုန်ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ငွေကျပ်သိန်း ၁၀၀ လျှုဒါန်းခဲ့သလို ရမည်းသင်းအသင်း (ရန်ကုန်) က လည်းငွေကျပ် ငါးသိန်းကိုလည်း လျှုဒါန်းသွားသည်တို့ကို တွေ့ရှိရပြီး ကျန်အလျှုရှင်များကလည်း နှစ်သိန်း၊ တစ်သိန်းစသဖြင့် လျှုဒါန်းသွားကြသဖြင့် လျှုဒါန်းကြသူကို များစွာဂုဏ်ယူမိခဲ့သည်။

ဆက်လက်၍ ရမည်းသင်းအသင်း (ရန်ကုန်) မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားများ ချီးမြှင့်ပေးသဖြင့် ကျောင်းသား ကျောင်းသူများ၊ မိဘများ၊ တက်ရောက်လာသူတို့အားလုံးသည် ပြီးပျော်လျက်ရှိကြသည်ကို တွေ့မြင်ခဲ့ရသည်။

စာရေးသူတို့နှစ်ဦးသည် အခမ်းအနားပြီးသည်နှင့် ရန်ကုန်သို့ ပြန်ရန် ကားလက်မှတ်ဝယ်၍ မွန်းတည့် ၁၂ နာရီတွင် ရမည်းသင်းမှ ထွက်ခွာလာရာ နေပြည်တော်သို့ မရောက်မီ ရန်ကုန်မှ သူငယ်ချင်း ကိုထွန်းရီက ဖုန်းဆက်လာသည်။ "ကိုဌေးအောင် ခင်ဗျားကို သတင်းတစ်ခုပေးချင်လို့ ခင်ဗျားသွားနိုင်ရင်တော့ ထူးခြားတာလေးတွေ တွေ့ရမယ်။ ဘာသတင်းလဲဆိုတော့ ရန်ကုန်-နေပြည်တော်အမြန်လမ်း ၁၁၅ မိုင်မှာ ဂျာဒီပါလတောင်ရှိတယ်။ အဲဒီတောင်ပေါ်မှာ ဆရာတော်တောင်တွင်း အရှင်ဂျာဒီပါလက ၄၅ ရက် တရား စခန်းဖွင့်ထားတာ အခုရက်ပြည့်တော့မယ် မနက်ဖြန် မနက် ၈ နာရီမှစပြီး တရားစခန်းဝင်ခဲ့သူတွေကို တရားစစ်ဆေးမယ်။ အဲဒီကိုသွားနိုင်ရင်ကောင်းမယ်။ ဗဟုသုတလည်းရတာပေါ့" ဟု ပြောသဖြင့် ပါလာသည့် သူငယ်ချင်းနဲ့ တိုင်ပင်ပြီး ဝင်ဖြစ်အောင် ဝင်လိုက်ပါမယ်ဟု အကြောင်းပြန်လိုက်သည်။

၁၁၅ မိုင် ရောက်တော့ တိုးကိတ်ခ်ဆင်းပြီး ဆရာတော်ဆီ ဖုန်းဆက်လျှောက်ထားလိုက်တော့။ ကားလွှတ်ပြီး ကြိုခိုင်းလိုက်တယ်။ တောင်ပေါ်ရောက်တော့ အေးချမ်းသွားတယ်။ ယာယီပုံစံကျောင်းတော်ကြီးတွေ ဆောက်ထားတာ အကြီးကြီး၊ ဆရာတော်က တရားသွားစစ်တယ်ဆိုလို့ ခေတ္တနားထိုင်စောင့်နေစဉ် ဆရာတော် တရားစစ်ပြီး ရောက်ရှိလာသဖြင့် နှစ်ဦးသား လက်အုပ်ချီကန်တော့၍ လာရင်းအကြောင်းကို ဆရာတော်ထံ လျှောက်ထားတော့ ဆရာတော်က ပြန်လည်မိန့်ကြားလာသည်မှာ "ဒီတရားစခန်းပွဲကို ၄၅ ရက် ကျင်းပခဲ့ကြောင်း၊ မနက်ဖြန်ဆိုရင် ၄၅ ရက်ပြည့်ပြီးဖြစ်သဖြင့် တရားစခန်းဝင်ကြသည့် ယောဂီတွေကို တရားစစ်မယ်။ ပဲခူးတိုင်း သံယနာယကဆရာတော်နဲ့ ဖြူးမြို့နယ် သံယနာယကဆရာတော်တို့ ကြွရောက်ကြမယ်။ မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်သံယာ တော်တို့ကိုလည်း ပင့်လျှောက်ထားကြောင်း၊ ဦးစွာမိန့် ကြားသည်။

တရားစခန်းဖွင့်မည်ကို သတင်းစာ၌ ထည့်သွင်းကြော်ငြာ၍ အသိပေးခဲ့ရာ ယောဂီ၃၀၀ ဟု သတ်မှတ်ခဲ့သော်လည်း ရောက်ရှိလာသူ ယောဂီ ၅၀၀ ခန့် ရောက်လာသဖြင့် ဆရာတော်က အဆင်ပြေအောင် စီစဉ်ပေးခဲ့ရကြောင်း ကြော်ငြာထည့်စဉ်ကတည်းက ဂျာဒီပါလတောင်တရားစခန်း၌ လူတိုင်းအတွက် အကောင်းဆုံးလမ်း၊ အကောင်းဆုံးကျင့်စဉ် သမထ၊ ဝိပဿနာ ကျင့်စဉ်ဖြစ်ကြောင်း အကြောင်းအရာများအားလုံးကို ယုံကြည်မှု မရှိ သံသယ ဖြစ်နေပါက ရဟန်းရှင်လူအားလုံး မိမိကိုယ်တိုင် မည်သူမဆို လာရောက်အားထုတ်ကြည့်ပါလို့ ဖိတ်ခေါ်ခဲ့ကြောင်းကို ဆက်လက်မိန့်ကြားသည်။

ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်း၌ စတင်ကာ တရားစခန်းဝင် ယောဂီများကို တရားစစ်ဆေးပွဲ ကျင်းပရာတွင် စာရေးသူတို့အဖွဲ့သည် အသံဖိုင်မှတ်တမ်းတင်ခြင်း၊ ဓာတ်ပုံမှတ်တမ်းတင်ခြင်းများ ပြုလုပ်ခွင့်ပြု၍ ဓာတ်ပုံရိုက်၊ အသံများဖမ်းယူခဲ့သည်။ ဆရာတော်၏ တရားစခန်းသည် သဘာဝတော တောင်ဝန်းကျင်၌ တည်ရှိသော အေးချမ်းစိတ်ငြိမ် သစ်ရိပ်၊ ဝါးရိပ်များအောက်မှ ယောဂီသူတော်စင်တို့ တရားဘာဝနာပွားများရမှုကြောင့် ကြည်လင်သော သမာဓိကို ကောင်းစွာထူထောင်နိုင်ပြီး ဝိပဿနာ တရားကို ချမ်းမြေ့စွာ ရှုပွားနိုင်ပေသည်။ သူတော်စင်သူတော်ကောင်းတို့ မွေ့လျော်ရာ အရပ်ပေတည်း။

ဆွမ်းကပ်ချိန်တွင် တရားစခန်းဝင်သည့် ယောဂီများထဲမှ ဒေါ်သန်းသန်း(ဖြူးမြို့)၊ ဦးသောင်းရွှေ (ဘိုကလေး)၊ ဒေါ်စောဥမ္မာ(မကွေး)နှင့် မလှိုင် (ရန်ကုန်)တို့ကို တွေ့ဆုံမေးမြန်းရာ ဖြေကြားကြသည့် သူအားလုံးတို့သည် ဝမ်းသာစကားသံများ၊ တရားစခန်းလာရောက်အားထုတ်လိုက်သည့်အတွက် များစွာအကျိုးခံစားရကြောင်းနှင့် ပြည်သူအများတို့သည်လည်း အချိန်ပေးနိုင်က တစ်ကြိမ်မျှ ဤတရားစခန်းသို့ လာရောက်အားထုတ်ကြည့်ပါလို့ ဖိတ်ခေါ်စကားသံများဖြင့် ပြောကြားကြသဖြင့် ပြည်သူအများထံ လက်ဆောင်စကား ဖော်ပြရေးသားလိုက်ပါသည်။ ။

ဗုဒ္ဓစွယ်တော်မြတ်ဒေသစာရီကြွချီအပူဇော်ခံ

ကြေခင်း ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ရဟန်းရှင်လူပြည်သူများ ကြည်ညိုဖူးမြော်နိုင်ကြရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လျှုဒါန်းသည့် ဗုဒ္ဓစွယ်တော်ပွားသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက မြန်အောင်မြို့မှ ကြံခင်းမြို့သို့ ဒေသစာရီကြွချီအပူဇော်ခံရောက်ရှိလာရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့သူမြို့သားများက စည်ကားသိုက်မြိုက်စွာ ကြိုဆိုပင့်ဆောင်ပူဇော်ပြီး ကြံခင်းမြို့တွင်းသို့ လှည့်လည် အပူဇော်ခံကြောင်းသိရသည်။

မသူ(ပြန်/ဆက်)

ပြည်ခရိုင် ရွှေတောင်မြို့နယ် ဌာနဆိုင်ရာတို့၏ ပူးပေါင်းကြိုးကြပ်ကွပ်ကဲမှုဖြင့် မြို့မဈေးကြီး မီးဘေးလုံခြုံရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းက ရွှေတောင်မြို့မဈေးကြီး အတွင်းတွင် ကျင်းပခဲ့ရာ မြို့နယ်အတွေ့တွေ့အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ ဈေးသူ ဈေးသားများ ကြည့်ရှုစဉ်။ (၁၄၃)

ကုံကော်တစ်ထောင် နှစ်(၁၀၀) ပြည့်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

ဘိုကလေး ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပေချောင်းကြီးရွာ ကုံကော်တစ်ထောင်တွင် ကံကော်တစ်ထောင် သာသနာပြုဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဇေ ဘဒ္ဒန္တကေလာသ ဆရာတော်ကြီး ဦးစီး၍ တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့အထိ အနေကဇာတင်ပွဲကြီးကို ၁၅ ရက်တိုင်တိုင် နံနက် ၉ နာရီတွင် နေ့စဉ်ပူဇော် ပွဲကို (ဖေဖော်ဝါရီ ၁၈ ရက်မှ မတ် ၄ ရက်အထိ)၊ တပေါင်းလဆန်း ၁ ရက်မှ ၃ ရက်တွင် တရားပွဲ၊ ၄ ရက်မှ ၈ ရက်ထိ အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ၊ ၉ ရက်တွင် စတုဒိသာကျွေးမွေး၍ ၁၀ရက်တွင် စတုဒိသာကျွေးမွေး ၍ သက်ကြီးပူဇော်ပွဲ (အဘိုး)၊ ၁၁ ရက်တွင် စတုဒိသာကျွေးမွေး၍ သက်ကြီးပူဇော်ပွဲ (အဘွား)၊ ၁၂ ရက်တွင် စတုဒိသာ ကျွေးမွေး၍ နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ၊ ၁၃၊ ၁၄ ရက်နေ့တွင် စတုဒိသာကျွေးမွေး၍ ဒုလ္လဘရဟန်းခံပွဲ၊ ရှင် တစ်ရာပြွဲ၊ သီလရှင်ဝတ်ပွဲ၊ ၁၅ ရက်နေ့တွင် စတုဒိသာကျွေးမွေး၍ ပင့်သံယာ ၁၀၀ တို့အား ရှင်ပြုရဟန်းခံသိက္ခာ ထပ်၊ ရေစက်ချပွဲတို့နှင့် ဇာတ်ပွဲ၊ အငြိမ့်ပွဲတို့ဖြင့် အနယ်နယ်အရပ်ရပ်တို့မှ လာရောက်ကြသော ဘုရားဖူးများဖြင့် စည်ကားနေသည်ကို တွေ့မြင်ခဲ့ရသည်။

(မောင်မောင်သန်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းခွင်ဝင်သင်တန်းဖွင့်

မော်လမြိုင် ဖေဖော်ဝါရီ ၂၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကြီးကြပ်မှုဖြင့် မော်လမြိုင်ခရိုင်နှင့် မြို့နယ်ခြောက်မြို့နယ်၌ ဝန်ထမ်းသစ်များအား မော်လမြိုင်ခရိုင် ဦးစီးမှူး ဦးအောင်လွင်ဦးစီး၍ တာဝန်ရှိသူများက လုပ်ငန်းခွင်ဝင်သင်တန်းကို ဖေဖော်ဝါရီ ၁၆ ရက်က ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၈၈ ဦးတက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

(ကျေးလက်ဦးစီး)

ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် နယ်မြေ(၁၃)(၁၄)(၁၅) တစ်ရပ်ကွက်လုံးရဲ့ ရေနုတ်မြောင်းမှာ ယခုနွေကာလရေများ စီးဆင်းခြင်းမရှိ၊ အမှိုက်များနှင့် ပိတ်ဆို့နေပြီး ရေများဝပ်နေသည်။ အပုပ်နံ့များလည်း ထွက်ပေါ်နေသဖြင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး ရပ်ကွက်၌ သန့်ရှင်းမှုမရှိဖြစ်နေပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးကြည့်ရှုစစ်ဆေးဆောင်ရွက်ပေးစေလိုကြောင်း ရေးသားလိုက်ရပေသည်။

(၅၈၇)

VICTORIA UNIVERSITY COLLEGE

UK - B.E / B.A (Hons) အမှတ်စဉ် (၁) ကျောင်းသားသစ်များ လျှောက်လွှာ ခေါ်ယူခြင်း

၁။ Victoria University College တွင် University of Wolverhampton (UK) မှ တိုက်ရိုက် လာရောက် ပို့ချမည့်ဒီဂရီအဆင့် Business / Engineering (၁)နှစ် / (၂)နှစ် သင်တန်းများ ကို ၂၀၁၅ မတ်လ (၁၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်။

၂။ HND အောင်မြင်သူများ ၊ ပြည်တွင်း B.Tech အောင်မြင်ပြီး *Bridging Course* တက်ရောက် ပြီးသူများ နှင့် ပြည်တွင်း ဘွဲ့ရပြီးသူများ လျှောက်ထားနိုင်သည်။

၃။ သင်တန်းကာလပြီးဆုံးအောင်မြင်ပါက University of Wolverhampton (UK) မှ တိုက်ရိုက် ချီးမြှင့်သည့် ဘာသာရပ်အလိုက်ဒီဂရီဘွဲ့လက်မှတ်များရရှိမည်။

* Victoria University College ကျောင်းသားရေးရာဌာနတွင် အောင်မြင်ကြောင်း အထောက် အထားမူရင်း နှင့် မိတ္တူ၊ ပတ်(စ်)ပို့ခါတ်ပုံ (၃)ပုံ နှင့် အတူဂင်ခွင့်ပုံစံ များကို တောင်းယူ ဖြည့်စွက်ပြီး စတင် လျှောက်ထားနိုင်ပါသည်။

ကျောင်းသားရေးရာဌာန
အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မဂ်လာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၃၀၃၁၃၂၂ ၊ ၃၀၃၁၃၃၊ ၀၉၅၁၁၀၄၇၄

ကံမြင့်ကျောင်းတိုက် မိုးကုတ်ဝိပဿနာ မုံလယ်အထူးတရားပွဲ

ပဲခူး၊ ဆယ်မိုင်ကုန်း၊ မုံလယ်တောရစမ္မရိပ်သာ မုံလယ်ဆရာတော်ကြီး၏တပည့် (၁၃၇၅) ခုနှစ်တွင် အောင်မြင်တော်မူသော အစိုးရသာသနာ့ဇေ(ဓမ္မာစရိယ) အရှင်တေဇနိယမှ ကံမြင့်ကျောင်းတိုက်စမ်းချောင်းတွင် ခန္ဓာဥာဏ်ရောက်သစ္စာ တရားတော်များ ဟောကြားမည်ဖြစ်ပါသဖြင့် ၁-၃-၂၀၁၅ ရက်မှ ၄-၃-၂၀၁၅ ရက်ထိ (၄)ညတိုင် ညစဉ် ၇ နာရီတွင် တရားတော်များကို နာယူနိုင်ရန်အတွက် တရားချစ်ချင် ဓမ္မမိတ်ဆွေအပေါင်းတို့အား ကြွရောက်ကြပါရန် ဖိတ်ကြား အပ်ပါသည်။

အကျိုးဆောင်အဖွဲ့.

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုပန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများ ကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)ရှိ သက်တမ်းလွန်ယာဉ်ဟောင်းအစိတ်အပိုင်းများ ဖြိုတ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်

၂။ တင်ဒါပုံစံ စတင်ထုတ်ယူနိုင်မည့်ရက် - ၂၆-၂-၂၀၁၅ ရက်
တင်ဒါပြတ်မည့်ရက်နှင့်အချိန် - ၆-၃-၂၀၁၅ ရက်၊ ၁၃း၀၀ နာရီ
တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၆-၃-၂၀၁၅ ရက်၊ ၁၃း၁၅ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် မူးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅

ရောင်းရန်ရှိသည်

လက်ရှိ အသုံးပြုလျက်ရှိသော U.S.A မှ လာသော Commercial- Booth Tables -USED- Sofa ထိုင်ခုံများ၊ စားပွဲများ Sofa (1) ယောက်ထိုင်ခုံများ ရောင်းရန်ရှိသည်။ ညှိနှိုင်းစျေး

ဖုန်း-၀၉-၄၂၀၂၅၃၃၁

မွေးနေ့ဆုတောင်းလွှာ

အ. ထ. က(၁) ဒဂုံ Grade-3, F မှ မောင်အောင်ခန့်ကျော်၏ ၂၅-၂-၂၀၁၅ ရက်တွင် ကျရောက်သော (၈)နှစ်ပြည့် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော မိသားစုနှင့်အတူ ပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဘိုးဘိုး-ဦးကျော်မိုး
ဘွားဘွား-ဒေါ်မာမာဦး
ဖေဖေ-ဦးအောင်မျိုးဇော်
မေမေ-ဒေါ်ကြည်ဇာ
ညီမလေး-ပရစ်ဖူး

ကျိုက်ထီးရိုး(နေ့ချင်းပြန်)
AIR-CON-STAREX-HIACE, ANSERTONE
ခရီးဆုံးရောက်ကြေး / မိုင်
+ အလွှား - ရန်ကုန် မှ နံနက်(၅)နာရီ
+ အပြန် - ကင်ပွန်းစခန်းမှ ညနေ(၅)နာရီ
အမတ်ဦး ဝေနု၊ တနင်္ဂနွေ နှင့် ရုံးပိတ်ရက်များ
ဘန်ဦး-ခွင်း/ဗိသားစု/လက်မှတ်ရောင်း/စီးလုံးငှား
09-73494339, 09-8630301

ရိုက်လှဲစွာအထူးကျေးဇူးဥပကာရတင်ရှိခြင်း

(၁၈.၂.၂၀၁၅)ရက်နေ့ ညဉ့်(၉း၃၀)နာရီအချိန်တွင် ဂမုန်းပွင့် Shopping Mall(ကမ္ဘာအေး)၌ ဖြစ်ပွားခဲ့သောမီးလောင်မှုဖြစ်စဉ်တွင် မီးလောင်ကျွမ်းမှုနှင့်မမီမြန်းသည့်တိုင်အောင် အနီးကပ်ကြီးကြပ်ကွပ်ကဲပြီး၊ တာဝန်ယူကူညီဆောင်ရွက်ပေးခဲ့ပါသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်)နှင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်ဝပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးတို့အားလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့မှတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တိုင်းရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အနီးပတ်ဝန်းကျင်မှ ပိုင်းဝန်းကူညီပေးခဲ့ပါသော အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်သူ/သားများအားလုံး၊ မေတ္တာစေတနာရေထားရှိ၍ ဖေးမကူညီစောင့်ရှောက်ပေးခဲ့ပါသော နာရေးကူညီမှုအသင်း၊ သွေးမေတ္တာပရဟိတအသင်း၊ မွန်မြတ်စေတနာအသင်း၊ အပြုံးရောင်သုခအလင်းအသင်း၊ သီဟအသင်းနှင့် အမည်မမှတ်မိ၍ မဖော်ပြနိုင်ခဲ့သော လူမှုရေးအသင်းအဖွဲ့အစည်းများ၊ တာဝန်ကျေပွန်စွာဖြင့် Shopping Mall ကို ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြသော ဂမုန်းပွင့် ကုမ္ပဏီဝန်ထမ်းများအားလုံး၊ ဂရုဏာတရားရှေထား၍ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ E-mail တို့ဖြင့်သော်လည်းကောင်း၊ သတင်းမေးမြန်းကြပါသော မိတ်ဆွေသင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ရှိထိုက်သူ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

